# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


### ပွားစီးတိုးအောင်အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၉ ရက် ကြာသပတေးနေ့။ Thursday, 20 April 2017 (၈၉၀၀)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်

**ရန်ကုန် ဧပြီ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် လူမှုရေးရာနှင့် အလုပ်အကိုင်ရရှိရေးရာဝန်ကြီး H.E. Mr. Lodewijk Asscher ၏ ဖိတ်ကြားချက်အရ နယ်သာလန်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဒုတိယသမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် နယ်သာလန်နိုင်ငံ စကစ်ပိုလေဆိပ်သို့ ရောက်ရှိရာ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Robert Marie Jurg ens နှင့် နယ်သာလန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်သာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



နယ်သာလန်နိုင်ငံသို့ အလုပ်သဘောခရီးသွားရောက်သော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အစိုးရအဖွဲ့နှင့် လွှတ်တော်က အကောင်းဆုံးဖြစ်ရန် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိ



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဖလူးကျေးရွာအုပ်စု ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

**မြဝတီ ဧပြီ ၁၉**

ကရင်ပြည်နယ် မြဝတီမြို့၌ ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့နံနက် ၉ နာရီတွင် မြဝတီမြို့နယ် ဖလူးကျေးရွာအုပ်စု မင်းလက်ပံကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ဖလူးကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒေသခံပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ရပါကြောင်း၊ နိုင်ငံတော်၏ ရသုံးငွေစာရင်းများအရ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးမြှင့်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင်လည်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ ဘဏ္ဍာငွေများ ပိုမိုကျခံသုံးစွဲလျက်ရှိပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးလိုအပ်ချက်များကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများလည်း ပိုမိုပြည့်စုံသွားမည်ဖြစ်ပါကြောင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# အချိန်ယူဆောင်ရွက်မှု ထိရောက်အောင်မြင်

၂၀၁၇ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် မျှော်မှန်းထားသည့်အတိုင်း ပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာ ရလဒ်ကောင်းများ ဆောင်ကြဉ်းလာနိုင်မယ်လို့ မျှော်လင့်ထားကြောင်း၊ ပြင်ဆင်ပြောင်းလဲထားသည့် စီးပွားရေးနယ်ပယ် အခင်းအကျင်းများအရ စီးပွားရေးတိုးတက်မှု သိသိသာသာရရှိလာနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ စိတ်ရှည်သည်းခံစောင့်ဆိုင်းနေကြသည့် ပြည်သူနှင့်အတူ နှစ်သစ်မှာ ဆတက်ထမ်းပိုးတိုးတက်ကောင်းမွန်လာအောင် ကြိုးစားသွားကြမှာဖြစ်ကြောင်း နိုင်ငံတော်သမ္မတက နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာတွင် ပြည်သူများအား အသိပေးပြောကြားခဲ့သည်။

မြန်မာနှစ်သစ်ကူးကာလတွင် ပြည်သူများအတွက် နိုင်ငံတော်သမ္မတ၏ပြောကြားချက်မှာ အားတက်ဖွယ်ဟုဆိုရမည်ဖြစ်သည်။ ပြည်သူများမှာ မျှော်လင့်ခြင်းများစွာဖြင့် ဒီမိုကရေစီအရပ်သားအစိုးရကို တစ်ခဲနက်ရွေးချယ်ခဲ့ကြသည်။ အစိုးရကလည်း ပြည်သူများ၏မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်ကြသည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံနှင့် ပြည်သူအတွက် အကောင်အထည်ဖော်နိုင်သည်များရှိသလို အကောင်အထည်မဖော်နိုင်သေးသည်များလည်းရှိမည်။

မည်သည့်အလုပ်ကိုဆောင်ရွက်သည်ဖြစ်စေ အဟောင်းပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းမှာ အားထုတ်ရမှုနှင့် အကျိုးရလဒ် ကွာခြားပေသည်။ အသစ်ဆောင်ရွက်ခြင်းမှာ လုပ်ရကိုင်ရလွယ်ကူချောမွေ့စေပြီး စိတ်တိုင်းကျလည်း ဖြစ်စေနိုင်သည်။ အဟောင်းပြင်ခြင်းမှာ လုပ်ရကိုင်ရခက်ခဲပြီး အချိန်ကုန်ပင်ပန်းကာ စိတ်တိုင်းကျလည်း မဖြစ်နိုင်ချေ။ နိုင်ငံတစ်နိုင်ငံကို ပြန်လည်ပြုပြင်တည်ဆောက်ရာ၌ ထိုလုပ်နည်းကား အတိုင်းပင်ဖြစ်သည်။

တစ်နှစ်တာကာလအတွင်းမှာပင် နိုင်ငံနှင့်ပြည်သူတို့၏လိုအပ်ချက်များကို ပြန်လည်ပြုပြင်အကောင်အထည်ဖော်ရာ၌ ချို့ယွင်းချက်၊ အားနည်းချက်၊ လိုအပ်ချက်များအား ပြုပြင်ဖာထေးပြင်ဆင်ဆောင်ရွက်နိုင်ရန်မှာ လွယ်ကူလှသည်မဟုတ်ချေ။ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာတွင် ဖြစ်မြောက်နိုင်စွမ်း လေ့လာသုံးသပ်မှုအပေါ်တွင် အခြေခံပြီးမှသာ စတင်အကောင်အထည်ဖော်ရမည်ဖြစ်သည်။ လုပ်ငန်းပမာဏနှင့် လုပ်ငန်းသဘာဝအရ ထိုလုပ်ငန်းဖြစ်မြောက်နိုင်ရန်အတွက် လေ့လာဆန်းစစ်မှုတို့ကို ဆောင်ရွက်ရာတွင် လပိုင်းနှင့်သာ အဖြေရနိုင်သည့် လုပ်ငန်းမျိုးရှိသလို အချို့နှစ်နှင့်ချီ၍ လေ့လာဆန်းစစ်ရမည့်လုပ်ငန်းများလည်းရှိပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကံရာဇာကြီးထုံးကို နှလုံးမူကာဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။ အလျဉ်လို၍ ကံရာဇာငယ်ထုံးကို နှလုံးမူကာ ဆောင်ရွက်မည်ဆိုလျှင် လတ်တလောတွင် အကောင်အထည်ကို မြင်တွေ့နိုင်ရမည်ဖြစ်သော်လည်း ရေရှည်မတည်တံ့မခိုင်မြဲဘဲ ပျက်စီးယိုယွင်းပြီး မအောင်မြင်သည့်ဖြစ်စဉ်များကို မြင်တွေ့ခဲ့ကြရသည်မှာ လက်တွေ့ပင်ဖြစ်သည်။

အချိန်ယူလေ့လာမှု၊ အချိန်ယူဆောင်ရွက်မှု မပြုလုပ်ခဲ့ကြသောကြောင့် ကောင်းကျိုးထက် ဆိုးပြစ်များသာ တွေ့ခဲ့ကြရသည်။ ပြည်သူ့ဘဏ္ဍာငွေများသာ လေလွင့်ပြုန်းတီးမှုဖြစ်ခဲ့ပြီး ပြည်သူများအတွက်လည်း အကျိုးမဖြစ်ထွန်း၊ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံ၏ ရှည်လျားသောသမိုင်းကြောင်းတွင် ဤသို့ ဖြစ်ခဲ့ကြသောကြောင့် လက်ငင်းပြချက်ကောင်းသော်လည်း ရေရှည်တွင် မအောင်မြင်မှုများနှင့်ကြုံတွေ့ရသည်။

သာဓကအားဖြင့် နိုင်ငံတော်ကဆောင်ရွက်ခဲ့သော စီမံကိန်းများစွာအနက် ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှု ဆက်လက်မဖြစ်စေရန်အတွက် စီမံကိန်းလုပ်ငန်း ငါးခုကို လုံးဝပိတ်သိမ်းခဲ့ပြီး လုပ်ငန်းစီမံကိန်း ၂၈ ခုကို လတ်တလောရပ်ဆိုင်းထားရန် ဆန်းစစ်လေ့လာတွေ့ရှိတင်ပြချက်များအရ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးက အတည်ပြုဆုံးဖြတ်ခဲ့သည်ကိုတွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးရေး၊ စီးပွားရေးတိုးတက်ရေးအတွက် အားမလိုအားမရဖြစ်ကြသောပြည်သူများနှင့် စိတ်ရှည်သည်းခံစောင့်စားကြသောပြည်သူများအတွက် နိုင်ငံတော်က အချိန်ယူဆောင်ရွက်ခဲ့သော တစ်နှစ်တာကာလပြီးဆုံးပြီး နှစ်သစ်ကာလမှစ၍ ရလဒ်ကောင်းများ ဆက်လက်ပေါ်ထွက်လာလိမ့်မည်ဟု အသိပေးလိုရင်းဖြစ်ပါသည်။ ။



# နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၁၉**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဦးစီး၍ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ်(၂၆)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက လက်ရှိအစိုးရအနေဖြင့် အငြိမ်းစားဝန်ထမ်းများနှင့် နေအိမ်အခက်အခဲရှိသော ပြည်သူများအတွက် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်၍ နေရာချထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစီအစဉ်မှာ လက်ရှိနိုင်ငံ့တာဝန် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝလုံခြုံစိတ်ချစေရန် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့် အစီအစဉ်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များအားလုံးတွင် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နိုင်ရေးအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများ၊ ပုဂ္ဂလိကဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူတို့၏ နေထိုင်မှုဘဝအဆင်ပြေစေရေးအတွက် နှစ်စဉ် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများဖြင့် လူနေအိမ်ရာများ တည်ဆောက်ပြီး နေအိမ်အခက်အခဲရှိသော ပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများအား တန်ဖိုးသင့်အိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာများကို အရစ်ကျစနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအငြိမ်းစားယူသည့်အခါ နေအိမ်အခက်အခဲ မရှိစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ဆောက်လုပ်ရေးဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နေထိုင်မှုအဆင်ပြေစေရန် တန်ဖိုးသက်သာသော အိမ်ခန်းများကိုတည်ဆောက်ပေးပြီး နှစ်ရှည်အရစ်ကျပေးချေမှုစနစ်ဖြင့် ဝယ်ယူပိုင်ဆိုင်နိုင်မည့်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများ မိမိတို့၏အလုပ်အပေါ် တန်ဖိုးထားဂုဏ်ယူစေခြင်းနှင့် အဂတိလိုက်စားမှုကင်းရှင်းစေခြင်း အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေများ ပေးအပ်

**ပုသိမ် မေ ၁၉**

သင်္ဘောနစ်မြုပ်ရာတွင် သေဆုံးသူများအား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေပေးအပ်ပွဲနှင့် စေတနာရှင်များမှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီခွဲက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီက အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက သင်္ဘောတိမ်းမှောက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေးငွေပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အာမခံလုပ်ငန်းမှ လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထပ်မံသေဆုံး ဆယ်ယူရရှိသူတစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီဖြင့် ငွေကျပ်သိန်း ၅၀၊ မြန်မာ့အာမခံလုပ်ငန်းမှ သေဆုံးသူ ၃၀ အတွက် အသက်အာမခံကြေးထောက်ပံ့ငွေကျပ်သိန်း ၃၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းစီဖြင့် ငွေကျပ်သိန်း ၃၀၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တစ်ဦးလျှင် ငွေကျပ် ငါးသိန်းစီဖြင့် ငွေကျပ်သိန်း ၅၀ တို့အား တာဝန်ရှိသူများက သေဆုံးသူမိသားစုဝင်များသို့ ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေယာဉ်တိမ်းမှောက်မှုတွင် ပါဝင်ခဲ့ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၉**

ရန်ကုန်(ရွှေဈေး) ၉၁၂၀၀၀ - ၉၁၂၀၀၀　　မန္တလေး(ရွှေဈေး) ၉၁၂၀၀၀ - ၉၁၂၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၅ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၃/၆၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၅. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၄၈၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၈၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၀. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၆၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၄. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၁. ၃၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် မေ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့နယ် ဖလူးကျေးရွာအုပ်စု မင်းလက်ပံကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

**❒ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှ**

တိုင်းပြည်၏ စီးပွားရေးပိုမိုကောင်းမွန်လာရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများလိုအပ်မည် ဖြစ်ပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ပြည့်စုံသည့် ဥပဒေတစ်ရပ်ပေါ်ထွက်လာရန် လွှတ်တော်၌ ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ခိုင်မာသည့် ဥပဒေရှိမှသာ ပြည်ပကုမ္ပဏီများ နိုင်ငံအတွင်းသို့ လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံကြမှသာ နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက်ပြောကြားရာတွင် လွှတ်တော်သည် ဥပဒေပြဋ္ဌာန်းရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ တရားစီရင်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့ကိုလည်း အပြန်အလှန်ထိန်းကျောင်းနိုင်ရန် တာဝန်ရှိပါကြောင်း၊ လွှတ်တော်သည် ဥပဒေပြုရေးအာဏာကို ရယူကျင့်သုံးသည့်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပယ်ဖျက်သင့်သည့်ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အသစ်ပြဋ္ဌာန်းလျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရန် အထူးကြိုးစားဆောင်ရွက်နေပါကြောင်းနှင့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိမိတို့ရောက်ရှိချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်လင်းမှန်ကန်စွာတင်ပြဆွေးနွေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါ တင်ပြဆွေးနွေးချက်များကို ထိရောက်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပေးချက်များကိုလည်း ပြည်သူများထံ ပွင့်လင်းမြင်သာစွာ ပြန်လည်အကြောင်းကြားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့နှင့် လွှတ်တော်သည် နိုင်ငံ၏ကဏ္ဍမျိုးစုံကို အကောင်းဆုံးဖြစ်ရန် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးရရှိရေးသည် အဓိကဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရှိမှသာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများမှသာ နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး မေတ္တာနှင့်ယှဉ်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ကျရာနေရာမှ အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြဝတီမြို့နယ် မင်းလက်ပံကျေးရွာ၊ အင်ကြင်းမြိုင်ကျေးရွာနှင့် ကျောက်ခက်ကျေးရွာများမှ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပွင့်လင်းမြင်သာစွာ တင်ပြဆွေးနွေးကြသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ဒေသခံပြည်သူများ၏ တင်ပြဆွေးနွေးချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် တည်ဆောက်ထားသည့် မင်းလက်ပံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ကျောင်းရှေ့လမ်း ကွန်ကရစ်ခင်းခြင်း ပြီးစီးမှုနှင့် မင်းလက်ပံအခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) တို့ကို လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

## မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပွဲ အေးချမ်းပျော်ရွှင်စွာ ကျင်းပပြီးစီး

**မောင်တော မေ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပွဲကို ယနေ့အေးချမ်းပျော်ရွှင်စွာ ပိတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မေ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)က စတင်ကျင်းပခဲ့သော မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်၏ (နောက်ဆုံးနေ့) ပိတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းမှ စတင်ကျင်းပခဲ့ရာ ယိမ်းအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ရခိုင်တိုင်းရင်းသားအဆိုတော်များ၏ ဖျော်ဖြေမှုများဖြင့် ဖျော်ဖြေတင်ဆက်ရာ ပွဲတော်လာပရိသတ်များဖြင့် စည်ကားခဲ့ပြီး ညနေ ၆ နာရီခွဲတွင် မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပိတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့၏ ရခိုင်ရိုးရာသင်္ကြန်ပိတ်ပွဲအခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသား အဆိုတော်များ၊ ယိမ်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများ၊ မောင်တောခရိုင်အတွင်းမှ ရောက်ရှိလာကြသူများ စုစုစည်းစည်းပျော်ပျော်ပါးပါး တက်ရောက်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(ရာမည၊ တင်စိုး)**

■



## သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၉**

လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး (ဖွေးဖွေး-ဆောက်လုပ်ရေးမိသားစု)က မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် ရပ်ကွက်အတွင်းရှိ အဘိုးအဘွားများအတွက် သက်ကြီးပူဇော်ပွဲကျင်းပပြီး (၀ဲပုံ) ငါးအကောင်ရေ နှစ်သောင်းကျော်နှင့် ငှက်အကောင်ရေ ၃၀၀ ကျော် ဘေးမဲ့လွှတ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ခရိုင်မဟာသင်္ကြန်မဏ္ဍပ်ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မဟာသင်္ကြန်မဏ္ဍပ်ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားနှင့် ယိမ်းအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ပွဲကို မေ ၁၆ ရက်(သင်္ကြန်အတက်နေ့) ညနေ ၄ နာရီခွဲတွင် အဆိုပါမဏ္ဍပ်၌ ကျင်းပရာ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ခရိုင်သင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ အနုပညာရှင်များ၊ အဆိုတော်များ၊ ယိမ်းအကအဖွဲ့များအားလုံး စုပေါင်းပြီး မန်းတောင်ရိပ်ခိုသီချင်းဖြင့် ယိမ်းအဖွဲ့များက တပျော်တပါး ကပြဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အကဲဖြတ်ဒိုင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြပြီး ပထမဆုရရှိသည့် အင်းစိန်မြို့နယ်ကိုယ်စားပြု ရွာမအရှေ့ရပ်ကွက်၊ ဒုတိယဆုရရှိသည့် လှည်းကူးမြို့နယ်ကိုယ်စားပြု၊ တတိယဆုရရှိသည့် လှိုင်သာယာမြို့နယ်ကိုယ်စားပြုနှင့် နှစ်သိမ့်ဆုများရရှိသော ကျန်ငါးမြို့နယ်ယိမ်းအဖွဲ့များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၆၈၄)**

## ရေမြောင်းအတွင်း အမှိုက်များ ရှင်းလင်း

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉) ရပ်ကွက်အတွင်း မိုးတွင်းကာလ၌ ရေဝပ်ရေအိုင်များ ကင်းစင်ရန်အတွက် ယနေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ် စည်ပင်သာယာရေး ကော်မတီရုံး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီး၏ လမ်းညွှန်မှုဖြင့် အောင်သုခဈေး တာဝန်ခံ ဦးအေးလွင်၊ အုပ်ချုပ်ရေးမှူး ဦးခင်အောင်ထွန်း အပါအဝင် ဆယ်အိမ်စု ကိုယ်စားလှယ်များ ပူးပေါင်း၍ စက်ယန္တရားများ အသုံးပြုကာ အောင်သုခဈေး အနောက်ဘက် သုမင်္ဂလာလမ်းဘေးဝဲ၊ ယာရှိ ရေမြောင်းများအတွင်းမှ နုန်း၊ အမှိုက်၊ မြက်များဆယ်ယူရှင်းလင်းကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

# 'အမေရိကန်နိုင်ငံသားများကို ငှားရမ်းပါ' မူဝါဒနှင့်အညီ အိပ်ချ်-၁ ဘီ ဗီဇာအစီအစဉ်ကို ပြန်လည်သုံးသပ်ရန် ထရန့်ညွှန်ကြား

**ဝါရှင်တန် မေ ၁၉**

အမေရိကန်ပြည်ထောင်စုအတွင်း ကျွမ်းကျင်မှုမြင့်မားသော နိုင်ငံခြားသား အလုပ်သမားများကို ကုမ္ပဏီများက ငှားရမ်းရာ၌ အသုံးပြုနေသည့် အိပ်ချ်-၁ ဘီ အမျိုးအစား ပြည်ဝင်ခွင့်ဗီဇာကို ပြန်လည်သုံးသပ်ရန် သမ္မတဒေါ်နယ် ထရန့်က ဖက်ဒရယ်အစိုးရဌာနများအား ညွှန်ကြားသည့် အမိန့်တစ်ရပ်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။




အမေရိကန်ထုတ်ပစ္စည်းများကို ဝယ်ယူပါ၊ အမေရိကန်နိုင်ငံသားများကို ငှားရမ်းပါဟူ၍ သမ္မတထရန့်က တိုက်တွန်းလျက် ညွှန်ကြားချက်အမိန့်ကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ် ကီနိုရှာမြို့ရှိ စနက်အွန်အင်ကော်ပိုရိတ်တက်၏ ဌာနချုပ်ရုံးတွင် မေ ၁၈ ရက် မွန်းလွဲပိုင်းက လက်မှတ်ရေးထိုးပွဲ အခမ်းအနားပြုလုပ်ခဲ့သည်။

အိပ်ချ်-၁ ဘီ ပြည်ဝင်ခွင့်ဗီဇာကို နှစ်စဉ်ကံစမ်းမဲဖောက်ပေးသည့်အစီအစဉ်ဖြင့် ထုတ်ပေးနေခြင်းမှာ မှားယွင်းကြောင်း၊ ကျွမ်းကျင်မှုမြင့်မားပြီး လုပ်ခလစာကြီးမားသော အလုပ်နေရာများအတွက် လျှောက်ထားသူများသည် အမေရိကန်နိုင်ငံသားများသာလျှင် ဖြစ်သင့်ကြောင်း ထရန့်က ပြောကြားသည်။

အိပ်ချ်-၁ ဘီ အမျိုးအစား ဗီဇာအစီအစဉ်ကို အစိုးရဌာနများက ပြန်လည်သုံးသပ်စိစစ်မှုပြုလုပ်ရန် ညွှန်ကြားသည့် အမိန့်ဒီဂရီကို သမ္မတထရန့်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စနက်အွန်ကုမ္ပဏီမှ ဝန်ထမ်းများ၊ အစိုးရတာဝန်ရှိသူများနှင့် ဒေသန္တရအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ကြသည်။

အိပ်ချ်-၁ ဘီ အမျိုးအစားဗီဇာအစီအစဉ်သည် ပြည်ပမှ လုပ်အားခဈေးချိုသော အလုပ်သမားများ ဝင်ရောက်မှုကို ဖြစ်ပေါ်စေခဲ့ပြီး လုပ်အားခကျဆင်းသည့် အခြေအနေကို ဖြစ်ပေါ်စေခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

သို့ရာတွင် အဆိုပါဗီဇာရှိရန်လိုအပ်ပုံကို အမေရိကန်နည်းပညာလုပ်ငန်းကဏ္ဍမှ ကုမ္ပဏီများက ကာကွယ်ပြောကြားကြသည်။ အမေရိကန်၌ အဆင့်မြင့်နည်းပညာဆိုင်ရာ ဘာသာရပ်များကို ဆည်းပူးသင်ယူခဲ့ကြသော နိုင်ငံခြားသား ကျောင်းသားများအတွက် အိပ်ချ်-၁ ဘီ အမျိုးအစားဗီဇာ ရှိရန်လိုအပ်ကြောင်း၊ အဆင့်မြင့်နည်းပညာတတ်ကျွမ်းသူ အလုပ်သမားများကို အမေရိကန်ပြည်တွင်း၌ အလုံအလောက်ရရှိရန်မှာ အစဉ်အမြဲ မဖြစ်နိုင်ကြောင်း နည်းပညာကုမ္ပဏီများက ပြောကြားကြသည်။

**ရိုက်တာ။**

# နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီချက်ရရှိရေး အမေရိကန်နှင့် ဂျပန်ဆွေးနွေးခဲ့ကြ

**တိုကျို မေ ၁၉**

နှစ်နိုင်ငံ ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ရရှိစေမည့် ရလဒ်ထွက်ပေါ်နိုင်သော စီးပွားရေးဆွေးနွေးပွဲကို မိမိတို့ ပြုလုပ်ခဲ့ကြောင်း အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ ပြောကြားချက်ကို ကိုးကားလျက်ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် ဂျပန်တို့၏ စီးပွားရေးဆွေးနွေးပွဲမှ ရရှိသောအချက်အလက်များအပေါ် အခြေခံ၍ မဝေးသော အနာဂတ်တွင် ဆုံးဖြတ်ချက်တစ်ရပ်ကို မိမိတို့ချမှတ်နိုင်ဖွယ်ရှိကြောင်း၊ နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို စတင်နိုင်မည်ဖြစ်ကြောင်း ပန့်စ်က ဂျပန်ဒုတိယဝန်ကြီးချုပ် တာရိုအာဆိုနှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နိုင်ငံစုံကုန်သွယ်ရေး သဘောတူညီချက်ဖြင့် လုပ်ဆောင်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံချင်းအလိုက် ချုပ်ဆိုသော ကုန်သွယ်ရေး သဘောတူညီချက်ဖြင့် လုပ်ကိုင်သွားမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က သန္နိဋ္ဌာန်ချမှတ်ခဲ့သည်နှင့်အညီ မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုပုံစံသစ်ရရှိရန်ရည်ရွယ်လျက် စီးပွားရေးဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း ပန့်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ကျိုဒို။**






# ပြုံယမ်း၏ နျူဒုံးကျည်ပစ်လွှတ်သည့်နေရာတွင် ဘော်လီဘောကစားသည့် လှုပ်ရှားမှုများတွေ့ရ

**ပြုံယမ်း မေ ၁၉**

မြောက်ကိုရီးယားနိုင်ငံ၏ နျူဒုံးကျည်ပစ်လွှတ်သည့်နေရာကို ဂြိုဟ်တုမှတစ်ဆင့် မကြာသေးမီက ရိုက်ကူးထားသော ဓာတ်ပုံအရ ယင်းနေရာတွင် ဘော်လီဘောကစားနေသည့် မြင်ကွင်းများတွေ့ရှိရသည်ဟု အမေရိကန်သုတေသီများက ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ် အရသိရသည်။

မြောက်ကိုရီးယား ဒုံးပစ်လွှတ်သည့်နေရာနှင့် ပတ်သက်ပြီး အမေရိကန်သုတေသီများက ဂြိုဟ်တုမှတစ်ဆင့် ဓာတ်ပုံရိုက်ကူးပြီး အခြေအနေအကဲခတ်သည့်အခါ မြင်ကွင်းရှုပ်ထွေးစေရန်နှင့် ရလဒ်ခန့်မှန်းမှုများ သဲကွဲမှုမရှိစေရန် ပြုံယမ်းက ဘော်လီဘောကစားသည့် လှုပ်ရှားမှုများဖြင့် အာရုံလွှဲပြောင်းခြင်းဖြစ်သည်ဟု အမေရိကန်သုတေသီများက ထင်ကြေးပေးကြသည်။

ဂျွန်ဟော့ကင်းစ် တက္ကသိုလ်မှ အမေရိကန်သုတေသီအဖွဲ့တစ်ဖွဲ့က မြောက်ကိုရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ပန်ဂေးရီနျူဒုံးကျည်ပစ်လွှတ်သည့်နေရာကို ၎င်းတို့ရိုက်ကူးထားသော ဓာတ်ပုံခန့်မှန်းအကဲဖြတ်မှုနှင့်ပတ်သက်ပြီး မေ ၁၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်သုတေသီများက မေ ၁၆ ရက်တွင် ဂြိုဟ်တုမှတစ်ဆင့် ရိုက်ကူးထားသောဓာတ်ပုံအရ ပြုံယမ်း၏ ဒုံးပစ်လွှတ်သည့်နေရာရှိ အဓိကနေရာသုံးနေရာတွင် ဘော်လီဘောကစားနေသည့် မြင်ကွင်းများကို တွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။ ထိုမြင်ကွင်းအရ ပြုံယမ်းအနေဖြင့် နျူဒုံးကျည်ပစ်လွှတ်ရန် နောက်ထပ် စမ်းသပ်မှုများ ဆက်လက် လုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း (သို့မဟုတ်) ၎င်းတို့၏ နျူဒုံးကျည်ပစ်သည့်နေရာကို မျက်ခြည်မပြတ်စောင့်ကြည့် အကဲခတ်နေသည်ကို သိရှိသည့်အတွက် အမေရိကန်နိုင်ငံအား လှည့်ဖြားနေခြင်း ဖြစ်နိုင်ဖွယ်ရှိကြောင်း သုတေသီအဖွဲ့က ဆိုသည်။

အဆိုပါ အမေရိကန်သုတေသီအဖွဲ့က ပြုံယမ်း၏ နျူဒုံးလက်နက်စမ်းသပ်ပစ်လွှတ်သည့်နေရာကို ဂြိုဟ်တုမှတစ်ဆင့်ဓာတ်ပုံများရိုက်ကူးပြီး မျက်ခြည်မပြတ် စောင့်ကြည့်အကဲခတ်လျက်ရှိသည်။ ပြုံယမ်းအနေဖြင့် နောက်ထပ် နျူလက်နက်စမ်းသပ်မှုများ လုပ်ဆောင်ရန် ပြင်ဆင်နေ ကြောင်း သုတေသီအဖွဲ့ကပြောကြားခဲ့သည်။

ထို့ပြင် တောင်-မြောက်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လီဒက်ခ်ိဟန်းက မြောက်ကိုရီးယားအနေဖြင့် မကြာမီ နျူဒုံးကျည်စမ်းသပ်ပစ်လွှတ်နိုင်ဖွယ်ရှိကြောင်း ၎င်း၏ထင်မြင်ချက်ကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မေလတွင် တွေ့ဆုံမည်

**မနီလာ မေ ၁၉**

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆန်တို့ မေလအစောပိုင်းတွင် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ယာယီပြောရေးဆိုခွင့်ရှိသူက မေ ၁၉ ရက်တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အန်ရိကွီမာနာလိုသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံမည့် ဆွေးနွေးပွဲသို့တက်ရောက်ရန် မေလအစောပိုင်းတွင် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ယာယီပြောရေးဆိုခွင့်ရှိသူ ရိုဘီစပီရိဘိုလီဗာက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

အစည်းအဝေးအစီအစဉ်နှင့် အချိန်သတ်မှတ်ထားပြီးဖြစ်သော်လည်း အသေးစိတ်အချက်လက်များအတွက် လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဘိုလီဗာက ပြောကြားသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြသည်။ **ဆင်ဟွာ။**

နိုင်ငံတကာ

# အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းရေး အမေရိကန် စတင်သုံးသပ်

ဝါရှင်တန် မေ ၁၉

**အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်အစိုးရသည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီမှု တစ်စိတ်တစ်ပိုင်းဖြစ်သည့် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းရေးကို စတင်သုံးသပ်နေပြီဖြစ်သည်။**

အဆိုပါနျူကလီးယားသဘောတူညီမှုတွင် အီရန်နိုင်ငံက ၎င်း၏ ကတိပေးမှုများနှင့်ပတ်သက်၍ အလျှော့ပေးလွန်းနေသည်။ သို့သော် အီရန်နိုင်ငံသည် အကြမ်းဖက်သမားများကို အထောက်အပံ့ပေးနေသည့် နိုင်ငံအဖြစ်လည်း စိုးရိမ်ရသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆန်က မေ ၁၈ ရက် ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။ သဘောတူညီချက်ကို ပြန်လည်သုံးသပ်ပြီး အမျိုးသားလုံခြုံရေးအကျိုးစီးပွားအတွက် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများရုပ်သိမ်းရေးကို ဆိုင်းငံ့ထားရန် သမ္မတထရန့်က အမျိုးသားလုံခြုံရေးကောင်စီကို အမိန့်ပေးခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ် အမေရိကန်နှင့် အခြားအင်အားကြီး ငါးနိုင်ငံတို့က အီရန်နှင့် နျူကလီးယားသဘောတူညီချက်ရရှိခဲ့သည်။ အဆိုပါစာချုပ်တွင် အမေရိကန်နှင့် အင်အားကြီးနိုင်ငံများက အီရန်နိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းပေးလျှင် အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ကန့်သတ်သွားရန် သဘောတူညီခဲ့သည်။

အိုဘားမားအစိုးရက အီရန်နျူကလီးယားသဘောတူညီချက်နှင့် ပတ်သက်သည့် အရေးယူပိတ်ဆို့မှုများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရုပ်သိမ်းပေးခဲ့သည်။ ထရန့်သည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်ကာလကတည်းက အီရန်နျူကလီးယား သဘောတူစာချုပ်အရေးကိစ္စကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သူဖြစ်သည်။ အကယ်၍ အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ထပ်မံချမှတ်မည်ဆိုလျှင် နျူကလီးယားသဘောတူစာချုပ်ကို ချိုးဖောက်သည့်လုပ်ရပ်အဖြစ် အီရန်နိုင်ငံက ပြစ်တင်ရှုတ်ချသွားဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ။**



၂၀၁၅ ခုနှစ်တွင် အမေရိကန်နှင့် အီရန်နိုင်ငံတို့ နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်ပြီး ဆွေးနွေးနေစဉ်။



## အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး မြစ်ထဲသို့ ပြုတ်ကျ၊ လူပေါင်း ၄၄ ဦးသေဆုံး

**ဟီမာချယ်ပါရာဒေ့ရှ် မေ ၁၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီးသည် တောင်ပတ်လမ်း တစ်နေရာ၌ အရှိန်လွန်ကာ ကျောက်နံရံကို တိုက်မိပြီး မီတာ ၃၀၀ အမြင့်မှ မြစ်ထဲသို့ ပြုတ်ကျနစ်မြုပ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မေ ၁၉ ရက် နံနက် ၁၁ နာရီတွင် လူ ၄၆ ဦး သယ်ဆောင်မောင်းနှင်လာသည့် အဆိုပါဘတ်စ်ကားသည် ကျောက်နံရံကို တိုက်မိကာ မြစ်ထဲပြုတ်ကျခဲ့ကြောင်းနှင့် ယင်းဖြစ်ရပ်ကြောင့် လူပေါင်း ၄၄ ဦး သေဆုံးခဲ့ရကြောင်း ဟီမာချယ် ပါရာဒေ့ရှ် ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

မြစ်ထဲနစ်မြုပ်သွားသော ဘတ်စ်ကားအပျက်အစီးများအောက်တွင် ပိမိနေသူများအား ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်လျက်ရှိသည်။ လိုက်ပါစီးနင်းခဲ့သည့် ခရီးသည်များတွင် နိုင်ငံခြားသားခရီးသည်များ ပါဝင်မှု မရှိကြောင်း သိရသည်။

မတော်တဆမှုဖြစ်ပွားခဲ့သည့် လမ်းပိုင်းနေရာသည် မော်တော်ယာဉ်နှစ်စီး မောင်းနှင်ရန် နေရာကျဉ်းလွန်းလှကြောင်းနှင့် အဆိုပါဘတ်စ်ကားသည် ယခုလမ်းပိုင်းကို နေ့စဉ် မောင်းနှင်အသုံးပြုလျက်ရှိကြောင်း ခရီးသည်များ၏ ပြောကြားချက်အရ သိရသည်။ သို့သော် ယခုဖြစ်ပွားခဲ့သော မတော်တဆမှုသည် ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားခဲ့ခြင်း ဖြစ်နိုင်ခြေရှိသည်ဟု ရဲအရာရှိများက သံသယရှိသည်။ **အင်န်အိတ်ချ်ကေ။**

## အမေရိကန်ဒုတိယသမ္မတ ဂျပန်မှ အင်ဒိုနီးရှားသို့ သွားရောက်

**တိုကျို မေ ၁၉**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် ဂျပန်နိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်သည်။ ၎င်း၏ လေယာဉ်သည် တိုကျိုမြို့အနီး အက်စူဂီလေတပ်အခြေစိုက်စခန်းမှ မေ ၁၉ ရက် ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

မိုက်ပန့်စ်၏ ဂျပန်နိုင်ငံသို့ နှစ်ရက်ကြာခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းတို့နှစ်ဦးက မြောက်ကိုရီးယားနိုင်ငံ၏ ခြိမ်းခြောက်မှုများ တိုးမြင့်လာမှုအပေါ် ဆွေးနွေးခဲ့ကြပြီး တရုတ်နိုင်ငံအား မြောက်ကိုရီးယားကို ဖိအားပေးရန် တိုက်တွန်းရေး သဘောတူညီခဲ့ကြသည်။

မိုက်ပန့်စ်သည် ဂျပန်ဒုတိယဝန်ကြီးချုပ် တာရိုအာဆိုနှင့်လည်း တွေ့ဆုံခဲ့သည်။ ၎င်းတို့နှစ်ဦးက ပထမဆုံးအကြိမ် စီးပွားရေးဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှု ပြုလုပ်ခဲ့ကြသည်။ ဒုတိယအကြိမ် စီးပွားရေးဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုကို ယခုနှစ်ကုန်တွင် ကျင်းပရန် စီစဉ်ခဲ့ကြသည်။

မိုက်ပန့်စ်သည် အင်ဒိုနီးရှားခရီးစဉ်၌ မေ ၂၀ ရက်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့်တွေ့ဆုံပြီး တန်ပြန်အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ဆွေးနွေးသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**



## သင်္ဘောသား ၁၂ ဦးပါ ကုန်သင်္ဘောတစ်စင်း ပင်လယ်နက်တွင် နစ်မြုပ်မှုဖြစ်ပွား

**မော်စကို မေ ၁၉**

ပင်လယ်နက်ရေပြင်အတွင်း သင်္ဘောသား ၁၂ ဦးလိုက်ပါလာသော ကုန်သင်္ဘောတစ်စင်း နစ်မြုပ်မှု မေ ၁၉ ရက်က ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကုန်ပစ္စည်းအခြောက်တင်ဆောင်လာသော 'ဂဲရိုအာဆီနာလာ'အမည်ရှိ ကုန်သင်္ဘောနှင့်အတူ လိုက်ပါလာခဲ့သော သင်္ဘောသား ခုနစ်ဦးထက်မနည်းမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ရုရှားအရေးပေါ်လုပ်ငန်းများဝန်ကြီးဌာနက ပြောကြားသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းတွင် ကယ်ဆယ်ရေးဝန်ထမ်း ၁၂၀ ကျော်နှင့် ရေယာဉ်ရှစ်စင်းပါဝင်ကြောင်း၊ ဂဲရိုအာဆီနာလာ ကုန်သင်္ဘောနစ်မြုပ်ရာတွင် သင်္ဘောသား ငါးဦးကို ကယ်တင်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေနေဆဲဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

သို့ရာတွင် မတူကွဲပြားသော သတင်းများ ပေါ်ထွက်နေပြီး သင်္ဘောသားတစ်ဦးကိုသာလျှင် အသက်ရှင်လျက်သား ကယ်တင်ပေးနိုင်ခဲ့သည်ဆို၏။

ကုန်သင်္ဘောပေါ်တွင် လိုက်ပါလာခဲ့သူများမှာ ရုရှား၊ ယူကရိန်းနှင့် ဂျော်ဂျီယာနိုင်ငံ သုံးနိုင်ငံထက်မနည်းတို့မှ နိုင်ငံသားများဖြစ်ကြသည်။

ပနားမားအလံလွှင့်ထူထားသော အဆိုပါကုန်သင်္ဘောသည် ရုရှားအေဇော့ပင်လယ်ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီး တူရကီနိုင်ငံသို့ ဦးတည်ခုတ်မောင်းနေစဉ် ပင်လယ်နက်တွင် နစ်မြုပ်ခဲ့ကြောင်း၊ သင်္ဘောပေါ်တွင် ကောက်ပဲသီးနှံများ တင်ဆောင်ထားကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပီတီအိုင်။**

# လေလှိုင်း သယံဇာတ မျှတအောင်စီမံဖို့-၁

ဇေယျာ(မြန်မာ့အသံ)

အစိုးရသစ်လက်ထက်မှာ မီဒီယာပြုပြင်ပြောင်းလဲရေး ကိစ္စဟာ အများစိတ်ဝင်စားကြတဲ့ အရေးပါတဲ့ ကိစ္စတစ်ရပ်အဖြစ်တွေ့မြင်နေရဆဲ ဖြစ်ပါတယ်။

မီဒီယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေကို ၂၀၁၂ ခုနှစ်လောက်ကစတင်ပြီး တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်လာခဲ့ရာမှာ ဆင်ဆာတည်းဖြတ်မှုစံနစ် ဖျက်သိမ်းခြင်း၊ ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့်ကို ခွင့်ပြုခြင်း၊ စာပေစိစစ်ရေးကို ဖျက်သိမ်းခြင်းစတဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဖြေလျှော့ပေးခြင်းလုပ်ငန်းတွေကိုဆောင်ရွက်ခဲ့သလို တစ်ဖက်မှာလည်း လွတ်လပ်ပြီးအမှီအခိုကင်းတဲ့ မီဒီယာလုပ်ငန်းများရဲ့ ရှင်သန်ဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ ဥပဒေနှင့်နည်းဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ဒီလို ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေထဲမှာ ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ ဥပဒေအမှတ် (၅၃/၂၀၁၅) နဲ့ ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေဟာလည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ဒီဥပဒေကို အကောင်အထည်ဖော်ဖို့ အဆင်မပြေသေးတာလည်း ယနေ့ထက်အထိ ဖြစ်နေပါတယ်။ ဘယ်လိုအခက်အခဲတွေ ရှိနေတယ်ဆိုတာကို မသွားခင် ဒီဥပဒေဘယ်လိုပေါ်ပေါက်လာတယ်၊ ဘယ်လိုကိစ္စတွေမှာ စီမံခန့်ခွဲဖို့ ဒီလိုဥပဒေတစ်ရပ်နိုင်ငံမှာ လိုအပ်တယ်ဆိုတာကို အရင်တင်ပြလိုပါတယ်။

**မီဒီယာအမျိုးအစားကွဲပြား**

ပင်မရေစီးမီဒီယာလုပ်ငန်းမှာ ပုံနှိပ်မီဒီယာနဲ့ ရုပ်သံလွှင့်မီဒီယာဆိုပြီး နှစ်ပိုင်းရှိတယ်ဆိုတာ အများသိကြပြီးဖြစ်ပါတယ်။ တချို့လည်း အွန်လိုင်းမီဒီယာဆိုပြီး ဒီဘက်ခေတ်မှာ တစ်ခုထပ်တိုးပြီး ပြောဆိုကြတာတွေလည်း ရှိပါတယ်။ ဒီလိုမီဒီယာအမျိုးအစားတွေ ကွဲပြားတာနဲ့အမျှ ဒီလုပ်ငန်းတွေ မှန်ကန်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်ရတဲ့ Regulation အပိုင်းမှာ မတူညီတဲ့ ပေးထားချက်တွေရှိလာပါတယ်။ မီဒီယာချင်းတူပေမယ့် မတူညီတဲ့မီဒီယာအမျိုးအစား (Media Platform) အလိုက်မှာ မတူညီတဲ့ သဘောသဘာဝတွေ ရှိနေခြင်း ပထမတင်ပြလိုပါတယ်။

မီဒီယာ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာလည်း ဒီလိုမတူညီတဲ့ သဘောသဘာဝအလိုက် လုပ်ငန်းဖွံ့ဖြိုးမှုဖြစ်စဉ် မတူညီနိုင်ပါဘူး။ ပုံနှိပ်မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး ပြောကြ၊ ရေးကြ၊ ဆွေးနွေး ငြင်းခုံကြတာတွေများတဲ့အတွက် ဒီအပေါ်မှာ သိပ်အများကြီးပြောစရာမရှိပေမယ့် နိုင်ငံတော်ရဲ့ လေလှိုင်း သယံဇာတကန့်သတ်ချက်အပေါ်မှာ တည်မှီပြီး မျှမျှတတဆောင်ရွက်ဖို့ လိုအပ်တဲ့အပြင် စီးပွားရေးနဲ့ နိုင်ငံရေး အကျိုးစီးပွားတွေနဲ့ပါ တစ်နည်းမဟုတ်တစ်နည်း သက်ရောက်မှုရှိနေတဲ့ ရုပ်သံလွှင့်မီဒီယာလုပ်ငန်းရဲ့ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်နဲ့ပတ်သက်ပြီး အလေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။

**အကန့်အသတ်ရှိသော အမျိုးသားရေး အရင်းအမြစ်**

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်ဖြင့် ပုံနှိပ် မီဒီယာစာစောင်တွေနဲ့ ရုပ်သံလွှင့်မီဒီယာတို့အကြား အဓိကကွဲပြားတဲ့အချက်ကတော့ အကန့်အသတ်နဲ့သာ ရှိနေတဲ့ လေလှိုင်းသယံဇာတကို အသုံးပြုရခြင်းပါပဲ။ ရုပ်သံလွှင့် လှိုင်းနှုန်းစဉ် (Broadcast Frequency) ဟာ လက်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပွင့်လင်းမြင်သာမှုရှိရှိနဲ့ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိတဲ့ ဆက်သွယ်ရေးလှိုင်းနှုန်းစဉ် (Telecom spectrum) တွေလိုပါပဲ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တဲ့ အကန့်အသတ်ရှိသော အမျိုးသားရေးအရင်းအမြစ်များပဲ ဖြစ်ပါတယ်။

ဒီလှိုင်းနှုန်းနဲ့ပဲ နောက်ထပ် FM ရေဒီယို အစီအစဉ်တစ်ခုကို အဲဒီဒေသမှာ ထပ်မံထုတ်လွှင့်လို့ မရနိုင်တော့ပါဘူး။ ဒါ့ကြောင့် အသုံးပြုနိုင်တဲ့ လှိုင်းနှုန်းစဉ်ပိုင်းဆိုင်ရာမှာ အရေအတွက် ကန့်သတ်ချက်ဟာရှိနေပါတယ်။

**ရုပ်သံလှိုင်းနှုန်းစဉ် ကန့်သတ်ချက်**

လက်ရှိ မြန်မာနိုင်ငံရဲ့ ရုပ်သံလှိုင်းနှုန်းစဉ်တွေကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ခွဲဝေသတ်မှတ်လျာထားရာမှာ ရုပ်မြင်သံကြားအတွက်ဆိုရင် VHF Band –III မှာ လှိုင်းနှုန်းစဉ်ကို ၁၇၄ မီဂါဟက်ဇ် မှ ၂၃၀ မီဂါဟက်ဇ်အထိ ခွင့်ပြုသတ်မှတ်ထားတာဖြစ်ပါတယ်။ ခြားနားချက် ၅၆ မီဂါဟက်ဇ် ဖြစ်တဲ့အတွက် အများဆုံး အန်နားလော့ ရုပ်မြင်သံကြားချန်နယ် ကိုးခုအထိ အသုံးပြုနိုင်တဲ့အနေအထားပါ။ ဒါပေမယ့် လက်တွေ့မှာတော့ လှိုင်းနှုန်းနှောင့်ယှက်မှု မဖြစ်အောင်ရယ်၊ ထုတ်လွှင့်မှုတိုင်းကို ဖမ်းယူကြည့်ရှုတဲ့ ပရိသတ်က လွယ်လွယ်ကူကူ အရည်အသွေးမြင့်မြင့် ဖမ်းယူကြည့်ရှုနိုင်အောင်ရယ် ရုပ်သံလွှင့်ဇုန်တစ်ခု သို့မဟုတ် နေရာဒေသတစ်ခုမှာ အများဆုံးအသုံးပြုနိုင်တဲ့ VHF အန်နားလော့ ရုပ်မြင်သံကြား ချန်နယ်အရေအတွက်ဟာ လေးခုကနေ ငါးခုအထိသာ ခွင့်ပြုနိုင်တယ်လို့ သိရပါတယ်။

ရုပ်မြင်သံကြားထုတ်လွှင့်တဲ့ နောက်ထပ် လှိုင်းနှုန်းစဉ်တစ်ခုဖြစ်တဲ့ UHF Band-IV မှာတော့ ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်ကို ၄၇၀ မီဂါဟက်ဇ် ကနေ ၆၈၆ မီဂါဟက်ဇ် အတွင်းမှာ ထုတ်လွှင့်ခွင့်ပြုထားတယ်လို့သိရပါတယ်။ ခြားနားချက် ၂၁၆ မီဂါဟက်ဇ်ဖြစ်တဲ့အတွက် အများဆုံး အန်နားလော့ ရုပ်မြင်သံကြား ချန်နယ် ၂၇ ခုအထိ အသုံးပြုနိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒါပေမယ့် အထက်ကဆိုခဲ့တဲ့အတိုင်း လက်တွေ့မှာတော့ နေရာဒေသတစ်ခုမှာ အများဆုံးအသုံးပြုနိုင်တဲ့ UHF အန်နားလော့ ရုပ်မြင်သံကြားချန်နယ် အရေအတွက်ဟာ ၁၃ ခု ကနေ ၁၄ ခုအထိသာ ခွင့်ပြုနိုင်တယ်လို့ သိရပါတယ်။ ဒါကြောင့် VHF နဲ့ UHF နှစ်ခုပေါင်း အန်နားလော့ ရုပ်သံချန်နယ် ၁၈ ခုအထိသာ လက်တွေ့ခွင့်ပြုပေးနိုင်တာကိုတွေ့ရမှာ ဖြစ်ပါတယ်။

ဒီလို ကန့်သတ်ချက်တွေ ရှိလို့လည်း ရုပ်သံလွှင့်လှိုင်းနှုန်းစဉ်ဆိုတာဟာ နိုင်ငံသားအားလုံးနဲ့ ဆိုင်တဲ့ အရေအတွက်ကန့်သတ်ချက်ရှိတဲ့ သယံဇာတလို့ ဆိုကြတာပါ။ ဒါပေမယ့် ပြောင်းလဲလာတဲ့ နည်းပညာအသစ်တွေအရ Multiplexers တွေကို အသုံးပြုပြီး အန်နားလော့ချန်နယ်တစ်ခုကို ဒစ်ဂျစ်တယ်ရုပ်မြင်သံကြားလိုင်းများစွာ ထည့်သွင်းထုတ်လွှင့်နိုင်လာပြီ ဖြစ်တဲ့အတွက် ရုပ်သံလွှင့်လုပ်ငန်းရှင်တွေနဲ့ ရုပ်သံလွှင့်မှုဝါဒကြီးကြပ်သူတွေအတွက် ရွေးချယ်ခွင့်တွေ ပိုမိုရရှိလာစေပြီလို့ ဆိုနိုင်ပါတယ်။

**ရေဒီယို လှိုင်းနှုန်းစဉ်ကန့်သတ်ချက်**

ရုပ်သံလွှင့် လှိုင်းနှုန်းစဉ်ရဲ့ ကန့်သတ်ချက်က ရုပ်မြင်သံကြားလှိုင်းနှုန်းစဉ်တွေမှာလိုပဲ ရေဒီယိုလှိုင်းနှုန်းစဉ်တွေမှာလည်း အရေအတွက် အကန့်အသတ်နဲ့ပဲ ရှိနေတာဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ FM ထုတ်လွှင့်မှုလှိုင်းနှုန်းစဉ်တွေဟာ 87.5 MHz ကနေ 108 MHz အတွင်းက ဆောင်ရွက်ခွင့်ရရှိနေတာဖြစ်ပါတယ်။ FM ထုတ်လွှင့်မှုမှာလည်း လှိုင်းနှုန်းနှောင့်ယှက်မှု ကင်းစင်စေရေးအတွက် နေရာဒေသတစ်ခုမှာ အများဆုံးခွင့်ပြုပေးနိုင်တဲ့ FM ချန်နယ် အရေအတွက်ဟာ ၂၁ ခု အထိသာရှိတယ်လို့ သိရှိရပါတယ်။ ဒါ့အပြင် ရေဒီယိုလှိုင်းတိုနဲ့ လှိုင်းလတ်ထုတ်လွှင့်မှုတွေအတွက်လည်း လှိုင်းနှုန်းဆိုင်ရာ သတ်မှတ်ချက်တွေ ရှိနေပါသေးတယ်။ ဒါပေမယ့် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်တွေရှိနေတဲ့အတွက် ဒီနေရာမှာပဲ ထားလိုက်ပါမယ်။ အခုဖော်ပြထားတဲ့ လှိုင်းနှုန်းသတ်မှတ်ချက်တွေအပြင် လေလှိုင်းသယံဇာတအတွက် ရုပ်သံလှိုင်းနှုန်းစဉ်၊ ဆက်သွယ်ရေးလှိုင်းနှုန်းစဉ်နဲ့ အခြားလှိုင်းနှုန်းစဉ် ခွဲဝေသတ်မှတ်မှု အသေးစိတ်အချက်အလက်တွေနဲ့ စီမံချက်တွေကို ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ တရားဝင် အင်တာနက် စာမျက်နှာဖြစ်တဲ့ www.mict.gov.mm မှာ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သလို google search engine မှာလည်း Frequency planning in Myanmar ဆိုပြီး ရှာဖွေလေ့လာနိုင်ပါတယ်။ အလားတူ အောက်ပါ link များမှာလည်း ဝင်ရောက်လေ့လာနိုင်ပါတယ်-

http://www.mcit.gov.mm/sites/default/files/4-7%20MCIT%20-%20Spectrum%20Rules%20-%20Annex%20C-7%20-%20Broadcasting%20Frequencies%2011113.pdf

http://www.mcit.gov.mm/sites/default/files/3%20-%20MCIT%20-%20Final%20Spectrum%20Rules%20-%20122213%20CLEAN-1.pdf

http://www.mcit.gov.mm/sites/default/files/4-1-%20MCIT%20-%20Spectrum%20Rules%20-%20Annex%20C-1-%20National%20Table%20of%20Frequency%20Allocations%20-%2011113.pdf

**ပြောင်းလဲလာတဲ့ နည်းပညာအသစ်တွေအရ Multiplexers တွေကို အသုံးပြုပြီး အန်နားလော့ချန်နယ်တစ်ခုကို ဒစ်ဂျစ်တယ်ရုပ်မြင်သံကြားလိုင်းများစွာ ထည့်သွင်းထုတ်လွှင့်နိုင်လာပြီဖြစ်တဲ့အတွက် ရုပ်သံလွှင့်လုပ်ငန်းရှင်တွေနဲ့ ရုပ်သံလွှင့်မှုဝါဒ ကြီးကြပ်သူတွေအတွက် ရွေးချယ်ခွင့်တွေ ပိုမိုရရှိလာစေပြီလို့ဆိုနိုင်။**

မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးဆိုင်ရာ လှိုင်းနှုန်းစဉ်တွေကို အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU)၊ အာရှနှင့်ပစိဖိတ်ကြေးနန်းဆက်သွယ်ရေးအကျိုးတူအဖွဲ့ (APT) နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တို့ရဲ့ သတ်မှတ်စံနှုန်းများနဲ့အညီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ လှိုင်းနှုန်းစဉ်တွေကို ဆက်သွယ်ရေးလုပ်ငန်းနှင့် ရုပ်သံလွှင့်လုပ်ငန်းတွေအပါအဝင် ရည်ရွယ်ချက်အသီးသီးအတွက် ဌာနအသီးသီးက ခွဲဝေအသုံးပြုနိုင်အောင် သတ်မှတ်လှိုင်းနှုန်းတွေကို ထုတ်ပြန်ပေးခြင်းဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ဒီလို ဘာကြောင့် ခွဲဝေပေးထားရသလဲဆိုရင် လှိုင်းနှုန်းတွေဟာ ကန့်သတ်ချက်ရှိတဲ့အတွက် ဒါကို မထပ်အောင်နဲ့ နိုင်ငံဖွံ့ဖြိုးရေးအတွက် စနစ်တကျမျှမျှတတ အသုံးပြုနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဥပမာ- လက်ရှိ 87.6 MGHz နဲ့ ထုတ်လွှင့်ဖို့ မြို့တစ်မြို့ သို့မဟုတ် နေရာဒေသတစ်ခုမှာ မှတ်ပုံတင်သတ်မှတ်ပြီး ပုဂ္ဂလိက FM တစ်ခုကို လှိုင်းနှုန်းခွင့်ပြုပေးထားပြီ ဆိုပါစို့။ ဒီနံပါတ်၊

(ဆက်လက်ဖော်ပြပါမည်)

## မြစ်ကမ်းပါးပြိုမှုကြောင့် ကျေးရွာသစ်သို့ ပြောင်းရွှေ့မည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့

ဗန်းမော် မေ ၁၉

ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ကျေးရွာအသစ်သို့ ပြောင်းရွှေ့မည့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ ရေနီကျေးရွာနှင့် ကံသာကျေးရွာတို့မှ မိသားစုဝင်များအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၈ ရက်က ရေနီကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်း၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် ရေနီကျေးရွာအတွက် ဆန်အိတ် ၆၀၊ ကံသာကျေးရွာ အတွက် ၂၆ အိတ်နှင့် အနွေးထည်အကျီများ၊ ကျောင်းသုံးဗလာစာအုပ်များကို ဝန်ကြီး ဒေါက်တာသင်းလွင်က လည်းကောင်း၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်းက ရေနီကျေးရွာမှ ကမ်းပါးပြိုပြောင်းရွှေ့ အိမ်ခြေ ၁၄၈ လုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးအဖြစ် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၄၈ သိန်းကိုလည်းကောင်း၊ အိမ်ထောင်စု ၁၇၃ စု (လူဦးရေ ၉၀၀) အတွက် ဆန် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုး ကျပ် ၁၈ သိန်းကိုးသောင်းခန့်နှင့် အိမ်ထောင်စုအလိုက် ပုဆိုး၊ လုံချည်၊ တဘက်၊ ဆပ်ပြာတစ်ခုစီပါ ပစ္စည်းလေးမျိုးစီတို့ကို လည်းကောင်း၊ အိမ်ထောင်စု ၁၇၃ စုအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၆၆ သိန်း ကိုးသောင်းခန့်ကို လည်းကောင်း ပေးအပ်ခဲ့သည်။

ဗန်းမော်ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဌေးက ကံသာကျေးရွာမှ ကမ်းပါးပြိုရွှေ့ပြောင်း အိမ်ခြေ ၇၇ လုံးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးအဖြစ် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၇၇ သိန်းကို လည်းကောင်း၊ အိမ်ထောင်စု ၃၂ စု (လူဦးရေ ၂၀၃ ဦး) အတွက် ဆန် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၄၂၆၃၀၀ အားလည်းကောင်း၊ စုစုပေါင်း ကျပ် ၈၁၂၆၃၀၀ ကိုလည်းကောင်း၊ အိမ်ထောင်စုအလိုက် ပုဆိုး၊ လုံချည်၊ တဘက်၊ ဆပ်ပြာတစ်ခုစီပါ ပစ္စည်းလေးမျိုးစီတို့ကိုလည်းကောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဌာနမှ ဒေါက်တာ အောင်နိုင်ဝင်းက ရေနီကျေးလက်ကျန်းမာရေး ဦးစီးဌာန သားဖွားဆရာမ ဒေါ်အေးအေးလင်းထံ ဆေးပစ္စည်းများကိုလည်းကောင်း၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဦးစီးမှူး (ပထမတန်း) ဦးဒေါင်ဟောင်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက လှူဒါန်းသည့် (Sanitary Kit Contents List) အိမ်ထောင်စုသုံးပစ္စည်း ၁၂ မျိုးစီကို အိမ်ထောင်စုအလိုက် အသီးသီးပေးအပ်ခဲ့ကြရာ ကျေးရွာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ရေနီကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကိုကြီးနှင့် ကံသာကျေးရွာ ရပ်မိရပ်ဖ ဦးမဲလေးတို့က ကျေးရွာသူ ကျေးရွာသားများ၏ ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် ညနေ ၅ နာရီခန့်တွင် ဗန်းမော်မြို့သို့ ပြန်လည်ရောက်ရှိပြီး နောင်ခိုရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် သာစည်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ပျက်စီးနေသည့် အန္တရာယ်ရှိကျောင်း အဆောက်အအုံများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

■

# မြန်မာတို့၏ အစဉ်အလာထူးသည့် မင်္ဂလာနှစ်သစ်ကူးအောင်ပွဲ

## ဒေါက်တာထွန်းထွန်းဦး(သဒ္ဓမ္မဇောတိကဓဇ)

၁၃၇၈ ခုနှစ် နှစ်ဟောင်းကာလမှ ၁၃၇၉ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကြီးကို အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီး ဖြစ်ပါသည်။ နှစ်ဟောင်းမှ မကောင်းမှုဟူသမျှကို အတာရေဖြင့် ဆေးကြောပြီး ကုသိုလ်ကောင်းမှုများ မွမ်းထုံကာ စိတ်သစ်၊လူသစ်၊ အတွေးသစ်၊ အမြင်သစ်များဖြင့် အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါသည်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မြန်မာ့ယဉ်ကျေးမှုသင်္ကြန် အတာရေသဘင်ပွဲတော်ကြီးကို မြန်မာနိုင်ငံတစ်ဝန်းကျင်းပခဲ့ကြပါသည်။ တစ်နှစ်တွင်တစ်ချိန်သာ ဆင်နွှဲခွင့်ရသည့် မဟာအတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကြီးတွင် အေးချမ်းရွှင်လန်းစေလိုသော ရည်ရွယ်ချက်ဖြင့် ပက်ဖျန်းကြသည့် အတာရေတွင် “အေးမြကြည်လင်ခြင်း”၊ “အညစ်အကြေးများကို ဆေးကြောသန့်စင်စေနိုင်ခြင်း”“ရေကိုသား၍ အကြားမထင်သကဲ့သို့ အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာ တစ်စိတ်တစ်ဝမ်းတည်းရှိခြင်း”စသည့် မင်္ဂလာရေနိမိတ်သုံးပါးနှင့် ပြည့်စုံသည့် အတာရေသဘင်ပွဲကြီးဖြစ်ပါသည်။ သင်္ကြန်ရောက်တော့မည် ဆိုကတည်းက တူးပို့သင်္ကြန်အစရှိသည့် သင်္ကြန်တေးသွားများနှင့်အတူ ရင်ထဲမှာ လှုပ်ရှားခဲ့ရသမျှတွေလည်း သင်္ကြန်မိုးနှင့်အတူ ခုမှပင် အေးမြသည့် အရသာကို ရင်ထဲမှာ တစ်ဝကြီးခံစားရပြန်သည်။ ယခုနှစ်သင်္ကြန်သည် ယခင်နှစ်နှင့်မတူ တစ်မူထူး၍ မြန်မာနိုင်ငံယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ မြန်မာတစ်နိုင်ငံလုံး အေးချမ်းပျော်ရွှင်စွာဖြင့် ရေကစားနေကြသည့် သတင်းရုပ်ပုံလွှာများကိုလည်း မြန်မာနိုင်ငံ ပြန်ကြားရေးရုပ်/သံဌာနများက အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ဖျော်ဖြေပေးနေသဖြင့်လည်း အိမ်ထဲ၌ တီဗွီဖန်သားပြင်ပေါ်မှာ ကြည့်ရှုနေရသလို သင်္ကြန်မောင်မယ်များနှင့်အတူ ကိုယ်တိုင်ပါဝင်နေရသကဲ့သို့ ရသမျိုးစုံ ခံစားမိပါသည်။ ယခုနှစ် ထူးခြားသည်မှာ ရန်ကုန်၊ မန္တလေးအစရှိသော မြို့ကြီးများတွင် အေးအေးချမ်းချမ်းလမ်းလျှောက် သင်္ကြန်ပွဲဆင်နွှဲနေသည့် ပရိသတ်ကြီးကိုကြည့်ပြီး အတိုင်းမသိ ပီတိဖြစ်မိရပါ၏။ မိမိတို့ကိုယ်တိုင်သူတို့နှင့်အတူပါဝင်ကာ လမ်းပေါ်မှာဆင်းပြီး လမ်းလျှောက်ချင်စိတ်များပင် ပေါ်လာပါသည်။ ယခုသင်္ကြန်မှာ ယခင်ကဲ့သို့ သောက်စားမူးယစ်ကာ မတော်တရော်၊ မပေါ့တပေါ်၊ ခုန်ပေါက်ကပြတာမျိုး သိပ်မတွေ့ခဲ့ရ၍ မျက်စိမနောက်ဘဲ စိတ်သက်သာရာ ရမိသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ ဒီနှစ်မှာတော့ တကယ်ပင်ထူးခြားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန် ပြန်လည်စတင်ပြီလို့ ခံစားမိပါသည်။ သက်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေး တာဝန်ရှိသူများနှင့် ရဲ၊ မီးသတ်စသည့် တာဝန်ယူထားသည့်အဖွဲ့များကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပြီး လက်တွဲကူညီဖေးမစောင့်ရှောက်ကြသည့်အတွက် အထူးပင်ကျေးဇူးတင်ပြီး ဝမ်းမြောက်မိပါသည်။ ဒါတောင် ဒီနှစ်တွင် ထိခိုက်မှု၊ မတော်တဆတိုက်ခိုက်မှုများက ရန်ကုန်၊ မန္တလေးစသည့်မြို့ကြီးများတွင် လျော့ကျသွားသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုလျှင် သိပ် လျော့နည်းသွားသည်ဟုမဆိုသာပေ။ သို့သော်လည်း မိမိတို့၏ အိမ်နီးချင်းနိုင်ငံ ဖြစ်သော ထိုင်းနိုင်ငံတွင် ဆွန်ကရန်ဟုခေါ်သည့် အတာရေသဘင်ပွဲတော်တွင် ထိခိုက်နစ်နာမှုများကြောင့် သေဆုံးသူ ၄၄၂ ဦးရှိသည်ဟု သိရသဖြင့် ကိုယ့်နိုင်ငံတွင် တော်ပေသေးသည်ဟု သက်ပြင်းချမိပါသည်။ သင်္ကြန်ပြီးဆုံးသောကာလများတွင် နှစ်စဉ်လိုပင် စိတ်မကောင်းစရာ သတင်းများ၊ အပျော်လွန်ကဲမှု၊ အမူးလွန်ကဲမှုများကြောင့် ဖြစ်ပျက်ခဲ့ရသည့် သတင်းဆိုးများကို မသိချင်သော်လည်း ကြားနေရဆဲဖြစ်သည်။ သို့သော် ယခုနှစ်တွင် ယခင်နှစ်များထက် ယဉ်ကျေးမှုတိုးတက်လာပြီး ထိန်းထိန်းသိမ်းသိမ်း သင်္ကြန်ပျော်ပါး ရေပက်ဆော့ကစားခဲ့သည်ကို မြင်တွေ့ရပါသည်။ တစ်ခါတစ်ရံ “အပျော်အပါး” ဆိုသည့်အတိုင်း အပျော်များရာမှ တဖြည်းဖြည်း အပျော်များပါးသွားပြီး သူတစ်ပါးပျော်၍ မပျော်နိုင်တော့သော ဒုက္ခိတဘဝ၊ မပျော်နိုင်သည့်ဘဝရောက်ရသူများရှိသလို “အပျော်အပျက်” ဆိုသည့်အတိုင်း အပျော်လွန်ရာမှ အပျက်အစီးဘဝ ရကြသူများလည်း သင်္ကြန်လွန်ကာလမှာ ဒုနှင့်ဒေးပါပေ။ ထို့ကြောင့် သင်္ကြန်ရောက်ခါနီးတိုင်း အစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများက စည်းကမ်းများချမှတ်ကာ အထူးတလည် ထိန်းသိမ်းစောင့်ရှောက်ပေးနေသည်ကိုလည်း ကျေးဇူးတင်ရပေမည်။

ဘာပဲဖြစ်ဖြစ် ယခုနှစ် ရိုးရာအတာသင်္ကြန်သည် တကယ်ပင် အပြောင်းအလဲတစ်ခုဖြစ်ခဲ့ပါသည်။ သင်္ကြန်ဟူသည်မှာ သင်္ကန္တဟူသော ပြောင်းလဲခြင်းပုဒ်မှ ဆင်းသက်လာသည်ဆိုသောစကားနှင့် တကယ်ပင် ညီခဲ့ပါပေသည်။ နှစ်ဟောင်းမှ မကောင်းမှုမှန်သမျှကို အတာရေအေးနှင့် ဆေးကြော၍ လောဘ၊ ဒေါသ၊ မောဟနှင့် မာန၊ အာဃာတ၊ အမုန်းတရားများ စသည့်မကောင်းမှုအကုသိုလ်တရားများကို နှစ်ဟောင်းတွင် ချန်ထားခဲ့ပြီး ကုသိုလ်စိတ်များနှင့်အတူ ပြည်သူပြည်သားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အကြင်နာ၊ မေတ္တာ၊ စေတနာနှင့် မေတ္တာရေချမ်းများ သွန်းဖျန်းနိုင်ခဲ့ပါသည်။ ရိုင်းပျစော်ကားမှုများမှ ပြောင်းလဲ၍ ယဉ်ကျေးသည်းခံမှုများဆီသို့၊ ရန်လိုမှုများမှ ပြောင်းလဲ၍ သည်းခံခွင့်လွှတ်မှုများဖြင့် အစားထိုး ပြောင်းလဲနိုင်ခဲ့ကြပါသည်။ အမှန်တကယ် မိမိတို့၏စိတ်ကို အကောင်းမြင်၍ အကောင်းဘက်သို့ ရောက်အောင်ထားနိုင်ဖို့သည် အရေးကြီးဆုံးဖြစ်ပါသည်။ ယခုနှစ်သင်္ကြန်တွင် မြန်မာတစ်နိုင်ငံလုံးရှိ လူမျိုးအားလုံး၊ ဘာသာအားလုံးငြိမ်းချမ်းညီညွတ်စွာ အတူယှဉ်တွဲ၍ ပျော်ပွဲဆင်နိုင်ခဲ့ကြပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အများပြည်သူအပေါ်ထားသည့် စေတနာမေတ္တာများကိုလည်း ပေါ်လွင်ထင်ရှားစွာ သိမြင်ခဲ့ရပါသည်။

ထို့ပြင် မြန်မာတို့၏ စိတ်ရင်းဖြူစင်သန့်ရှင်းကူညီခြင်းများနှင့်အတူ နိုင်ငံတစ်ဝန်း နေရာတိုင်းမှာ သင်္ကြန် စတုဒိသာ သင်္ကြန်မဏ္ဍပ်များတွင် အစားအသောက်များ၊ လျှုဒါန်းကျွေးမွေးသည့် မုန့်လုံးရေပေါ် စသည်များကို ရက်ရောစွာ အယုတ်အလတ်အမြတ်မရွေး၊ လူမျိုးဘာသာမရွေး ရင်းနှီးခင်မင်စွာ ဧည့်ခံကျွေးမွေးနေသည့် ချစ်စရာကောင်းသည့် မြန်မာတို့၏ဓလေ့ကိုလည်း မြင်တွေ့ခဲ့ရသဖြင့် စေတနာ၊ သဒ္ဓါတရားများနှင့် အပျော်များ ကူးစက်ခဲ့ပါသည်။

ထို့ပြင် လက်ရှိဖြစ်ပေါ်နေသည့် ခေတ်ကာလအခြေအနေများကို ပြုပြင်သင့်ရာ၊ သတိပြုဆင်ခြင်စရာများကို သံချပ်များစပ်၍ တက်တက်ကြွကြွ ပြိုင်ပွဲဝင်ကာ ဒီမိုကရေစီနည်းကျကျ အသိပေးမီးမောင်းထိုးတင်ပြသဖြင့်လည်း လက်ရှိအုပ်ချုပ်လျက်ရှိသော အစိုးရမင်းများကို ပြည်သူတို့နှင့်အတူ စိတ်ရောလူပါ အတွေးအခေါ်များကို တစ်သားတည်းဖြစ်ပေါ်စေခဲ့ပါသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ မြို့နယ်အလိုက် သံချပ်အဖွဲ့များ၊ ယိမ်းအဖွဲ့များကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု စသည်ဖြင့် ဆုဖလားများကို တိုင်းဒေသကြီးဝန်ကြီးချုပ်များကိုယ်တိုင် ဆုချီးမြှင့်ခြင်း၊ အားပေးစကားပြောကြားခြင်းများ ပြုလုပ်ခဲ့ကြသဖြင့်လည်း မျိုးဆက်သစ် အနာဂတ်လူငယ်များအတွက် စိတ်ဓာတ်ကိုပြုပြင်ပြောင်းလဲပြီး အပြန်အလှန်ယုံကြည်မှုများ တိုးတက်မြင့်မားစေခဲ့ပါသည်။ ယခုနှစ် သင်္ကြန်တွင် သိကြားမင်းကြီး တကယ်ပင် လူ့ပြည်ဆင်း/မဆင်းမသိရသော်လည်း “မာရသာ”အမည်ရှိနတ်သမီးကတော့ မြန်မာပြည်တွင်းသို့ တကယ်ပင် သက်ဆင်းခဲ့လေပြီ။ အထူးသဖြင့် ယခုနှစ်သင်္ကြန်တွင် တိုက်တိုက်ဆိုင်ဆိုင် မြန်မာ့ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် အားကောင်းစွာဖြစ်ပေါ်လာနေပြီး “မာရသာ”အမည်ဖြင့် မြန်မာနိုင်ငံအတွင်းသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာတော့မည့် သတင်းဆိုးကလည်း မြန်မာတို့၏ ယဉ်ကျေးမှုသင်္ကြန်ကို ဖျက်ဆီးစေတော့မလားဟူသော စိုးရိမ်စိတ်များ အသီးသီးဖြစ်ပေါ်မိကြပါသည်။ မုန်တိုင်းသည် စိုးရိမ်ရသော အနီရောင်အဆင့်မှ အညိုရောင်အဆင့်သို့ရောက်ရှိခဲ့ပြီး သင်္ကြန်အတက်နေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ၂၄ နာရီအတွင်း သံတွဲဘက်မှ ကုန်းတွင်းပိုင်းသို့ဝင်ရောက်မည်ဟု ကြေညာထားသဖြင့် တစ်နိုင်ငံလုံး နှလုံးစိတ်ဝမ်းမအေးချမ်းဘဲ ပူပင်သောကများရောက်ရှိခဲ့ရပြန်ပါသည်။ မိမိတို့ကိုးကွယ်ရာ ဘာသာအလိုက် မုန်တိုင်းဘေးမှ ကင်းဝေးကြစေရန် ဆုတောင်းမေတ္တာများပို့သကြရပါသည်။ ထိုအချိန်တွင် အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များက ကြောင့်ကြမဲ့မနေကြဘဲ အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မုန်တိုင်းရန်ကာကွယ်ရေးများကို နေ့ညမအား ဆောင်ရွက်နေကြသဖြင့်လည်း ပြည်သူများအားတက်ခဲ့ကြပြန်ပါသည်။ မုန်တိုင်းသတင်းကိုလည်း အချိန်ပြည့် ပြန်ကြားရေးနှင့် အသံလွှင့်ဌာနများမှ ကြေညာပြီး သတိပေးနေပါသည်။ ဤအချိန်တွင် ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးနှင့် သစ္စာ၊မေတ္တာ အစွမ်းများကိုသာ အားကိုးရတော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ နေလပမာ ထင်ရှားကျော်ကြားသည့်ဆရာတော်၊ သံဃာတော်များကလည်း ပရိတ်မေတ္တာ၊ ဂုဏ်တော်အစွမ်း၊ မြတ်ပဋ္ဌာန်းများ ရွတ်ဖတ်ကာ မုန်တိုင်းဘေးမှကင်းဝေးရန် မေတ္တာပို့နေကြသည်မှာ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်မိပါသည်။ စာရေးသူကိုယ်တိုင်လည်း သမ္မာဒေဝနတ်ပြဟ္မာများကို တိုင်တည်ကာ ဆုတောင်းမေတ္တာများ အခါခါပို့သနေမိပါသည်။ ဆိုင်ကလုန်းမုန်တိုင်းဟု ကြားလိုက်သည်နှင့် ဟိုယခင်ကြုံခဲ့ဖူးသည့် နာဂစ်ကာလ လေတိုက်နှုန်းများကို ပြန်လည်မြင်ယောင် သတိရမိပြီး စိုးရိမ်စိတ်များဖြင့် သင်္ကြန်အတက်နေ့ညက အိပ်မပျော်ခဲ့ပေ။ နှစ်ဆန်းတစ်ရက်နေ့ရောက်သည်နှင့် တီဗွီကိုဖွင့်ပြီး သတင်းကို အရင်နားစွင့်လိုက်မိသည်။ ယနေ့မြန်မာစံတော်ချိန် ၁၀နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းတွင်ဖြစ်ပေါ်နေသာ လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါသည်။ ယခုသတင်းသည် ဆိုင်ကလုန်းမုန်တိုင်း “မာရသာ” (Maarutha) အတွက် နောက်ဆုံးထုတ်ပြန်ပေးသည့် သတင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားပါသည်ဟူသည့် အစိမ်းရောင်ကြေညာချက်ကို ကြားသိလိုက်ရသဖြင့် အလွန်ပင်အံ့ဩဝမ်းသာမှုများနှင့်အတူ ပြောမပြတတ်အောင် ရင်ထဲနှလုံးထဲထိ ပျော်ရွှင်သွားမိပါသည်။ တစ်နိုင်ငံလုံးလည်း ပျော်ရွှင်သွားကြမည်မှာ အမှန်ဖြစ်ပါသည်။ မြန်မာလူမျိုးများသည် နှစ်ဆန်း (၁) ရက်နေ့ကို အထွတ်အမြတ်ထား၍ အတိတ်ကောင်း၊ နိမိတ်ကောင်းများ ယူလေ့ရှိကြပါသည်။ အထူးအလေးထားပြီး တစ်နှစ်ပတ်လုံး ကောင်းစေရန် စေတီဘုရားများသို့သွားရောက်၍ ဖူးမြော်ကုသိုလ်ပြုခြင်း၊ သက်ရှိသတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း၊ ဆရာတော်၊သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်မေတ္တာ ကမ္မဝါစာများနာကြားခြင်း၊ သက်ကြီးရွယ်အိုများကို ပူဇော်ဒါနပြုခြင်း၊ တရော်ကင်ပွန်းဖြင့် ခေါင်းဆေးမင်္ဂလာပြုခြင်း၊ မေတ္တာပို့ဆုတောင်းခြင်းများ ပြုလုပ်ကြပါသည်။ ဤကဲ့သို့ တစ်နိုင်ငံလုံး ပြုလုပ်ကြသော သစ္စာ၊ မေတ္တာ၊ ကုသိုလ်ကောင်းမှုအားလုံး၏ တန်ခိုးရှိန်စော်အာနုဘော်တို့ကြောင့် မုန်တိုင်းအန္တရာယ်ဘေးမှ ကင်းဝေးခဲ့သည်ဟု လုံးဝယုံကြည်မိပါသည်။ သည်နေ့သည် မြန်မာတစ်နိုင်ငံလုံး အတိတ်ကောင်း၊ နိမိတ်ကောင်းယူရာဖြစ်သည့် မြန်မာနှစ်ဆန်း (၁) ရက်ဖြစ်သည့်အတွက် အကယ်၍သာ ဒီနေ့မှာ “မာရသာ” ဝင်ခဲ့ရင်. . . . .။

အခုတော့ဖြင့် တစ်နိုင်ငံလုံး ပြုံးပျော်ကြည်နူးကြရပါသည်။ နှစ်သစ်မှစပြီး အန္တရာယ်အပေါင်း ဘေးအပေါင်းတို့မှကင်းဝေးပြီး ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် မြန်မာတိုင်းရင်းသား ညီအစ်ကို မောင်နှမများလည်း နှလုံးစိတ်ဝမ်းအေးချမ်းခဲ့ကြပါသည်။ နှစ်သစ်မှစပြီး မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး သက်ရှည်ကျန်းမာ ဘေးရန်ကွာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြစေရန် ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ယခုနှစ်သည် ဒီမိုကရေစီစနစ်ဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ပြီး အရှိန်အဟုန်ဖြင့် ပြည်သူများနှင့်အတူ ရှေ့သို့ချီတက်နေသည့် စာရေးသူတို့၏ နိုင်ငံတော်သစ်ကြီးသည် အမှန်တကယ်ပင် ဖွံ့ဖြိုးတိုးတက်လာတော့မည့် အောင်အတိတ်၊ အောင်နိမိတ်ကောင်းများ ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

## ကျောင်းကုန်းမြို့တွင် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကျင်းပ

**ကျောင်းကုန်း ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မြို့မရဲစခန်းရှေ့ အောင်ဆန်းတံတား၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါငါးလွှတ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ စုပေါင်း၍ ဇီဝိတဒါနအဖြစ် ရွှေဝါငါးကြင်း ကောင်ရေ တစ်သောင်းခွဲခန့်အား ဒါးကမြစ်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## မန်စီ၌ မိုင်းပေါက်ကွဲမှုဖြစ်ပွား

**ဗန်းမော် ဧပြီ ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့၏ အရှေ့ဘက်၌ ဧပြီ ၁၉ ရက် ညနေ ၅ နာရီ ၅ မိနစ်က မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တောင်ယာသွားသည့် ပြင်ဦးလွင်ရပ်ကွက်နေ ဦးဝဖိုင်ဘရန်နန်နှင့် ဒေါ်အလဲမီးတို့၏ သမီးသုံးဦးကို ထိမှန်ခဲ့ပြီး မထုတောင် (၉)နှစ်သည် အခင်းဖြစ်ရာ၌ပင် တစ်ကိုယ်လုံး ဒဏ်ရာများဖြင့် အသက်ဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

မဂျာဆိုင်းပန်(၂၂)နှစ်သည် ဝဲပေါင်၊ ဝဲရင်အုံ၊ ယာခြေသလုံးတို့၌ ဒဏ်ရာများရရှိထားပြီး မဂျီးပန်(၁၅)နှစ်သည် ဝဲလက်မောင်းအောက်၊ ခါး၊ ဝဲပေါင် တို့၌ ဒဏ်ရာများရရှိခဲ့ပြီး မန်စီပြည်သူ့ဆေးရုံမှ ဗန်းမော်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းဆေးကုသလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မြနန်းစံကျော်ရွှေနန်းတော်နှင့် မြန်မာ့ရိုးရာရှင်ပြုနားသအလှူ ရှင်လောင်းလှည့်ပွဲမှာ အလှပဆုံးသော မြင်ကွင်းတစ်ခုဖြစ်နေ

**မန္တလေး ဧပြီ ၁၉**

မန္တလေးမြို့မှာ မြန်မာဘုရင်များ၏နောက်ဆုံးမင်းနေပြည်ဖြစ်သလို မြနန်းစံကျော်ရွှေနန်းတော်သည် မန္တလေးမြို့၏အထင်ကရနေရာပင်ဖြစ်သည်။ကျုံး၊ မြို့ရိုးနှင့်တကွ သမိုင်းဝင်အဆောက်အအုံများမှာ နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများကိုပါစွဲဆောင်လျက်ရှိသည်။ထူးထူးခြားခြားအနေဖြင့် ကြုံခဲလှသောမြင်ကွင်းမှာ မြန်မာ့ရိုးရာအလှူရှင်လောင်းလှည့်ပွဲတွင်ဆင်၊မြင်း၊ရွှေလှည်း၊ ငွေလှည်း၊ပတ္တမြားလှည်းများဖြင့် နန်းတော်ကိုပတ်ကာလှည့်လည်ခြင်းမှာ အလှပဆုံးသောမြင်ကွင်းဖြစ်သလို ရွှေနန်းတော်နှင့်အလိုက်ဖက်ဆုံးမြင်ကွင်းအဖြစ် မြင်တွေ့နေရသည်။ရှားပါးသောမြင်ကွင်းဖြစ်သည့်အတွက် နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်းဓာတ်ပုံပညာရှင်များအတွက် ရှားပါးရိုက်ကွင်းတစ်ခုအဖြစ်တည်ရှိသလို ရှေးခေတ်ရတနာပုံခေတ်ကိုတမ်းတမှန်းဆစရာမြင်ကွင်းအဖြစ်မြင်တွေ့နေရသည်။

ဆင်၊မြင်းများ ရှင်လောင်းများဖြင့်လှပခန့်ညားလှသည့် မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ရုတ်တရက် မြင်တွေ့လိုက်ရပါက ရှေးခေတ်ကကိုယ့်ထီးကိုယ့်နန်းနှင့်နေထိုင်အုပ်ချုပ်ခဲ့ပုံနှင့် မြနန်းစံကျော်ရွှေနန်းတော်ကြီး နောက်ခံသမိုင်းကို လွမ်းဆွတ်ဖွယ်ခံစားနိုင်သည်။မင်းတုန်းမင်း၊ ပုဂံမင်းတို့၏ခမည်းတော်ဖြစ်သည့် သာယာဝတီရွှေဘိုမင်းသည် နောင်တော်စစ်ကိုင်းမင်း(ဘကြီးတော်)ထံမှ ရတနာပူရ အင်းဝရွှေနန်းတော်ကို လွှဲပြောင်းစိုးစံခဲ့သည်။ထိုမှသည်မြို့တော်ကို အမရပူရသို့ပြောင်းရွှေ့စံမြန်းခဲ့ခြင်းမှ စတင်ခဲ့ပေသည်။

နန်းတော်ပြီးသည့်အခါ နန်းမြို့ကိုအောင်မြေစံရာ၊ နန်းတော်ကို အောင်နန်းသာစံဟုကမ္ပည်းတပ်တော်မူပြီး စိုးစံခဲ့သည်။ထိုအောင်နန်းသာစံနန်းတော်တွင်ပင် သားတော်ပုဂံမင်းဆက်လက်စိုးစံခဲ့ကြောင်း သိရသည်။ညီတော်မင်းတုန်းမင်းလက်ထက်တွင် မြို့သစ်တည်ဆောက်ရာ၌ အောင်နန်းသာစံရွှေနန်း ပြာသာဒ်တော်ကြီးကိုပင် ထုပ်၊လျှောက်၊ကွန်းတိုင်၊လက်ခံတိုင်တို့ကိုအမှတ်အသားပြုဖျက်ကာ မန္တလေး မြနန်းစံကျော်ရွှေနန်းတော်ကြီးကို အဆောင်ဆောင် အခန်းခန်းဖြင့် ခမ်းနားစွာတည်ဆောက်စံမြန်းတော်မူခဲ့သည်။

သားတော်သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၇ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၈၅ ခုနှစ်)တွင် နယ်ချဲ့တို့သိမ်းပိုက်ကာ အရှင်နှစ်ပါးပါတော်မူပြီး အဖိုးတန်ရွှေငွေရတနာရှေးဟောင်းပေ၊ပုရပိုက်စာတို့နယ်ချဲ့တို့ ယူငင်ခြင်း၊ဖျက်ဆီးခြင်းကိုခံခဲ့ရသည်။သက္ကရာဇ် ၁၂၆၈ ခု(ခရစ်သက္ကရာဇ်၁၉၀၆ခုနှစ်)ခန့်တွင် မြန်မာကျောက်စာဌာနပေါ်ပေါက်လာကာရွှေနန်းတော်ကြီးကိုအဘက်ဘက်မှ ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်း၊ လိုအပ်သလိုမှတ်တမ်းများရေးမှတ်နိုင်ခဲ့သည်။ဒုတိယကမ္ဘာစစ်ဖြစ်ပြီးကာလသက္ကရာဇ် ၁၃၀၇ ခုနှစ် (ခရစ်နှစ် ၁၉၄၅ ခုနှစ်) အင်္ဂလိပ်နှင့်ဂျပန်တိုက်ပွဲအကြား မီးလောင်ကျွမ်းပျက်စီးသွားခဲ့ပေသည်။နောက်ပိုင်းတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အချုပ်အချာအာဏာထိန်းသိမ်းကာကွယ်ရေး၊အမျိုးသားယဉ်ကျေးမှုအားပေးမြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် ရွှေနန်းတော်ပြန်လည်တည်ဆောက်ရေးကြီးကြပ်မှုဗဟိုကော်မတီကိုဖွဲ့စည်းကာ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ ပညာရှင်အသီးသီးမှ မှတ်တမ်းများစွာကူညီပေးခြင်းများမှသည် အဆောင်ပေါင်း ၁၁၄ ဆောင်ဖြင့် ခမ်းနားထည်ဝါလှသော မြနန်းစံကျော်ရွှေနန်းတော်အဖြစ် ဂုဏ်ယူဖွယ်ပေါ်ပေါက်လာခဲ့ပေသည်။လက်ရှိကာလတွင်နန်းမြို့ရိုးအတွင်းရှင်လောင်းလှည့်လာသောဆင်၊ မြင်းများ၊ ရွှေလှည်း၊ ငွေလှည်းများ၏ မြင်ကွင်းမှာအထူးစိတ်ဝင်စားဖွယ်ရာ အလှမြင်ကွင်းတစ်ခုအဖြစ်မြင်တွေ့ရပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ၊ ပြည်တွင်ဘုရားဖူးများအထူးစိတ်ဝင်စားကာ မှတ်တမ်းယူကြကြောင်းသိရသည်။

**(တိမ်တမန်)**



# ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ဆိုင်ကလုန်းမုန်တိုင်း မာရသာအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဒေသခံတောင်သူများ မိုးဦးသီးနှံများစတင်စိုက်ပျိုး

**ညောင်ဦး ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့်ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ဧပြီ ၁၇ ရက်က ဆိုင်ကလုန်းမုန်တိုင်း မာရသာ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် အဆိုပါ မြို့နယ်များအတွင်းရှိ ဒေသခံကျေးလက်နေတောင်သူများ မိုးဦးသီးနှံများ စတင်စိုက်ပျိုးခွင့်ရရှိ၍တောင်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြကြောင်း ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်နှင့်ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ဆိုင်ကလုန်းမုန်တိုင်း မာရသာအရှိန်ကြောင့် မိုးများသည်းထန်စွာရွာသွန်းခဲ့သော်လည်း ယခင် စိုက်ပျိုးထားပြီးဖြစ်သော နွေစပါးသီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးမှုမရှိကြောင်း၊ သို့သော် သင်္ကြန်ကာလအပြီး နွေနှောင်းသီးနှံစိုက်ပျိုးရန်အတွက် မြေပြုပြင်ထားပြီးဖြစ်သည့် လယ်ယာမြေများတွင် မိုးရေဝင်ရောက်မှုများပြီး အစိုဓာတ်များကာနွေနှမ်းစိုက်ပျိုးရန်အချိန် အနည်းငယ်နောက်ကျနိုင်ဖွယ်ရှိကြောင်း ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်က ပြောသည်။

ထို့အပြင် ညောင်ဦးမြို့နယ်အတွင်းရှိ တောင်သူတစ်ဦးကလည်း “ကျွန်တော်တို့ညောင်ဦးမြို့နယ်မှာ ဧပြီ ၁၇ ရက်က ဆိုင်ကလုန်းမုန်တိုင်း မာရသာ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် ပြီးခဲ့တဲ့နှစ်တွေထက် မိုးဦးသီးနှံစောစောစီးစီး စိုက်ပျိုးခွင့်ရလို့ဝမ်းသာနေရပါတယ်။ အခု ရွာသွန်းတဲ့မိုးကလည်း မိုးရေချိန်လက်မ ၄ ဒသမ ၁၀ အထိ ရွာသွန်းခဲ့တယ်လို့ သိရပါတယ်။ မိုးရွာတဲ့အချိန်ကလည်းကြာတော့ မြေအစိုဓာတ်များတာကြောင့် သီးနှံအပင်ပေါက်ဖို့အတွက် ပူစရာမလိုတော့ပါဘူး။

ကျွန်တော်တို့ရွာမှာတောင်သူတွေ မိုးဦးသီးနှံအဖြစ် စိုက်ပျိုးကြတာကတော့ မြေပဲ၊ နှမ်းနဲ့ ပဲစင်းငုံသီးနှံကို စိုက်ပျိုးကြတာ များပါတယ်။ မိုးဦးသီးနှံတွေထဲမှာ ကျွန်တော်တို့ဒေသမှာ မိုးဦးနှမ်းမရတာဆိုရင် သုံး၊ လေးနှစ်လောက်ရှိသွားပါပြီ။ ဒီနှစ်တော့ မိုးဦးနှမ်းက တန်ခူးလထဲမှာ စိုက်ပျိုးခွင့်ရတဲ့အတွက် နောက်မိုးရွာသွန်းရက်မကြာဘူးဆိုရင် နှောင်းသီးနှံအတွက် ရဖို့စိတ်ချရပါတယ်” ဟု ညောင်ဦးမြို့နယ် တောင်ဘကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။



ယခုအချိန်တွင်ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် တောင်သူများ ဆိုင်ကလုန်းမုန်တိုင်း မာရသာ အရှိန်ကြောင့် မိုးရွာသွန်းမှုအားကောင်းခဲ့သဖြင့် တောင်သူများ မိုးဦးသီးနှံများ စတင်စိုက်ပျိုးလျက်ရှိနေကြပြီး မိုးရွာသွန်းမှုကြောင့် အညာကျေးလက်ဒေသများရှိ မြေသားမိုးရေလှောင်ကန်များတွင်လည်း မိုးရေများ ဝင်ရောက်မှုများရှိသဖြင့် တောင်သူများအတွက် သောက်သုံးရေဖူလုံစေသည့်အပြင် စိတ်အေးချမ်းသာစွာ သီးနှံစိုက်ပျိုးခွင့်များရရှိပြီး အဆင်ပြေလျက်ရှိကြောင်း ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ✻ သင်္ကြန်အပြီးကာလမှ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ကျုံးရေပြင်သန့်ရှင်းစင်ကြယ်စေရန် နေ့စဉ်မော်ဆယ်စက်ကြီးများဖြင့် ဒိုက်မော်များအား ပုံမှန်ဆယ်ယူရှင်းလင်းပေးနေသကဲ့သို့ သင်္ကြန်တွင်းကာလများ၌လည်း ကျုံးအတွင်းစွန့်ပစ်ခဲ့သည့် အမှိုက်များအား နေ့စဉ် ဆယ်ယူရှင်းလင်းမှုများကို ဆောင်ရွက်ခဲ့ကြောင်း ယင်းဌာနမှ ဌာနစုမှူး ဦးလှမြင့်က ပြောသည်။

“သင်္ကြန်ကာလမှာ အစည်ကားဆုံးဖြစ်တဲ့ ကျုံးပတ်လည်မှာ လာရောက်လည်ပတ်သူတွေ စွန့်ပစ်ခဲ့တဲ့ ဘူးခွံ၊ ပုလင်းခွံတွေကို နိုင်ငံခြား မော်ဆယ်စက် နှစ်လုံး၊ ပြည်တွင်းထုတ် မော်ဆယ်စက် ခြောက်လုံးနဲ့ ဆယ်ယူရှင်းလင်းပေးခဲ့သလို အခုသင်္ကြန်ပြီးတော့လည်း လက်ကျန် အမှိုက်တွေနဲ့ ဒိုက်မော်တွေကို ဆယ်ယူနေပါတယ်”ဟု ၎င်းက ပြောသည်။

မန္တလေးနန်းမြို့ရိုးနှင့် ကျုံးအလှသည် မြို့တော်၏ဂုဏ်ကို တင့်တယ်စေသည့်အတွက် မြို့တော်စည်ပင်မှ သန့်ရှင်းရေးလုပ်ငန်းများကို အထူးဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများမှလည်း ပူးပေါင်းပါဝင်စေလိုကြောင်း ၎င်းကဆက်လက်အကြံပြုပြောကြားခဲ့သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ပေး

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက် ချစ်ကြည်ရေးလမ်းနှင့် ဦးဘဝင်းလမ်းထောင့်ရှိ ထရန်စဖော်မာသည် ယနေ့ နံနက် ၈ နာရီခန့်က ရှော့(ခ်)ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် လှိုင်သာယာမြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ မန်နေဂျာ ဦးဖုန်းမြင့်ဝင်း၊ မြို့နယ်အင်ဂျင်နီယာ ဦးသီဟထွန်းနှင့် ကော်ပိုရေးရှင်းမှတာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

❑



**ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စံပြ/စီမံကိန်းရပ်ကွက် ရန်မျိုးအောင်ဘုရားကြီးကျောင်းတိုက်၌ သီတင်းသုံးတော်မူကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်အပါး ၇၀ ကျော်တို့ မြန်မာနှစ်သစ်နှစ်ဦး ဆွမ်းဆန်စိမ်းများ အလှူခံရန် မေ ၁၉ ရက် ည ၄ နာရီက ကြီးပွားရေးရပ်ကွက်သို့ ကြွရောက်ရာ ရပ်ကွက်နေအလှူရှင်များက အအေးဖျော်ရည်၊ အာဟာရဆွမ်းများနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူကြစဉ်။** (တင်ကြည်-သဃ်န်းကျွန်း)

# အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်း(၂/၂၀၁၇)ဆင်းပွဲ ကျင်းပ

**မန္တလေး မေ ၁၉**

ကြက်ခြေနီအသင်း ရှေးဦးသူနာပြုလုပ်ငန်းတို့သည် လူသားချင်းစာနာစိတ်ထား၍ ဆောင်ရွက်ကြရပြီး ဝါသနာပါသူများဖြင့် ဖွဲ့စည်းထားကာ သူတစ်ပါးထက် စွန့်လွှတ်၊ ကယ်တင်ချင်စိတ်များရှိရသောကြောင့် တန်ဖိုးမဖြတ်နိုင်သော အလုပ်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းတွင် မေ ၁၁ ရက် နံနက်ပိုင်းက ပြုလုပ်သော အောင်မြေသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲ၊ အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်း(၂/၂၀၁၇) ဆင်းပွဲတွင်သင်တန်းသား ကျောင်းသား ကျောင်းသူများအား ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပိတ်ရက်တွင် ယခုကဲ့သို့ သင်တန်းတက်ရောက်ခြင်းသည် များစွာအကျိုးရှိပါကြောင်း၊ အချိန်ကို အကျိုးရှိစွာ အသုံးချစေချင်ကြောင်း၊ ယင်းအတွေ့အကြုံများမှာ နောင်တွင် များစွာအဖိုးတန်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲမစတင်မီတွင် ကျောင်းအားကစားကွင်း၌ အောင်မြေသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများ၊ သရုပ်ပြများက စစ်မြေပြင်လူနာကောက်ခြင်းကို ပြသခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်က ကြက်ခြေနီအသင်းကြီး၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ပြောကြားပြီး သင်တန်းထူးချွန်ဆုရ ကျောင်းသူများအား ဆုနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော ဒေါက်တာရဲလွင်၊ ဒေါက်တာစိုးသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ကျော်ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းကို မတ် ၁၉ ရက်တွင် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၁၀ ရက်တာ ပို့ချခဲ့ကာ အောင်မြေသာစံမြို့နယ်ရှိ အခြေခံပညာကျောင်းမှ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူ ၈၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျောင်းကုန်းမြစ်ကူးတံတားအနီး ဒါးကမြစ်ချောင်းအတွင်း ပုပ်ပွနေသော လူသေအလောင်းတစ်လောင်း တွေ့ရှိ

**ပုသိမ် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းအုပ်စု ကျောင်းကုန်းမြစ်ကူးတံတားအနီး ဒါးကမြစ်ချောင်းအတွင်း မေ ၁၉ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်က ပုပ်ပွနေသော လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့သည်။

ယင်းနေ့ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် ဒုရဲအုပ်သန့်ဇင်သည် ကျောင်းကုန်းမြို့မရဲစခန်းတွင် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဌေးက ဖုန်းဖြင့်ဆက်သွယ်၍ ကျောင်းကုန်းမြစ်ကူးတံတားအနီး ဒါးကမြစ်ချောင်းအတွင်း၌ ပုပ်ပွနေသော လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သတင်းပေးမှုအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကိုဝင်းဦး(၅၀)နှစ် ဗောဓိကုန်းရပ် သစ်ဆိမ့်ကုန်းအုပ်စု ကျောင်းကုန်းမြို့နယ်နေသူဖြစ်သည်။ သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေး ဆောင်ရွက်နိုင်ရန် ကျောင်းကုန်းဆေးရုံသို့ ပေးပို့ထားပြီး ကျောင်းကုန်းမြို့မရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ်(၃/၂၀၁၇)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# မိုးညှင်းမြို့နယ်တွင် ယာဉ်တိမ်းမှောက်

**မိုးညှင်း မေ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လုံးတုံနယ်မြေအတွင်းရှိ နန့်မွန်းကျေးရွာအရှေ့တောင်ဘက် လေးမိုင်ခန့်အကွာ မိုးညှင်း-နန့်မွန်းကားလမ်း ကပ်ကျော်တောင်ပေါ်တွင် တည်ထားသော စေတီတော်ဌာပနာပိတ်ပွဲမှအပြန် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဦးလောဟူ နန့်မွန်းကျေးရွာနေသူ မောင်းနှင်လာသော ယာဉ်အမှတ် 5B/---- သည် တောင်ကုန်းအဆင်းလမ်းကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်ခဲ့ရာ သံဃာတစ်ပါးပျံလွန်တော်မူခဲ့ပြီး လူ ၁၀ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

နန့်မွန်းကျေးရွာ နန့်မွန်းကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သူ ဦးကဝိန္ဒသည် ဒဏ်ရာရရှိကာ ပျံလွန်တော်မူပြီး ဦးလောဟူ၊ မောင်ဇော်လင်းဦး၊ မောင်နိုင်ဝင်းထွန်း၊ မောင်ဝင်းခိုင်၊ ဦးသန်းရွှေ၊ ဦးတင်မြင့်၊ မောင်ဂျက်မောင်မောင်၊ ဦးတင်လှိုင်၊ မောင်စိုင်းမင်းအောင်၊ ဦးညွန့်အောင်တို့ ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် မိုးညှင်းပြည်သူ့ဆေးရုံသို့ တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့များက ကူညီပို့ဆောင်ပေးခဲ့ကြပြီး ယာဉ်မောင်းအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**




**မန္တလေးမြို့ မဟာသင်္ကြန် လမ်းလျှောက်သင်္ကြန်ပွဲတော် မုခ်ဦးအား မေ ၁၉ ရက် မွန်းလွဲပိုင်းက (၂၆) လမ်းမှ (၇၈)လမ်းသို့ ယာဉ်မောင်းကျော်ဇင်လတ် မောင်းနှင်လာသည့် Express ကားခေါင်မိုးဖြင့် တိုက်မိစဉ်။**

***[အဆိုပါဖြစ်စဉ်ကို မန်းစည်ပင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက အမြန်ဆုံးရှင်းလင်းခဲ့ပြီး ယာဉ်မောင်းအား အရေးယူဆောင်ရွက်နိုင်ရန် ယာဉ်ထိန်းရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသည်။]***

တင်မောင်(မန်းကိုယ်ပွား)

# မြစိမ်းရောင်စီမံကိန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ခရမ်း မေ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ ဦးသိန်းဇော်လတ်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် ဝန်ထမ်းများ၊ ခရမ်းမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်နေသည့် ကျေးရွာ ၂၀ မှ ကော်မတီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားဖွင့်လှစ်ခဲ့ပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီဥက္ကဋ္ဌများက ကျေးရွာများအလိုက်ဆောင်ရွက်မှုများ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ တိုးပွားလာသည့် အမြတ်ငွေများအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခွဲဝေသုံးစွဲရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြပြီး တက်ရောက်သူများအချင်းချင်း လုပ်ငန်းအတွေ့အကြုံများနှင့် နည်းလမ်းကောင်းများကို ဝိုင်းဝန်းအဖြေရှာ၍ စီမံကိန်းလုပ်ငန်းများ တိုးတက်အောင်မြင်ရေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**



# အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲပြုလုပ်



**ရန်ကုန် မေ ၁၉**
ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို မေ ၁၈ ရက် ညနေ ၅ နာရီက အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဗိုလ်ဗိုလ်လွင်နှင့် ဒေသခံပြည်သူများနှင့် ကန်တော့ခံသက်ကြီးဘိုးဘွားများ တက်ရောက်ကြသည်။

ထို့နောက် ကန်တော့ခံဘိုးဘွားများအား ကန်တော့ကြပြီး အလှူငွေနှင့် အလှူပစ္စည်းများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အလှူရှင်များက သက်ကြီးဘိုးဘွားများထံ လှူဒါန်းကြသည်။

ဆက်လက်၍ သက်ကြီးဘိုးဘွားများကိုယ်စား ကန်တော့ခံအဘိုးတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယနေ့ပြုလုပ်သော သက်ကြီးဘိုးဘွားပူဇော်ပွဲအတွက် လွတ်လပ်ရေးရပ်ကွက်အတွင်းရှိ ပြည်သူများက တစ်နေ့လျှင် ကျပ် ၂၀၀ နှုန်း စုဆောင်းပြီး အလှူရှင်များနှင့်အတူ အသက် (၇၅)နှစ်အထက် ဘိုးဘွား ၈၀ အား တတိယအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

❒

# မာရသာမုန်တိုင်းကြောင့် နေအိမ်ပျက်စီးခဲ့သော ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်ကုတ် မေ ၁၉**
မာရသာမုန်တိုင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော ကျေးရွာများသို့ မေ ၁၇ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပစ္စည်းများ ပေးအပ် ခဲ့ကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးခဲ့ရသော ပြင်ကြီးကျေးရွာအုပ်စု တောင်ရင်းကျေးရွာနေ ဦးမောင်ဝင်း၏ နေအိမ်အမိုးအကာ ပျက်စီးမှုအတွက် ငွေကျပ် ၂၀၀၀၀၀၊ ဦးမောင်တင်၏ နေအိမ်အမိုး၊ အကာပျက်စီးမှုအတွက် ထောက်ပံ့ငွေ ၁၅၀၀၀၀၊ ပြင်ကြီး အထက ခေါင်မိုးသွပ် အချပ် ၃၀ ပျက်စီးမှုအတွက် ထောက်ပံ့ငွေ ၈၈၂၀၀၊ ပြင်ကြီး ဘုန်းတော်ကြီးကျောင်း ခေါင်မိုးသွပ်ပျက်စီးခဲ့မှုအတွက် ကျပ် ၂၆၂၀၄၀၊ ဂျိ၀ အမက ခေါင်မိုးပျက်စီးမှုအတွက် ကျပ် ၁၄၂၈၀ တို့ကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ကျောက်ဖြူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်ထွန်းအောင်နှင့် အဖွဲ့ကလည်း တောင်ရင်းကျေးရွာရှိ အိမ်ထောင်စု နှစ်စု၊ နတ်ကန်ကျေးရွာရှိ အိမ်ထောင်စု လေးစု၊ ကံဆိပ်တောင်ကျေးရွာရှိ အိမ်ထောင်စု တစ်စုတို့အား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀၊ အဝတ်အထည်နှင့် အိမ်သုံးပစ္စည်းများတန်ဖိုး ကျပ် ၈၁၃၀၊ ပြင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ကျပ် ၅၈၈၀၀ တို့ကို ထောက်ပံ့ခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ မေ ၁၈ ရက်တွင် ဂျိပြင်အုပ်စု နတ်ကန်ကျေးရွာတွင် ပျက်စီးဆုံးရှုံးခဲ့သော နေအိမ်ငါးလုံး၏ အမိုး၊ အကာ ပျက်စီးဆုံးရှုံးခဲ့မှုအတွက် ကျပ် ၅၁၀၀၀၀၊ အရှေ့ဘက်ကျေးရွာအုပ်စု ကံဆိပ်တောင်ကျေးရွာတွင် နေအိမ် တစ်လုံး ပျက်စီးမှုအတွက် ငွေကျပ် ၁၅၀၀၀၀ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိတ်ဇောမပါသော ဆိုင်ကယ်နှင့်ကားများ နေ့/ည ဆူညံစွာမောင်းနှင်နေမှုကို ကြပ်မတ်ရန် ဒေသခံများလိုလား

**ဟိုင်းကြီးကျွန်း မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် အိတ်ဇောမပါသော ဆိုင်ကယ်နှင့် ကားများ နေ့/ည ဆူညံစွာမောင်းနှင်သွားလာနေမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက ထိန်းသိမ်းစစ်ဆေးဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

"သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများနှင့် မွေးကင်းစကလေးငယ်များရှိတဲ့ နေအိမ်တွေအတွက် နေ့/ည အရှိန်ပြင်းစွာ မောင်းနှင်သွားလာနေကြတဲ့ အိတ်ဇောမပါတဲ့ ဆိုင်ကယ်နဲ့ ကားတွေက အဆိုးဆုံးပါပဲ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဟိုင်းကြီးကျွန်းမြို့သည် ယခုအချိန်တွင် ယခင်ကထက် လူဦးရေ တိုးတက်လာသကဲ့သို့ ဆိုင်ကယ်နှင့် ကားသုံးစွဲမှုများလာသည့်နည်းတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ညီညွတ်စွာ မောင်းနှင်သွားလာနိုင်စေရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်ပါက အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။
၂။ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။
၄။ အလင်းပြန်သော အဖြူရောင်(သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
၅။ နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။
၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။
၇။ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။
၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ။
၉။ အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန်အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံ နှစ်ဖက်တို့အား ရေအေး ပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှု ခံယူစေပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နမ့်ဆန်မြို့ အထက်မန်လွယ်ကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**နမ့်ဆန် မေ ၁၉**
ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မန်လွယ်ကျေးရွာအုပ်စု (အထက်)မန်လွယ်ကျေးရွာတွင် ယနေ့ နံနက် ၄ နာရီ ၅ မိနစ်က ဦးအိုက်ဟိန်း(ဘ)ဦးတာကွန်ဖောင်၏နေအိမ်၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်၊ အတွင်းရေးမှူးဦးသိန်းဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးသန့်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတို့ ဝိုင်းဝန်းပူးပေါင်း ငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး နံနက် ၅ နာရီ ၃၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်သုံးလုံးမီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၁၆ စု၊ အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၁၁၁ ဦးတို့ မီးဘေး သင့်ခဲ့သည်။

အဆိုပါမီးဘေးသင့်ပြည်သူများအား နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်(အထက်) မန်လွယ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ စီစဉ်ဆောင်ရွက်ပေးထားပြီးမီးပေါ့ဆစွာသုံးစွဲသည့် ဦးအိုက်ဟိန်းအား နမ့်ဆန်မြို့ မြို့မရဲစခန်းက စစ်ဆေးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မေ ၁၉**

၁။ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလ ၁၃-၄-၂၀၁၇ ရက်နေ့မှ ၁၆-၄-၂၀၁၇ ရက်နေ့အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**(က) အမှုကြီးဖြစ်ပွားမှု**

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ |
|---|---|---|---|---|
| ၁ | လူသတ်မှု | ၁၉ | ၁၉ | - |
| ၂ | လုယက်မှု | ၂ | - | ၁ |
| ၃ | မုဒိမ်းမှု | ၁၇ | - | - |
| ၄ | တိရစ္ဆာန်ခိုးမှု | ၁ | - | - |
| | **စုစုပေါင်း** | **၃၉** | **၁၉** | **၁** |

**(ခ) အခြားအမှုဖြစ်ပွားမှု**

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ |
|---|---|---|---|---|
| ၁ | ခိုးမှု ၆(၁) | ၁၈ | - | - |
| ၂ | ခိုးမှု(ဆိုင်ကယ်) | ၆ | - | - |
| ၃ | ခိုးမှု(ကား) | ၂ | - | - |
| ၄ | ခိုးမှု(နှိုက်) | ၄ | - | - |
| ၅ | ခိုးမှု(ရိုးရိုး) | ၁၈ | - | - |
| ၆ | ခိုးမှု(၃၈၂) | ၁ | - | ၃ |
| ၇ | နာကျင်(ယာဉ်) | ၃၅၇ | ၁၃၉ | ၇၅၉ |
| ၈ | နာကျင်(ရိုးရိုး) | ၁၂၆ | - | ၁၉၂ |
| ၉ | ကျန်အခြားမှု | ၂၉၈ | ၁၁ | ၁၁၈ |
| | **စုစုပေါင်း** | **၈၃၀** | **၁၅၀** | **၁၀၇၂** |

**(ဂ) ကြိုတင်ကာကွယ်ဖမ်းဆီးမှု**

| စဉ် | အမှုအမျိုးအစား | ဖမ်းဆီးမှု |
|---|---|---|
| ၁ | လက်နက်ပုန်း | ၅၆ |
| ၂ | ကျင့် ၅၄(ခိုးမှု/ ခါးပိုက်နှိုက်မှု) | ၁၁၀ |
| ၃ | ယစ်မျိုး | ၅၃ |
| | **စုစုပေါင်း** | **၂၁၉** |

**(ဃ) သေမှုသေခင်းရေးဖွင့်မှု။ ၁၁၂ မှု၊ သေဆုံးသူ ၁၁၆ ဦး**

**(င) စုစုပေါင်းသေဆုံးသူ ၂၈၅ ဦး၊ ဒဏ်ရာရရှိသူ ၁၀၇၃ ဦး။**

၂။ ၎င်းအမှုများအနက် သင်္ကြန်နှင့်ပတ်သက်သော မှုခင်းဖြစ်မှုအမျိုးအစားများ အောက်ပါအတိုင်း ပါဝင်ပါသည်-

**(က) အမှုကြီးဖြစ်ပွားမှု**

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ |
|---|---|---|---|---|
| ၁ | လူသတ်မှု | ၁ | ၁ | - |
| ၂ | မုဒိမ်းမှု | ၁ | - | - |
| | **စုစုပေါင်း** | **၂** | **၁** | **-** |

**(ခ) အခြားအမှုဖြစ်ပွားမှု**

| စဉ် | အမှုအမျိုးအစား | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ |
|---|---|---|---|---|
| ၁ | ခိုးမှု(ဆိုင်ကယ်) | ၂ | - | - |
| ၂ | ခိုးမှု(နှိုက်) | ၂ | - | - |
| ၃ | နာကျင်(ယာဉ်) | ၃၁ | ၇ | ၁၁၀ |
| ၄ | နာကျင်(ရိုးရိုး) | ၅၃ | - | ၈၂ |
| ၅ | ကျန်အခြားမှု | ၁၃ | - | ၂ |
| | **စုစုပေါင်း** | **၁၀၁** | **၇** | **၁၉၄** |

**(ဂ) ကြိုတင်ကာကွယ်ဖမ်းဆီးမှု**

| စဉ် | အမှုအမျိုးအစား | ဖမ်းဆီးမှု |
|---|---|---|
| ၁ | လက်နက်ပုန်း | ၁၆ |
| ၂ | ယစ်မျိုး | ၈ |
| ၃ | ကျင့် ၅၄(ခိုးမှု/ ခါးပိုက်နှိုက်မှု) | ၇၃ |
| | **စုစုပေါင်း** | **၉၇** |

**(ဃ) သေမှုသေခင်းရေးဖွင့်မှု။ ၈ မှု၊ သေဆုံးသူ ၈ ဦး**

၃။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် သင်္ကြန်နှင့်ပတ်သက်၍ မှုခင်းဖြစ်ပွားမှုနှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) အမှုကြီးဖြစ်ပွားမှု**

| စဉ် | အမှုအမျိုးအစား | ၂၀၁၆ | | | ၂၀၁၇ | | | တိုး/လျော့ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ |
| ၁ | လူသတ်မှု | ၃ | ၃ | - | ၁ | ၁ | - | -၂ | -၂ | - |
| ၂ | မုဒိမ်းမှု | ၁ | - | - | ၁ | - | - | - | - | - |
| | စုစုပေါင်း | ၄ | ၃ | - | ၂ | ၁ | - | -၂ | -၂ | - |

**(ခ) အခြားအမှုဖြစ်ပွားမှု**

| စဉ် | အမှုအမျိုးအစား | ၂၀၁၆ | | | ၂၀၁၇ | | | တိုး/လျော့ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ |
| ၁ | ခိုးမှု(ဆိုင်ကယ်) | ၄ | - | - | ၂ | - | - | -၂ | - | - |
| ၂ | ခိုးမှု(နှိုက်) | - | - | - | ၂ | - | - | +၂ | - | - |
| ၃ | ခိုးမှု(ရိုးရိုး) | ၁ | - | - | - | - | - | -၁ | - | - |
| ၄ | နာကျင်(ယာဉ်) | ၄၆ | ၁၄ | ၂၃၅ | ၃၁ | ၇ | ၁၁၀ | -၁၅ | -၇ | -၁၂၅ |
| ၅ | နာကျင်(ရိုးရိုး) | ၅၄ | - | ၇၃ | ၅၃ | - | ၈၂ | -၁ | - | +၉ |
| ၆ | ကျန်အခြား | ၂၂ | ၁ | ၈ | ၁၃ | - | ၂ | -၉ | -၁ | -၆ |
| | စုစုပေါင်း | ၁၂၇ | ၁၅ | ၃၁၆ | ၁၀၁ | ၇ | ၁၉၄ | -၂၆ | -၈ | -၁၂၂ |

**(ဂ) ကြိုတင်ကာကွယ်ဖမ်းဆီးအရေးယူမှု**

| စဉ် | အမှုအမျိုးအစား | ၂၀၁၆ | | | ၂၀၁၇ | | | တိုး/လျော့ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ |
| ၁ | လက်နက်ပုန်း | ၁၄ | - | - | ၁၆ | - | - | +၂ | - | - |
| ၂ | ယစ်မျိုး | ၁၇ | - | - | ၈ | - | - | -၉ | - | - |
| ၃ | ခါးပိုက်နှိုက်မှု | ၆၄ | - | - | ၇၃ | - | - | +၉ | - | - |
| | စုစုပေါင်း | ၉၅ | - | - | ၉၇ | - | - | +၂ | - | - |

**(ဃ) သေမှုသေခင်းဖြစ်ပွားမှု**

| စဉ် | အမှုအမျိုးအစား | ၂၀၁၆ | | | ၂၀၁၇ | | | တိုး/လျော့ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ | အမှု | သေဆုံး | ဒဏ်ရာရ |
| ၁ | သေမှုသေခင်း | ၁၅ | ၁၇ | - | ၈ | ၈ | - | -၇ | -၉ | - |

**(င) သေဆုံး/ဒဏ်ရာရရှိသူစာရင်း**

| စဉ် | အမှုအမျိုးအစား | ၂၀၁၆ | | ၂၀၁၇ | | တိုး/လျော့ | |
|---|---|---|---|---|---|---|---|
| | | သေဆုံး | ဒဏ်ရာရ | သေဆုံး | ဒဏ်ရာရ | သေဆုံး | ဒဏ်ရာရ |
| ၁ | လူသတ်မှု | ၃ | - | ၁ | - | -၂ | - |
| ၂ | နာကျင်(ယာဉ်) | ၁၄ | ၂၃၅ | ၇ | ၁၁၀ | -၇ | -၁၂၅ |
| ၃ | နာကျင်(ရိုးရိုး) | - | ၇၃ | - | ၈၂ | - | +၉ |
| ၄ | ကျန်အခြား | ၁ | ၈ | - | ၂ | -၁ | -၆ |
| ၅ | သေမှုသေခင်း | ၁၇ | - | ၈ | - | -၉ | - |
| | စုစုပေါင်း | ၃၅ | ၃၁၆ | ၁၆ | ၁၉၄ | -၁၉ | -၁၂၂ |

၄။ ၂၀၁၇ ခုနှစ်တွင် သင်္ကြန်နှင့်ပတ်သက်၍မှုခင်းဖြစ်ပွားမှုမှာ ၂၀၁၆ ခုနှစ်ထက် အမှုကြီးနှစ်မှု၊ အခြားအမှု ၂၆ မှု လျော့နည်းဖြစ်ပွားခဲ့ပြီး ကြိုတင်ကာကွယ်မှုနှစ်မှု ပိုမိုဖမ်းဆီးခဲ့ပါသည်။ မှုခင်းဖြစ်ပွားမှုကြောင့် **သေဆုံးသူ ၁၉ ဦး၊ ဒဏ်ရာရရှိသူ ၁၂၂ ဦး** လျော့နည်းခဲ့သည်။

၅။ ထို့အပြင် ၂၀၁၇ ခုနှစ် သင်္ကြန်ကာလအတွင်း ပြစ်မှုများမဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုတွင် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ခဲ့ရာ တုတ် ၁၅၄ ချောင်း၊ ဓားမျိုးစုံ ၃၇၃ ချောင်း၊ လေးခွ ၆၉ လက်၊ ကွင်းခွမျိုးစုံ ၇၇ ချောင်း၊ ချိန်းကြိုးသံကြိုး ၇၉ ချောင်း၊ ဝက်အူလှည့် ၂၀၅၁ ချောင်း၊ မျက်နှာဖုံး ၃၀၆၂ ခု၊ အရက်/ဘီယာမျိုးစုံ ၇၁၃၉ ပုလင်းနှင့် စစ်သည်/ ဝန်ထမ်းအသွင် ဝတ်စားဆင်ယင်မှု ၆၁ ထည် သိမ်းဆည်းရမိခဲ့သည်။ **(မြန်မာနိုင်ငံရဲတပ်ဖွဲ့)**



# ရန်ကုန်မြို့တွင် ငွေကျပ် ၃၁ ဒသမ ၉၄၅၅ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ



ဧပြီ ၁၈ ရက်တွင် သာကေတမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးနှင့် သက်သေခံပစ္စည်းများ။



သာကေတမြို့နယ် ခြောက်ထပ်တိုက် မြေညီထပ်မှ သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ။



အောင်ရဲသွင်



စိုးနိုင်



မျိုးလွင်



မိုးကျော်



ဖုံမြတ်ထွန်း



စန်ချင်း(ခ)ရန်ရှင်း

**နေပြည်တော် ဧပြီ ၁၉**

နိုင်ငံခြားသားများပါဝင်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြို့၌ အိုက်စ် ကီလို ၁၁၁၀၊ ကက်တမင်း ၆၂၂ ဒသမ ၃ ကီလိုတို့ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ CAI JENG ZE ပါ ကိုးဦးနှင့် တိမ်းရှောင်တရားခံ Mr. SUE(ခ) မြင့်အောင်(ခ) လောက်တ ပါ ၁၆ ဦးတို့အား တရားစွဲဆိုခဲ့သည်။

အဆိုပါအမှုမှ တရားခံပြေး ၁၆ ဦးအနက် စန်ချင်း(ခ)ရန်ရှင်းသည် သင်္ကြန်ရက်နောက်ပိုင်းတွင် ၎င်းနေထိုင်သည့် သာကေတမြို့နယ်နှင့် ရန်ကင်းမြို့နယ်ရှိ နေအိမ်ခန်းများသို့ ပြန်လာရန်ရှိကြောင်း သတင်းအရ ဧပြီ ၁၈ ရက်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စန်ချင်း(ခ) ရန်ရှင်း ငှားရမ်းနေထိုင်သည့် သာကေတမြို့နယ် (၆/အနောက်) ရပ်ကွက် (၇)ဈေးလမ်း အမှတ်(၇) အခန်း(B/1)နေအိမ်မှ စောင့်ဆိုင်းရှာဖွေရာ စန်ချင်း(ခ) ရန်ရှင်း(ခ) ဝမ်စန်ချင်း၊ အောင်ရဲသွင်၊ ဖုံမြတ်ထွန်း၊ မျိုးလွင်၊ မိုးကျော်နှင့် စိုးနိုင်တို့ ခြောက်ဦးအား ပွိုင့် ၃၂ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၎င်းကျည် ခုနစ်တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြား၊ ဘိန်းဖြူ အလေးချိန် သုညဒသမ ၃ ကီလို၊ မော်တော်ယာဉ်လေးစီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပူးပေါင်းအဖွဲ့သည် ဆက်လက်၍ စန်ချင်း(ခ)ရန်ရှင်း(ခ)ဝမ်စန်ချင်း ငှားရမ်းနေထိုင်သည့် သာကေတမြို့နယ် (၉)ရပ်ကွက် ကမာကြည်လမ်း အမှတ်(၀၀၁)နေအိမ်ကို ဆက်လက်ရှာဖွေရာ နေအိမ်မှ ဘိန်းဖြူ အလေးချိန် ၃ ဒသမ ၆၆၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅၈၀၀၊ အိုက်စ် အလေးချိန် ၂၉၉ ဒသမ ၆ ကီလိုနှင့် မော်တော်ယာဉ်တစ်စီးတို့ကိုလည်းကောင်း၊ ဆက်စပ်တရားခံ ထွန်းလင်းအောင် (တိမ်းရှောင်) နေထိုင်သည့် ရန်ကင်းမြို့နယ် ရွှေအုန်းပင်အိမ်ရာ တိုက်(၁၃) အခန်း(၄၁)ကို ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ ၉ မမ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခုနှင့် ၎င်းကျည် ရှစ်တောင့်တို့ကိုလည်းကောင်း၊ ကွင်းဆက်တရားခံ မင်းမင်း(ခ)ဆံရှည် နေထိုင်သည့် ရန်ကင်းမြို့နယ် ရွှေအုန်းပင် အိမ်ရာ (၂) တိုက်(၂၄) အခန်း(၁၂) ကို ရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ပြားတို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်း ရမိခဲ့သည်။

အဆိုပါနေအိမ်လေးနေရာမှ စုစုပေါင်း ဘိန်းဖြူ ၃ ဒသမ ၉၆၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၆၀၁၂ ပြား၊ အိုက်စ် ၂၉၉ ဒသမ ၆ ကီလို စုစုပေါင်း ငွေကျပ် ၃၁ ဒသမ ၉၄၅၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ပစ္စတိုသေနတ်နှစ်လက်၊ ကျည်အိမ် သုံးခု၊ ၎င်းကျည် ၁၅ တောင့်နှင့် မော်တော်ယာဉ် ငါးစီးအပါအဝင် စန်ချင်း(ခ) ရန်ရှင်း(ခ) ဝမ်စန်ချင်း၊ အောင်ရဲသွင်၊ ဖုံမြတ်ထွန်း၊ မျိုးလွင်၊ မိုးကျော်၊ စိုးနိုင်၊ မင်းမင်း(ခ)ဆံရှည်နှင့် ထွန်းလင်းအောင် (တိမ်းရှောင်) တို့ ရှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး



မင်းမင်း(ခ)ဆံရှည်

များဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နေပြည်တော် ဧပြီ ၁၉**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၂၆၀၊ သွင်းကုန် ၁၀၁စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် သွင်းကုန် အစီး ၂၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၈ ရက်တွင် မူဆယ်မှ မန္တလေးသို့ ရွှေမဲကုမ္ပဏီမှ တင်သွင်းလာသည့် Brand New Prime Mover Head နှစ်စီးကို (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်နှစ်စီးအနက် HOWO အမျိုးအစား Brand New Prime Mover Head တစ်စီးသည် မူဆယ်(၁၀၅)မိုင် အကောက်ခွန်မှ စစ်ဆေးခဲ့သည့် ယာဉ်စစ်ဆေးချက် (Customs Statement) မပါရှိ၍ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ပြန်လည်စိစစ်ခဲ့ရာ သွင်းကုန်ကြေညာလွှာဖွင့်လှစ်ထားခြင်းမရှိသည့်အပြင် တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် HOWO အမျိုးအစား Brand New Prime Mover Head ယာဉ်တစ်စီး၊ ခန့်မှန်းတန်ဖိုးကျပ် ၉၄ ဒသမ ၃၀ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်ထားခြင်းမရှိသည့်အပြင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော HOWO အမျိုးအစား Brand New Prime Mover Head ယာဉ်။

# စီရိုနယ်လ်ဒို၏ သွင်းဂိုးများဖြင့် ရီးယဲလ် အကြိုဗိုလ်လုပွဲတက်လှမ်းခဲ့ပြီး အချိန်ပိုသွင်းဂိုးများခွင့်ပြုပေးခဲ့ရ၍ ချန်ပီယံလိဂ်ကို ဘိုင်ယန် နှုတ်ဆက်ခဲ့ရ




ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက စီရိုနယ်လ်ဒို၏ သွင်းဂိုးများဖြင့် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ပထမအကျော့ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့ပြီး ဒုတိယအကျော့သာမန်ပွဲကစားချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့ခြင်းကြောင့် ပြိုင်ပွဲ၏ အဆုံးအဖြတ်အဖြစ် အချိန်ပိုမိနစ် ၃၀ ကစားခဲ့ရာ လေးဂိုး-နှစ်ဂိုးဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-သုံးဂိုးရလဒ်ထွက်ပေါ်ခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းမှာ ချန်ပီယံလိဂ်ကို နှုတ်ဆက်ထွက်ခွာခဲ့ရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ် အချိန်ပိုကစားခဲ့ရာတွင် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပွဲကစားချိန် ၁၀၄ မိနစ်နှင့် ၁၀၉ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် သာမန်ပွဲကစားချိန် ၇၆ မိနစ်တွင် သွင်းယူခဲ့သည့်သွင်းဂိုးအပါအဝင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းအတွက် နောက်ထပ်သွင်းဂိုးတစ်ဂိုးကို အဆန်စီယိုက ပွဲကစားချိန် ၁၁၂ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘိုင်နယ်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို လီဝန်ဒိုစကီး၏ ပင်နယ်တီသွင်းဂိုးနှင့် ရာမို့စ်၏ ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိသည့်သွင်းဂိုးများမှတစ်ဆင့် ရရှိခဲ့ပြီး ပွဲကစားချိန် ၈၄ မိနစ်တွင် တိုက်စစ်မှူး ဗီဒယ်လ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် ရီးယဲလ်မက်ဒရစ် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး အခွင့်အရေးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ဗီဒယ်လ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းမှာ ချန်ပီယံလိဂ်တွင် အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရသည့် ၁၉ ဦးမြောက် ဘိုင်ယန်မြူးနစ်ကစားသမားလည်းဖြစ်လာခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာမူ ချန်ပီယံလိဂ်သွင်းဂိုး ၁၀၃ ဂိုးအထိသွင်းယူနိုင်သည့် ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲသို့ ခုနစ်နှစ်ဆက်တိုက်တက်လှမ်းနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်လည်း ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး အဆိုပါပွဲစဉ်နောက်ပိုင်း ချန်ပီယံလိဂ်တွင် နှစ်ကျော့စလုံးရှုံးနိမ့်ခဲ့ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်လာခဲ့သည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်၏ အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် လက်စတာစီးတီးအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ပွဲစဉ်တွင် ပထမအကျော့က အက်သလက်တီကိုမက်ဒရစ်အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဒုတိယအကျော့ပွဲစဉ်တွင် လက်စတာစီးတီးအသင်းအတွက်သွင်းဂိုး ဗာဒီက သွင်းယူပေးခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးကို ဆောလ်နီဂွက်ဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ဗာဒီသည် ယင်းသွင်းဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၂ ခုနှစ်နောက်ပိုင်း ဖရန့်လမ်းပတ်ပြီးပါက ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးသောအင်္ဂလန်ကစားသမားဖြစ်လာခဲ့သည်။ ထို့ပြင် လက်စတာစီးတီးအသင်းသည် ချန်ပီယံလိဂ် အိမ်ကွင်းပွဲစဉ်များတွင် ရှုံးပွဲမရှိ စံချိန်တင်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်ပြီး လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားခဲ့ခြင်းဖြစ်သည်။

ငွေကြယ်

# ရီးယဲလ်မက်ဒရစ်အသင်းအား အငြင်းပွားဖွယ်အရေးနိမ့်ခဲ့ပြီးနောက် ဗီဒီယိုနည်းပညာရပ်ကို အသုံးပြုရန်လိုအပ်နေပြီဟု ဘိုင်ယန်နည်းပြ အန်စလော့တီ တိုက်တွန်း



ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းကို အငြင်းပွားဖွယ်အရေးနိမ့်ခဲ့ပြီးနောက် ဘိုင်ယန်နည်းပြ အန်စလော့တီက ဗီဒီယိုလက်ထောက်ဒိုင်နည်းပညာကို အသုံးပြုရန် လိုအပ်နေပြီဖြစ်ကြောင်း သူ့ရဲ့အမြင်ကို ပြောကြားလိုက်သည်။ ဘိုင်ယန်မှာ တိုက်စစ်မှူး လီဝန်ဒေါ်စကီးရဲ့ ပင်နယ်တီဂိုးနဲ့ ရီးယဲလ်နောက်ခံလူ ရာမို့စ်တို့ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မှုများကြောင့် မိနစ် ၉၀ အထိ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့သော် ကွင်းလယ်လူ ဗီဒယ်လ်ရဲ့ အငြင်းပွားဖွယ်ရာ ထုတ်ပယ်ခံရမှုနဲ့ စီရိုနယ်လ်ဒိုရဲ့ လူကျွံအနေအထား သွင်းဂိုးများကို ခွင့်ပြုပေးခဲ့ရမှုများကြောင့် ဘိုင်ယန်မြူးနစ်အသင်း များစွာနစ်နာခဲ့ရသည်။ နည်းပြ အန်စလော့တီက ဒိုင်ဖြစ်သူကို ကြမ်းတမ်းသည့် မည်သည့်စကားလုံးမှ သုံးနှုန်းပြီး စွပ်စွဲခြင်းမရှိခဲ့သော်လည်း ဒိုင်ရဲ့ အခန်းကဏ္ဍက မိမိတို့နှစ်သင်းထက်များစွာ ဆိုးရွားခဲ့သည်ဟူသော စကားဖြင့် ဝေဖန်ခဲ့သည်။

ဘိုင်ယန်မှာ ပထမအကျော့ယှဉ်ပြိုင်စဉ်ကလည်း ကွင်းလယ်လူ မာတီနက်ဇ် ထုတ်ပယ်ခံရပြီး တစ်ယောက်လျော့အနေအထားဖြင့် ယှဉ်ပြိုင်ခဲ့ရသေးသည်။ ယခု ဒုတိယအကျော့တွင်လည်း ရီးယဲလ်အသင်းကို အဝေးကွင်းတွင် အဘက်ဘက်မှအသာစီးရအောင်ကစားပြီး ဦးဆောင်ဂိုးများ သွင်းယူခဲ့သော်လည်း အငြင်းပွားစရာဖြစ်ရပ်များကြောင့် ကွာတားအဆင့်ဖြင့်ပင် ကျနပ်ခဲ့ရသည်။

အန်စလော့တီက ဒိုင်ဖြစ်သူရဲ့ အငြင်းပွားဖွယ်ဆုံးဖြတ်ချက်များအတွက် စောဒကတက်ခြင်းမရှိခဲ့သော်လည်း "ကစားပွဲတစ်ပွဲမှာ ဒါမျိုးဖြစ်ရပ်တွေက ဖြစ်ပွားလေ့ရှိတဲ့ကိစ္စရပ်မျိုးဖြစ်ပြီး ပြင်းထန်တဲ့အမှားမျိုးလို့တော့ ပြောလို့မရပါဘူး။ ရီးယဲလ်အသင်းအနေနဲ့ ဒိုင်ရဲ့ ဆုံးဖြတ်ချက်တွေအပေါ် လွှမ်းမိုးမှုမရှိခဲ့ဘူးလို့ ယုံကြည်ပါတယ်။ ဒါပေမယ့် ဒိုင်က အမှားတွေကျူးလွန်တတ်တာကြောင့် အကြိုဗိုလ်လုပွဲအဆင့်မှာ ဒါမျိုးဖြစ်ရပ်တွေ နောက်ထပ်မဖြစ်ရအောင် ဗီဒီယိုလက်ထောက်ဒိုင်စနစ်ကို အသုံးပြုဖို့ လိုအပ်နေပါပြီ"ဟု ပြောကြားခဲ့သည်။ ဆက်လက်၍ အန်စလော့တီက သူနဲ့ ရီးယဲလ်နည်းပြ ဇီဒန်းတို့ ပွဲအပြီး နှုတ်ဆက်စကားပြောကြားခဲ့ရာတွင်လည်း ဗီဒီယိုလက်ထောက်ဒိုင်စနစ် လိုအပ်နေပြီဆိုသည့်အကြောင်းကို ပြောကြားခဲ့ကြောင်း ဆိုခဲ့သည်။

ဖီဖာ(ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)က ဗီဒီယိုလက်ထောက်ဒိုင်စနစ်ကို ကမ္ဘာ့ကလပ်ချန်ပီယံများဖလားတွင် အသုံးပြုခဲ့ပြီးဖြစ်သော်လည်း ဖီဖာအဖွဲ့ဝင်များအကြားမှာပင် နည်းပညာအထောက်အပံ့ကို ကြိုက်နှစ်သက်သူများရှိသကဲ့သို့ မကြိုက်နှစ်သက်သူများလည်း အများအပြားရှိနေဆဲဖြစ်သည်။ သို့သော် ပြင်သစ်နဲ့ စပိန်အသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲအတွင်း အငြင်းပွားဖွယ်ရာဖြစ်နိုင်တဲ့ ဖြစ်ရပ်နှစ်ရပ်ကို ဒိုင်ဖြစ်သူက ဗီဒီယိုလက်ထောက်ဒိုင်နည်းပညာအကူအညီရယူ၍ အောင်အောင်မြင်မြင် ဆုံးဖြတ်ခဲ့ပြီးနောက် အဆိုပါနည်းပညာရပ်မှာ ကမ္ဘာ့ဘောလုံးရပ်ဝန်းအသိုင်းအဝိုင်းကြား အပေါင်းလက္ခဏာဆောင်တဲ့ အမြင်ကို ပြောင်းလဲစေနိုင်ခဲ့သည်။

ဘိုင်ယန်ကွင်းလယ်လူ ရီဘာရီက စီရိုနယ်လ်ဒိုရဲ့ ဂိုးသွင်းယူမှုအနေအထား၊ ဗီဒယ်လ်ရဲ့ ဘောလုံးရှင်းထုတ်မှုကို ဒုတိယအဝါကတ်ပြသထုတ်ပယ်ခဲ့တဲ့ ဒိုင်ရဲ့ ဆုံးဖြတ်ချက်ချခဲ့ပုံများကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာထက်တင်ကာ ဒေါသကို ဖွင့်ချခဲ့သည်။ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံရသူ ဗီဒယ်လ်ကိုယ်တိုင်ကလည်း အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံချိန်တွင် ယခုကဲ့သို့ ဆုံးဖြတ်ချက်အမှားများကို ချမှတ်ခံခဲ့ရသဖြင့် လုယက်ခံရသလို ခံစားရကြောင်း တုံ့ပြန်ခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဟက်ထရစ်ဂိုး(သုံးဂိုး)သွင်းယူပေးနိုင်ခဲ့သူ စီရိုနယ်လ်ဒိုမှာမူ ဘိုင်ယန်မြူးနစ်အသင်းဘက်ကို နှစ်ကျော့ပေါင်း တစ်ဦးတည်း ငါးဂိုးသွင်းယူနိုင်တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သော်လည်း အချိန်ပိုအတွင်း သွင်းယူခဲ့တဲ့ ဂိုးနှစ်ဂိုးစလုံးမှာ လူကျွံအနေအထားဖြစ်နေရာ စီရိုနယ်ဒိုရဲ့ မှတ်တမ်းမှာ ပြီးပြည့်စုံတဲ့ မှတ်တမ်းလို့ပြောရန် ခက်ခဲမည်ဖြစ်သည်။

မေလှဲ့သင်း-စုစည်းသည်

# ဒိုင်ဘာလာ၊ ဂျီးဆပ်ဇ်နဲ့ ဂရစ်ဇ်မန်းတို့ရဲ့ ပရိသတ်လို့ ဝန်ခံလိုက်တဲ့ နေမာ



ဘာစီလိုနာတိုက်စစ်မှူး နေမာက သူဟာ ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာ၊ မန်စီးတီးတိုက်စစ်မှူး ဂျီးဆပ်ဇ်နဲ့ အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းတို့ရဲ့ ပရိသတ်ဖြစ်ပြီး ဒီကစားသမားသုံးဦးကို ချစ်ခင်နှစ်သက်ကြောင်း ဖွင့်ဟပြောကြားလိုက်ပြီဖြစ်သည်။ နေမာက ဒီလိုတိုက်စစ်မှူးများရှိနေခြင်းကြောင့် ဂျူဗင်တပ်၊ အက်သလက်တီကိုနဲ့ မန်စီးတီးတို့ရဲ့ ပွဲစဉ်များကို စောင့်စားကြည့်ရှုရလေ့ရှိကြောင်းလည်း ဆိုခဲ့သည်။

နေမာက နောင်လာမယ့်မျိုးဆက်သစ်ကစားသမားများထဲတွင် ဂရစ်ဇ်မန်းကို အလွန်ကြိုက်နှစ်သက်သလို ဂျီးဆပ်ဇ်ကိုလည်း ချစ်ခင်ကြောင်း၊ ထို့အတူ ဘယ်သန်ကစားသမား ဒိုင်ဘာလာကိုလည်း အင်မတန်သဘောကျကြောင်းဆိုခဲ့သည်။ နေမာမှာ မက်ဆီနဲ့ စီရိုနယ်လ်ဒိုတို့ရဲ့နောက်ပိုင်း ကမ္ဘာ့ဘောလုံးဇာတ်ခုံတွင် အတောက်ပဆုံးကစားသမားဖြစ်လာမယ့်ကစားသမားအဖြစ် ရေပန်းစားနေသူဖြစ်သည်။ သို့သော် နေမာက ဒီဘက်ခေတ်ကစားသမားများထဲတွင် ဒိုင်ဘာလာ၊ ဂျီးဆပ်ဇ်နဲ့ ဂရစ်ဇ်မန်းတို့မှာ အင်မတန်တော်တင်းကောင်းမွန်ပြီး နည်းစနစ်ကြွယ်ဝသူများဖြစ်ကြောင်း အမွှန်းတင်ပြောကြားခဲ့သည်။

နေမာမှာ ဆွာရက်ဇ်၊ မက်ဆီတို့လို ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးများနဲ့ အတူတွဲဖက်ကစားနေသူဖြစ်ပြီး တောင်အမေရိကတိုက်စစ်မှူးများအကြား နားလည်မှုရှိရှိနဲ့ တွဲဖက်ကစားနိုင်မှုကြောင့် ဘာစီလိုနာတိုက်စစ်ပိုင်းမှာ ပြိုင်ဘက်နောက်ခံလူများရဲ့ ထိတ်လန့်ဖွယ်အကောင်းဆုံးတိုက်စစ်အတွဲဖြစ်နေသည်။



## ပလောက်မြို့၌ ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးဝေ

**ပလောက်  ဧပြီ  ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အမှတ်(၃)ရပ်ကွက်၌ ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်များကို ယနေ့နံနက် ၈ နာရီက အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အခမဲ့ပေးဝေခဲ့သည်။

အဆိုပါခြင်ထောင်များကို ပလောက်မြို့ ပြည်သူ့ဆေးရုံမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ရီရီသိန်းနှင့်အဖွဲ့သည် ခြင်ကိုက်ခြင်းကြောင့်ဖြစ်ပေါ်တတ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည့်ရောဂါများကင်းဝေးစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆေးစိမ်ခြင်ထောင် နှစ်ယောက် တစ်လုံး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးလျှင် ဆေးစိမ်ခြင်ထောင် တစ်လုံးစီဖြင့် စုစုပေါင်း ဆေးစိမ်ခြင်ထောင် ၁၂၉ လုံးကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

## နီပဆေးတောကျေးရွာတွင် သုတအလင်းစာကြည့်တိုက်ဖွင့်

**ရေစကြို  ဧပြီ  ၁၉**

ရေစကြိုမြို့နယ် နီပဆေးတောကျေးရွာ သုတအလင်းစာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက်က ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ရပ်မိရပ်ဖဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်က စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်(ပြန်/ဆက်) ဦးစီးမှူး ဒေါ်စန်းယုမော်နှင့် စာရေးဆရာသန်းဝင်းလှိုင်တို့က ဖဲကြိုးဖြတ်၍ သုတအလင်းစာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြပြီး စာရေးဆရာများဖြစ်သော ဆရာသန်းဝင်းလှိုင်နှင့် ဆရာမ နှင်းပန်းအိမ်တို့က သုတ၊ ရသစာပေများကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်-ရေစကြို**



## လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေး သင်တန်းဖွင့်

**သံဖြူဇရပ်  ဧပြီ  ၁၉**

လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးသင်တန်းကို ဧပြီလ ဒုတိယပတ်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသီက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ ညှိနှိုင်းရေးမှူး ဦးစိုးထက်က ယခုဖွင့်လှစ်သည့်သင်တန်း၏ အကျိုးသက်ရောက်မှုများကို အသိပေးပြောကြားသည်။

အဆိုပါသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ပူးပေါင်းကာ သံဖြူဇရပ်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၅ ဦးဖြင့် နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် နှိုးဆော်ချက်

**"ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံးမျိုးမသုဉ်း"**
**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"**

- မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင် အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ငါးရစ်တက်ကြပါသည်။
- ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာစားသုံးနိုင်ရေးကို အထောက်အကူ မပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်း ဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်းဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အရိုးဆုံးသောလမ်းလေးကို မမေ့ကြစေချင်

**သရက်တန်းစိုးရွှေ(စိတ်ပညာ)**

အဆန်းတွေကိုလိုက်ရင်း ရိုးရှင်းခြင်းလေးများကိုမေ့သလိုဖြစ်နေတတ်ပေသည်။ထူးချွန်ထက်မြက်စေလိုသော ဆန္ဒများကြောင့် အလှမ်းကျယ်ရင်း အလယ်လပ်သွားသည်များလည်း ရှိနေတတ်ပေသည်။ အထူးသဖြင့် စာဖတ်ခြင်းအလေ့အထအတွက် အရိုးရှင်းဆုံးလမ်းကလေးများကို မေ့နေကြသည်မှာ အံ့သြဖွယ်ပင်ဖြစ်ပေသည်။ လက်ရှိကာလ မြန်မာနိုင်ငံတွင် စာဖတ်နှုန်းကျဆင်းနေခြင်းကိုကြည့်ရင်း ယခင်က ရိုးရှင်းစွာဖြတ်သန်းခဲ့သည့်စာဖတ်လမ်းလေးကိုပင် သတိရလိုက်မိပေသည်။

ကျေးလက်တောရွာနေသူများအတွက် ယခင်ခေတ်အခါက စာအုပ်ဆိုသည်မှာ ရှားပါးပစ္စည်းတစ်ခုသာလျှင် ဖြစ်ပေသည်။ ငယ်ရွယ်စဉ်ကျောင်းတက်သည့်အရွယ်ဖြစ်သည့်အတွက် နံနက်ခင်းကျောင်းမသွားခင် နွားချေးကျုံးကာ ကျောင်းသွားချိန်ရောက်မှ ကျောင်းသွားရင်း ကျူရှင်နေခြင်း နွေရာသီ ကျူရှင်ထားခြင်းများ မရှိခဲ့ပါချေ။ ကျေးလက်သဘာဝအရ နွေကျောင်းပိတ်ရက်သည် အိမ်တွင် မွေးမြူထားသောနွားများ ကျောင်းခြင်း၊ လယ်တောယာတောထဲတွင် မိဘတောင်သူလုပ်ငန်းကူခြင်းများဖြင့် အသုံးဝင်သော ကလေးငယ်များဖြစ်အောင် လေ့ကျင့်လေ့ရှိကြသည်။ သူ့အိမ်ကိုယ့်အိမ် ကလေးငယ်ချင်းအတူတူ သောက်ရေအိုးရေပြည့်နေစေခြင်း၊ အိမ်ဝိုင်းအတွင်း သန့်ရှင်းအောင် တံမြက်စည်းလှည်းခြင်း၊ သောက်ရေအိုးအဖုံးကလေးများ ပြောင်လက်နေခြင်းများဖြင့် လိမ္မာသော သားသမီးရှိနေကြောင်း သက်သေပြနေတတ်ပေသည်။

အထက်တန်းကျောင်းရောက်သည့်အခါ ကျေးလက်အမကမှ မြို့ပေါ်အထကသို့ စက်ဘီးတစ်မျိုး ခြေကျင်တစ်သွယ်ဖြင့် သွားလာခဲ့ကြပေသည်။ ကျောင်းပြန်ချိန်တွင် အိမ်တွင်ရှိသည့် နို့စားနွားမကြီးနှစ်ကောင်အားဆွဲကာ ညနေပိုင်းနွားကျောင်းသွားကြသည်။ ကလေးချင်းသူ့နွားဝကြောင်း၊ ကိုယ့်နွားဝကြောင်း အပြိုင်ကျောင်းနေတတ်ပေသည်။ တစ်နေ့ နွားကျောင်းသွားရင်း မိုးရေနှင့်မျောလာကာ ရွံ့ဗွက်များနှင့်ကပ်နေသော စာအုပ်တစ်အုပ်ကို ကောက်ရလိုက်သည်။ စာအုပ်အဖုံးတွင်ရေးထားသည်က ပီမိုးနင်း ဘဝတိုက်ပွဲဟု ရေးထိုးထားသည်။

ဘာအကြောင်းအရာများရေးထားသည်ကို ဖတ်ကြည့်လိုက်သည်။ ဘဝတိုးတက်ရေးအတွက် သွားလာမှု၊ နေထိုင်မှု၊ ပြောဆိုမှုများကို လက်တွေ့ကျကျရေးပြထားသည့်အတွက် သဘောကျသွားသည်။ ထိုစာအုပ်ဖတ်ပြီး စိတ်ကြီးဝင်သွားသည်။ ယောက်ျားကောင်းဖြစ်ရန်ပြုလုပ်နည်းမှအစ တန်ဖိုးရှိသောအဆိုအမိန့်လေးများကို စိတ်ဝင်စားသွားသည်။ နောက်ပိုင်း ပွဲဈေးတန်းတွင် ရောင်းချနေသောစာအုပ်ဆိုင်မှ ပီမိုးနင်းစာအုပ်တစ်အုပ်ကို ထပ်မံဝယ်လာကာ ထိုစာအုပ်အတွင်းမှ အိပ်နည်းနှင့် နိုးနည်း ဆန်းနည်းကိုဖတ်ကာ လက်တွေ့လုပ်ကြည့်ရာ ဟုတ်နေသည့်အတွက် စာအုပ်စာပေကိုသဘောကျသွားခဲ့ပေသည်။ နောက်ပိုင်းတွင် စာအုပ်ဆိုင်များမှ ကာတွန်းကလေးများ ငှားဖတ်မိသွားသည်။ ထို့နောက် ၅၅၀ နိပါတ်တော်ထဲမှ ဇာတ်လမ်းလေးများမှအစ တစ်ဆင့်တစ်ဆင့် တိုးကာဖတ်သွားခဲ့မိသည်။ သုတ ရသ မဂ္ဂဇင်းဝတ္ထုများကို မျှတအောင်ဖတ်ရင်း ဘဝတိုးတက်ရေးအတွက် တက်ကြွမ်းများကိုဖတ်သည်အထိ စာဖတ်အလေ့အကျင့်ရသွားခဲ့သည်။ ကျောင်းတက်စဉ် ကျောင်းတက်ကာ ကျောင်းပိတ်သည်နှင့် စာဖတ်ခြင်းပြုလုပ်လေ့ရှိသည်။ ကျောင်းဖွင့်စဉ် ကျောင်းစာကြည့်တိုက်ခဏဖွင့်သည်ကိုပင် အပြေးအလွှားသွားနေတတ်ပေသည်။

အင်္ဂလိပ်စာအတွက် ရွှေသွေးစာစောင်များဝယ်ဖတ်ကာ ကိုယ့်စာကြည့်စားပွဲနှင့် ရွှေသွေးစာစောင်များကို ကြိုးတန်းလေးတန်းကာ တင်ထားရခြင်းကိုပင် ဧရာမစာကမ္ဘာအဖြစ် ကလေးအတွေးဖြင့်မြင်ယောင်နေပေသည်။ ရွှေသွေးထဲမှ ဇာတ်လမ်းလေးများကပင် အသိအလိမ္မာအတွက် ရုပ်ပြများဖြင့် ဆုံးမပေးနေပေသည်။ သုဝဏ္ဏသာမကို အားကျနေမိပေသည်။ ဆရာကြီးမင်းသိခ်ဝတ္ထုများထဲမှ သူရဲကောင်းများကို အားကျအတုယူမိတတ်ပေသည်။ ထိုဇာတ်ကောင်များ၏ လောကခံကို မမှုသည့်အရာအများကို လိုက်လံကျင့်ဆောင်မိနေတတ်ပေသည်။

အခက်အခဲများကို လက်တွေ့ကျကျ ဖြတ်သန်းနေမိတတ်ပေသည်။ သတ္တမတန်းရောက်သည်မှစကာ မိဘများ ဆင်းရဲသည်ကတစ်ကြောင်း စာအုပ်စာပေကပေးသော မှန်ကန်သည့်သတ္တိများကြောင့် နွေကျောင်းပိတ်ရက်နှင့် စနေ၊ တနင်္ဂနွေများတွင် နို့အေးချောင်း(ရေခဲချောင်း)ရောင်းကာ မိဘကို ကူညီငွေရှာပေးတတ်လာသည်။ ကိုယ့်ထူးကိုယ်ချွန်လိုသည့် စိတ်ဓာတ်ကြီးစိုးကာ မိမိလုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအမျိုးမျိုးအတွက် ကိုယ်တိုင်ရှာဖွေရင်း လုပ်ကိုင်လာတတ်ခဲ့သည်။ အထူးသဖြင့် စာပေအသိကြောင့် မှန်မှန်ကန်ကန်ရုန်းကန်ရင်း ရိုးသားခြင်းကို အားထားနေထိုင်ကာ ရဲရင့်လာခဲ့ပေသည်။

ဆင်းရဲသောဘဝထဲတွင် စာပေကိုအဖော်ပြုကာ စိတ်ဓာတ်ကျတိုင်း အားယူခြင်းများ၊ အားတက်အောင်ပြုခြင်းများ၊ စာမေးပွဲကျလျှင် ဆရာလှသမိန်၏ လောကကိုအနိုင်ယူနည်းဖတ်ကာ အားတင်းခြင်းများ၊ ဆရာဖေမြင့်၏ ဘေဘီလုံမှာ အချမ်းသာဆုံးပုဂ္ဂိုလ်၊ ခုထိ ဘာကြောင့်မချမ်းသာသေးတာလဲမှအစ၊ အခြားစာရေးဆရာများ၏ ငွေဒိန်ခဲ ဘယ်သူနေရာရွှေ့ထားတာလဲ၊ အောင်မြင်တိုးတက်ရေးလမ်းညွှန်၊ ရသများတွင် လက်ာဒီပချစ်သူမှအစ အခြားသောရသများဖြစ်သည့် ငွေတစ်ထောင့် မိုးတစ်မှောင့် အခြားစာပေများကိုဖတ်ရှုလာခဲ့ပေသည်။ ဇာတ်ကောင်များ၏ကောင်းသောစရိုက်ကို အတုယူလာခဲ့ပေသည်။ နောက်ပိုင်းတွင် နှလုံးသားအာဟာရနှင့်အတူ ဆရာချစ်စံဝင်း၏ရွှေပင်ငွေပင်စာစဉ်များကို အတွဲလိုက်ဖတ်ရင်း ဘဝကိုမှန်မှန်ကန်ကန်ရုန်းကန်ခြင်းများ ပြုလုပ်လာနိုင်ခဲ့သည်။

ကောင်းသောဝတ္ထုများကို လူငယ်တိုးတက်ရေးအတွက် ရိုက်ကူးပေးထားသည့် မာနမင်းသားမှအစ တိုးတက်ရေးဇာတ်လမ်းများကလည်း လူငယ်များကိုပညာပေးနေပေသည်။ အရိုးဆုံးလမ်းလေးများပင်ဖြစ်သည်။ ထိုရိုးသောလမ်းလေးများနေရာတွင် ယခုအခါ အဆန်းကလေးများဝင်လာပေသည်။ ရုပ်သံဖျော်ဖြေရေးများ၊ ဖုန်းများနှင့် ညစ်ညမ်းဇာတ်လမ်းများက လူငယ်တွေကိုလမ်းမှားရောက်သွားသည်အထိ ပြုစားသွားပေသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခြင်းများနှင့်အတူ လူမိုက်သရုပ်ပြဇာတ်လမ်းများက နည်းပေးသလိုဖြစ်နေတတ်ပေသည်။ အရိုးဆုံးသောလမ်းလေးကို မေ့နေတတ်ကြသည်။ သားသမီးများ ပညာတတ်ရေးအတွက် ကျောင်းပြီးကျူရှင်၊ ကျူရှင်ပြီးကျောင်းအဖြစ် ပြောင်းလဲစာသင်ခြင်းများကြောင့် ကျောင်းစာမှလွဲလျှင် အခြားအရာစာမထင်သလိုဖြစ်သွားတတ်ပေသည်။ နှလုံးသားအာဟာရ ကိုယ်ပိုင်စွမ်းအင်များ နည်းပါးသွားပြီး အားကိုးရေးဝါဒများ ကြီးစိုးလာသည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်နေပေသည်။ သို့အတွက် အရိုးဆုံးလမ်းကို သတိရစေချင်ပါသည်။ လူငယ်များကို စာဖတ်ခြင်း အလေ့အထရရှိစေချင်ပါသည်။ ထိုစာပေကို အခြေပြုကာ တိုင်းပြည်အကျိုး ၊ ရပ်ရွာအကျိုး ဆောင်ရွက်နိုင်သူ ပတ်ဝန်းကျင်မှ ကိုယ့်ကိုလေးစားတန်ဖိုးထားသူများဖြစ်အောင် စွမ်းဆောင်ပြစေချင်ပါသည်။ သို့အတွက် စကားတစ်ခွန်းပြောလိုသည်က အရိုးဆုံးသောလမ်းလေးကို မမေ့ကြစေချင် ဟူ၍သာ. . .။

## ရွာစဉ်အလိုက် နှစ်စဉ်ကျင်းပသည့် ဘုရားပွဲတော် စည်ကားစွာကျင်းပ

**ချောင်းဆုံ မေ ၁၉**
မွန်ပြည်နယ် (ဘီလူးကျွန်း)ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးတွင် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် ကျေးရွာစဉ်အလိုက်ဘုရားပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ မေ ၁၈ ရက်က ကလော့ကျေးရွာအုပ်စုနှင့် မုရစ်ကလေးကျေးရွာအုပ်စုတို့တွင် ကျေးရွာဘုရားပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရွာစဉ်အလိုက် ဘုရားပွဲတော်များကို တပို့တွဲလပြည့်နေ့မှစတင်ကာ ကဆုန်လပြည့်နေ့ထိ နှစ်စဉ် ကျင်းပလျက်ရှိပြီး ဘုရားပွဲတော်ကျင်းပသည့်ကျေးရွာမှ နေအိမ်တိုင်း စားသောက်ဖွယ်ရာများဖြင့် အသိမိတ်ဆွေများအား ဧည့်ခံကျွေးမွေးခြင်း၊ လူငယ်များအား မြန်မာ့လက်ဝှေ့ပွဲများ ကျင်းပပေးခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်းများ၊ ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်းများပြုလုပ်ကာ နှစ်စဉ် ရွာအလိုက် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

"ဘုရားပွဲတွေမှာဆိုရင် ကိုယ့်အသိမိတ်ဆွေတွေ ရပ်ဝေးရပ်နီးက ဧည့်သည်တွေပေါ့ အများကြီးလာကြတယ်။ ဆွေမျိုးတွေပါလာတယ်။ အိမ်မှာဧည့်ခံကျွေးမွေးတယ်။ ပြီးရင်ရွာဘုရားတွေဆီ ဘုရားဖူးသွားကြတယ်။ သင်္ကြန်တွင်းတွေမှာဆိုရင်တော့ ရေဘုရားပွဲပေါ့။ တစ်ရွာနှင့်တစ်ရွာ အသိမိတ်ဆွေတွေဆီသွားလည်ကြတယ်။ အရင်နှစ်တွေကဘုရားပွဲတွေဆို ခုလိုမျိုးမဟုတ်ပါဘူး။ နွားလှည်းတွေနဲ့လာကြတယ်" ဟု ကလော့ကျေးရွာနေ ဒေါ်စန်းစန်းငွေးက ပြောသည်။

ချောင်းဆုံမြို့နယ်တွင်ကျေးရွာအုပ်စု ၄၃ အုပ်စုရှိပြီး ကျေးရွာစုစုပေါင်း ၇၈ ရွာရှိကာ နှစ်စဉ် ရွာစဉ်အလိုက် ဘုရားပွဲတော်ကို ကျင်းပခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့၌ လေဘေးသင့်၍ ပျက်စီးမှုများအား ပြုပြင်ရှင်းလင်း



**အုတ်တွင်း မေ ၁၉**
ဆိုင်ကလုန်း မုန်တိုင်း မာရသာ တိုက်ခတ်မှုကြောင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်း မြို့နယ် ပိတောက်ခင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်းတစ်ကျောင်းနှင့် လူနေအိမ် ၅၉ လုံး တို့ အမိုးအကာများပျက်စီးခြင်း၊ ကျေးရွာအတွင်း သစ်ပင်များပြိုလဲခြင်း၊ ဓာတ်တိုင်နှင့်ဓာတ်ကြိုးများ ပြိုလဲပြတ်တောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပိတောက်ခင်ကျေးရွာသို့ မေ ၁၈ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်သည် တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများနှင့်အတူ လေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ပြီး တိုင်းစစ်ဌာနချုပ်နှင့် စေတနာရှင်ပြည်သူများမှ လှူဒါန်းသော အမိုးသွပ် အချပ် ၅၅၀၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အုတ်တွင်း တပ်နယ် တပ်မတော်သားများမှ ကျေးရွာအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော အမိုး၊ အကာများအား ရှင်းလင်းဖယ်ရှား၍ အသစ်ပြန်လည်ပြုပြင်လဲလှယ်ပေးခြင်း၊ သစ်ပင်သစ်ကိုင်းများနှင့် ပြိုလဲဓာတ်တိုင်နှင့် ကြိုးများအား ဖယ်ရှားရှင်းလင်းပေးခြင်းတို့အား လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ အဆိုပါကျေးရွာရှိ သာသနာ့ဝေပုလ္လဘုန်းတော်ကြီးကျောင်းတွင် လေဘေးသင့်ပြည်သူများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအားသွားရောက်ကြည့်ရှုကြပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဝေဒနာရှင်တို့အား တောင်ငူမြို့ ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ပေးခဲ့သည်။

**သူရအောင် (ပြည်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံပါချောင်းဝကျေးရွာစာကြည့်တိုက်တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားတက်ရောက်

**သနပ်ပင် မေ ၁၉**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းသည် မေ ၁၉ ရက် နံနက် ၈ နာရီခွဲက လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့်အတူ သနပ်ပင်မြို့နယ် ကျုံပါချောင်းဝကျေးရွာ စာကြည့်တိုက်တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာဝန်ကြီးချုပ်ဦးဝင်းသိန်းက မင်္ဂလာအချိန်တွင် စာကြည့်တိုက်အဆောက်အအုံတည်ဆောက်မည့်နေရာ၌ ပန္နက်တင်အုတ်စီပေးပြီး လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်ကို ကျုံပါချောင်းဝကျေးရွာ အိမ်ထောင်စု ၅၆၀ ကျော် လူဦးရေ ၂၅၀၀ ကျော် ပြည်သူများ အသိပညာဗဟုသုတ တိုးပွားလာစေရန်အတွက် အလှူရှင် ဦးသိန်းမြင့်+ဒေါ်ခင်ခင်ညိုမိသားစုတို့က အလျား ၃၂ ပေ၊ အနံ ၂၆ ပေ RC တစ်ထပ်အဆောက်အအုံကို ငွေကျပ် ၈၅ သိန်းကျော်အကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ထို့နောက်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပါချောင်းဝကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများအား တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ ရောင်းချပေး

**တောင်ငူ မေ ၁၉**
ဒေသခံပြည်သူများ သက်သာချောင်ချိရေး အထောက်အကူဖြစ်စေရန် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ငူတပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များက တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးရှိ ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံများမှထွက်ရှိသော အသားငါး၊ ဟင်းသီးဟင်းရွက်များဖြင့် ချက်ပြုတ်ထားသည့် တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများအား ရောင်းချပေးလျက်ရှိသည်။

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ထမင်း၊ အသားဟင်းသီးစုံပဲဟင်းနှင့် ငါးပိရည်တို့စရာအပါ တစ်ပွဲလျှင်ကျပ် ၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ထမင်း၊ ကြက်ဥဟင်း သီးစုံပဲဟင်းနှင့် ငါးပိရည်တို့စရာအပါတစ်ပွဲလျှင် ကျပ် ၃၀၀ နှုန်းတို့ဖြင့် မေ ၁၈ ရက် နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။

ထို့အတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင် တပ်မတော်သားများနှင့်မိသားစုဝင်များက နေရာဒေသအသီးသီးတွင် တန်ဖိုးသင့် ထမင်း၊ ဟင်းလျာများ ရောင်းချပေးလျက်ရှိရာ ရေတာရှည်တပ်နယ်မှ ဆွာမြို့ ဈေးရှေ့တွင်လည်းကောင်း၊ ကျောက်ကြီးတပ်နယ်မှ ရေအိုးစဉ်ကျေးရွာတွင်လည်းကောင်း၊ ပဲခူးတပ်နယ်မှ အင်းတကော်မြို့ လသာအေးလမ်းဆုံ၊ အင်းတကော်ဈေးနှင့် သာယာအေးဘုရားလမ်းတို့တွင်လည်းကောင်း၊ ပျဉ်ပုံကြီးတပ်နယ်မှ ပျဉ်ပုံကြီးကျေးရွာတွင်လည်းကောင်း တန်ဖိုးသင့် ထမင်းနှင့်ဟင်းလျာများ အသီးသီးရောင်းချပေးလျက်ရှိသည်။

ထို့အပြင် ဟင်းသီးဟင်းရွက်၊ ကြက်၊ ငါး၊ ကြက်ဥ၊ ဘဲဥတို့ကိုလည်း ရောင်းချပေးရာ ကြက်တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ ကြက်ဥ တစ်လုံး ငွေကျပ် ၉၀၊ ဘဲဥ တစ်လုံး ငွေကျပ် ၁၃၀၊ ဘူးသီး တစ်လုံး ငွေကျပ် ၁၀၀၊ မုန်လာဥတစ်စည်း ငွေကျပ် ၂၀၀၊ ပဲသီး၊ ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက် တစ်စည်းလျှင် ငွေကျပ် ၅၀ တို့ဖြင့် ပြည်သူများ သက်သာချောင်ချိစေရန် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

**သူရိန်ထွန်း**

## နွေရာသီအားကစားသင်တန်းဆင်းပွဲကျင်းပ

**ဒဂုံမြို့သစ်(တောင်ပိုင်း) မေ ၁၉**
အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၇ ခုနှစ် နွေရာသီအခြေခံ (ဘောလုံး၊ တိုက်ကွမ်ဒို) အားကစားသင်တန်းဆင်းပွဲအခမ်းအနားကို မေ ဒုတိယပတ်က ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၅)ရပ်ကွက် ပုလဲရတနာလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းချိုက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းချိုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ အားကစားမောင်မယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နွေရာသီအားကစား သင်တန်းများကို ဖွင့်လှစ်ရခြင်းအတွက် ကလေးငယ် ကျောင်းသား ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်ခွန်အားနှင့် ဉာဏ်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း**



# လေပြင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့၊ နေအိမ်ပျက်စီးသူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**ဟိုင်းကြီးကျွန်း မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့၌ မေ ၁၆ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဇီးချိုင်ကျေးရွာအုပ်စု ကြာကန်ကျေးရွာတွင် ဒေသခံတစ်ဦး အုန်းပင်ပိ၍ သေဆုံးခဲ့ပြီး ဒီးဒူးကုန်းကျေးရွာအုပ်စု ပြည်သာယာကျေးရွာတွင် လူနေ (ဝါးခနိမိုး) အိမ် လေးလုံးနှင့် မေဒါအိုင်ကျေးရွာတွင် လူနေ(ဝါးခနိမိုး)အိမ် တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် မြို့အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးတို့ ဦးဆောင်သည့်အဖွဲ့သည် မေ ၁၈ ရက် နံနက် ၁၁ နာရီက ကြာကန်ကျေးရွာတွင် အုန်းပင်ပိသေဆုံးသူ ဦးစိုးရွှေ၏ကျန်ရစ်သူမိသားစုအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးနှင့် ထောက်ပံ့ငွေကျပ် ၄၁၀၅၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေအိမ်များ ပြိုကျပျက်စီးခဲ့ကြသည့် ဒေသခံငါးဦးအား ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးနှင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၅၃၉၉၀၀ ကို ဟိုင်းကြီးကျွန်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# နတ်မောက်မြို့၌ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူ

**နတ်မောက် မေ ၁၉**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၇ နာရီက အောင်ဆန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှေ့ ကားလမ်းတစ်လျှောက်မှ မြို့မရပ်ကွက် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှေ့အထိ လမ်းဘေး ဝဲ၊ ယာတွင်ရပ်ကွက်ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက ရဟန်း၊ သံဃာတော်၊ သာမဏေများအား ဆွမ်းဆန်နှင့်လှူဖွယ်ပစ္စည်း များ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# သနပ်ပင်မြို့နယ် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**သနပ်ပင် မေ ၁၉**
ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျုံပါကျေးရွာအုပ်စု ကျုံပါချောင်းဝအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် သနပ်ပင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦးတို့က အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်လဲ့လဲ့ဝင်းက ကျောင်းဆောင်သစ် ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ကျောင်းသားကျောင်းသူများအတွက် ပန်ကာဖျော်စက်လှူဒါန်းပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးသည့်ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအား ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



ယင်းနောက် နှစ်ထပ်ကျောင်းဆောင်သစ်အား ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမိုးမြင့်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်လဲ့လဲ့ဝင်း၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဒန်နှင့် ရပ်မိရပ်ဖဦးခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်သည် အလျား ပေ ၁၃၀၊ အနံ ပေ ၃၀၊ အမြင့် ၂၃ ပေ RCအဆောက်အအုံဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၁၅၈၀ ဖြင့် ဇွဲရောင်နီကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဒေသခံပြည်သူများတက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး (ပဲခူး)**

# (၁၆)ကြိမ်မြောက် မြို့နယ်ပေါင်းစုံ မြို့စာပေ ဆရာဖြစ်သင်တန်းဖွင့်

**မြောက်ဦး မေ ၁၉**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် မြို့နယ်ပေါင်းစုံမြို့စာပေ ဆရာဖြစ်သင်တန်းဖွင့်ပွဲကို အောင်တပ်အုပ်စု မြို့သစ်ရပ်ကွက်၌ ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ သဘာပတိ ဦးလှထွန်းခိုင်က မြို့လူမျိုးများအနေဖြင့် မိမိတို့၏ မြို့စာပေနှင့် ယဉ်ကျေးမှုများကို ချစ်ခင်မြတ်နိုးစေရန်နှင့် ဘာသာစကားကို ထိန်းသိမ်းတတ်စေရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့စာပေနှင့် ယဉ်ကျေးမှု ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့စာပေနှင့် ယဉ်ကျေးမှုမှ အတွင်းရေးမှူး ဦးကျော်မြက မြို့စာပေ ဆရာဖြစ်သင်တန်းဖွင့်လှစ်ပို့ချသင်ကြားရာတွင် မိမိတို့အနေဖြင့် ယခုဖွင့်လှစ်ပို့ချသော သင်တန်းတွင် စိတ်ဝင်တစား သင်ယူကြရန်နှင့် မိမိတို့နေထိုင်ရာမြို့များသို့ပြန်လည်ရောက်ရှိချိန်များတွင်လည်း ကိုယ်တိုင် သင်ကြားခဲ့သော စာပေဗဟုသုတများကိုလည်း ပြန်လည် သင်ကြားပို့ချပေးရမည် ဖြစ်ကြောင်းနှင့် မိမိတို့၏ရိုးရာဝတ်စားဆင်ယင်မှုများနှင့် ဘာသာစကားများကိုလည်း တန်ဖိုးထားရန် လိုအပ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆရာဖြစ်သင်တန်းကို မေ ၁၉ ရက်မှ ၃၀ ရက်ထိ ၁၁ ရက်ကြာဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ သဘာပတိ ဦးလှထွန်းခိုင်၊ မြို့စာပေနှင့်ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးလှထွန်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေ၊ မြို့စာပေနှင့်ယဉ်ကျေးမှုအတွင်းရေးမှူး ဦးကျော်မြနှင့် မြို့နယ်ပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **မြောက်ဦး(ခရိုင်ပြန်/ဆက်)**

# rtifu;qifa&;toyhmay;

**ဝက်လက် မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ညောင်ပင်ကြီးတောကျေးရွာတွင် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဝက်လက်မြို့နယ် ရှိမ်းမကားနယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်စိုးက မှုခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာရေး၊ လူမှောင်ခိုနှင့်လူကုန်ကူးမှုအန္တရာယ်ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေး ဟောပြောခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**



# လမ်းဖြစ်တာဖြစ် ဆည်ပေါင်ပြုပြင်ပြီးစီး၍ သွားလာရေးအဆင်ပြေ



**ကျွန်းလှ မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ထိန်တောကျေးရွာမြောက်ဘက် မိုင်ဝက်ခန့်အကွာရှိ လမ်းဖြစ်တာဖြစ် ဆည်ပေါင်အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုပြင်၍ သွားလာရေးအဆင်ပြေကြောင်း သိရသည်။

ပေါက်ပင်အိုင်ချောင်း လမ်းဖြစ်တာဖြစ် ဆည်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး မိုးရွာသွန်း၍ ဆည်ပေါင်မှာ ပျက်စီးသွားကြောင်း၊ ယခုအခါ လမ်းမြေများနုတ်ယူပြီး အရှည် ၁၂၂၈ ပေ၊ အကျယ် ၁၈ ပေကို ဂျင်းမြေခင်းခြင်း၊ ကျောက်ချောခင်းခြင်းဆောင်ရွက်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လှိုင်ဝင်းက ပြောသည်။

အဆိုပါ လမ်းဖြစ်တာဖြစ် ဆည်ပြုပြင်ပေးခြင်းဖြင့် ဒေသခံပြည်သူများ ရာသီမရွေးသွားလာရေး လွယ်ကူမည်ဖြစ်ကြောင်း၊ မိုးတွင်းကာလရေကောင်းစွာ ထိန်းနိုင်၍ ဧက ၂၀၀ ကျော်စိုက်ပျိုးရေပေးနိုင်ပြီး ကျွဲ၊ နွားတိရစ္ဆာန်များအတွက်လည်း သောက်သုံးရေရရှိမည်ဖြစ်ကြောင်း ထိန်တောကျေးရွာနေ ဦးကျော်သူက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# နှစ်သစ်ကူးမင်္ဂလာပွဲအဖြစ် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ



**ကျိုက်ထို မေ ၁၉**
ကျိုက်ထိုမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်သစ်ကူးမင်္ဂလာပွဲအဖြစ် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက မဟာမုနိသွန်းဘုရားကြီးမှ ကျိုက်ပေါလောမဲ့ရှင်တော်ဘုရားစကြ်ံလမ်းတစ်လျှောက် ပြုလုပ်ခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက် ၈၀ မှ ပင့်သံဃာအပါး ၁၀၀၀ နှင့် သီလရှင် ၄၄ ပါးတို့ ကြွရောက်ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် မိသားစု၊ အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ် ဒုတပ်မမှူးဗိုလ်မှူးကြီး အောင်ခိုင်စိုးနှင့် အရာရှိ အရာခံအကြပ်မိသားစုများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့်ဇနီး မိသားစု၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးဇနီးနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် လူမှုရေးအဖွဲ့အစည်းများအပြင် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# ခေါင်းအုံးဖုံးချုပ်လုပ်ငန်းကြောင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိ

**မန္တလေး မေ ၁၉**
အိမ်တွင်းမှုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ကိုယ်ပိုင်လုပ်ငန်းဖြင့် ဝင်ငွေဖော်ဆောင်ခြင်းကြောင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေကြသည်။ မန္တလေးမြို့ မြရည်နန္ဒာမြို့သစ်တွင် အိမ်တွင်းမှုခေါင်းအုံးဖုံးချုပ်လုပ်ငန်း၊ ခေါင်းအုံးချုပ်လုပ်ငန်း၊ ဖက်လုံးချုပ်လုပ်ငန်းများ လုပ်ကိုင်ကာ တစ်နှစ်ပတ်လုံး အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်ကြသည်။ ဈေးကွက်ခိုင်မာသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



အိမ်တွင်းမှုခေါင်းအုံးဖုံးချုပ်လုပ်ငန်းအတွက် တရုတ်နိုင်ငံမှဝင်လာသည့် စီကေစခေါ် တရုတ်စများကိုအသုံးပြုကာ ချုပ်လုပ်ကြသည်။ စီကေစ တစ်မီတာကို ငွေကျပ် ၆၅၀ မှ ၆၈၀ နှုန်းဖြင့် ဝယ်ယူကြရသည်။ အထည်သုံးမျိုးသုံးစားရှိပြီး ဈေးနှုန်းအတက်အကျများရှိကြောင်း သိရသည်။ အိမ်တွင်းမှုမိသားစုလုပ်ငန်းဖြစ်ပြီး ပုံစံထုတ်ကာညှပ်ပေးသူ၊ ချုပ်သူများဖြင့် စုပေါင်းလုပ်ကိုင်ကာ နေ့စဉ်ပုံမှန်ဝင်ငွေရရှိလျက်ရှိသည်။

အိမ်တွင်းမှုခေါင်းအုံးဖုံးချုပ်လုပ်ငန်းအကြောင်းကိုမေးမြန်းကြည့်ရာ "ပိတ်စကတော့ တရုတ်ကဝင်တဲ့ စီကေလို့ခေါ်တဲ့ ပိတ်စရောင်စုံကိုအသုံးပြုပါတယ်။ အထည်ကို အလိပ်လိုက်ဝယ်ယူပါတယ်။ အထည်အစတွေကတော့ တစ်ခါဝယ်ရင်သိန်း ၅၀ ဖိုးလောက်ဝယ်ပြီး ရင်းနှီးရတယ်။ ချည်သား၊ ဂျင်းသား၊ စီကေသားဆိုပြီး သုံးစားဝယ်ယူချုပ်တယ်ဗျ။ ခေါင်းအုံးဖုံးကတော့ ဆိုက်စုံချုပ်ရပါတယ်။ လူတစ်ယောက်ကို တစ်နေ့လျှင်ခေါင်းအုံးဖုံးအလုံး ၁၀၀ ကျော်ပြီးစီးပါတယ်။ တစ်လုံးကို ချုပ်ခငွေကျပ် ၄၅ ကျပ်ရရှိတဲ့အတွက် နေ့စားခငွေကျပ် ၅၀၀၀ ကျော်ရရှိပါတယ်။ စက်တွေကတော့ မော်တာစက်ချုပ်စက်တွေကို အသုံးပြုပါတယ်။ မှာယူတဲ့ဒီဇိုင်းအတိုင်း ချုပ်ပေးရပါတယ်။

ခေါင်းအုံးဖုံးတစ်လုံးအပြီးအစီး ငွေကျပ် ၁၄၀၊ ကျပ် ၁၅၀ ဖြင့် ဖောက်သည်ပေးရတယ်။ ခေါင်းအုံးဖုံး၊ ခေါင်းအုံး၊ ဖက်လုံးတွေကို မန္တလေးဈေးချို၊ နေပြည်တော်ကို ဖောက်သည်သွင်းရပါတယ်။ အဲဒီမှတစ်ဆင့် ဒေသအနှံ့ဖြန့်ချိပါတယ်။ အိမ်တွင်းမှုလုပ်ငန်းဖြစ်ပြီး တစ်နှစ်ပတ်လုံး အလုပ်ဖြစ်ပါတယ်။ ဈေးကွက်က အခိုင်အမာရှိတော့ အဆင်ပြေပါတယ်" ဟု ယွန်းနှင်းဆီစက်ချုပ်လုပ်ငန်း၊ ခေါင်းအုံးဖုံးချုပ်လုပ်ငန်းလုပ်ကိုင်သူ ဦးတင်စိုးက ရှင်းပြသည်။

**နွေနဒီ(မြစ်ငယ်)**

# သင်္ကြန်ကာလအပြီး ကျောက်စိမ်းဈေးနှုန်းကျဆင်း

**မဟာအောင်မြေ မေ ၁၉**
မဟာသင်္ကြန်ကာလအပြီး မန္တလေးမဟာအောင်မြေမြို့နယ်ရှိ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် လက်ကောက်၊ လွှာချပ်၊ ပုတီးပြုလုပ်ရန်လာရောက်ဝယ်ယူကြသော ပြည်တွင်းကျောက်စိမ်းအချောထည်လုပ်ငန်းပြုလုပ်သူများလာရောက်ကြပြီး ကုန်ကြမ်းကျောက်စိမ်းအရိုင်းများသာ ဝယ်ယူမှုရှိသည်။

မဟာသင်္ကြန်ကာလ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းပိတ်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်(တိုင်ပေ)မှ ကျောက်စိမ်းအချောထည်ဝယ်လက်များ၊ ကျောက်စိမ်းအပွင့်၊ လက်ကောက်ဝယ်လက်များ နေရပ်သို့ ခေတ္တပြန်သွားကြသဖြင့် ဈေးကွက်အေးလျက်ရှိသည်။

မဟာအောင်မြေမြို့နယ် ၈၇ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အတစ်စဝိုင်း၊ လွှာချပ်ဝိုင်း၊ ခဲဝိုင်း၊ ဂွင်းဝိုင်းတို့တွင်လည်း ဖားကန့်ဒေသမှော်များမှ ကျောက်စိမ်းအကြမ်းထည်များမရောက်ရှိခြင်းကြောင့် ရောင်းအားနည်းပါးပြီး အရောင်းအဝယ် အေးစက်နေသည်။

သင်္ကြန်အပြီး တရုတ်ငွေဈေးအတက်အကျမရှိသော်လည်း ငွေဖော်လိုသူများ၊ ပြည်တွင်းကျောက်စိမ်းဝယ်လက်များထံ လျှော့ဈေးဖြင့်ရောင်းချနေရသည်။ ကျောက်မျက်ရတနာဈေးပတ်လည်ရှိ သွေးခုံ၊ ဖြတ်ခုံလုပ်ငန်းရှင်များလည်း လုပ်သားများ နေရပ်သို့ပြန်နေကြသဖြင့် လုပ်ငန်းများအေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# ၁၃၇၉ ခုနှစ် မြန်မာနှစ်သစ်ဦး အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲကျင်းပ



**ကျောက်ဖြူ မေ ၁၉**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ မေ ၁၉ ရက် နံနက် ၈ နာရီခွဲက ၁၃၇၉ ခုနှစ်မြန်မာနှစ်သစ်ဦး သက်ကြီးပူဇော်ပွဲပြုလုပ်သည်။

ကျောက်ဖြူမြို့ပေါ်ရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား စုစုပေါင်း ၂၀၈ ဦးရှိရာ ကန်တော့ခံတက်ရောက်လာသော အဘိုး ၄၂ ဦး၊ အဘွား ၇၆ ဦးတို့အား ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဇော်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဦးညီညီလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘိုးဘွားတစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှင့် လှူဖွယ်ပစ္စည်းများအား အသီးသီးလှူဒါန်းခဲ့ကြကာ ကန်တော့ခံအဘိုးတစ်ဦးမှ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အခမ်းအနားကို မတက်ရောက်နိုင်သည့် အဘိုး၊ အဘွားများအား ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အိမ်တိုင်ရာရောက်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ခရိုင်ပြန်/ဆက်)**

# ကျောက်တော်ကြီးဘုရားတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်

**အင်းစိန် မေ ၁၉**
ရန်ကုန် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ နှစ်သစ်ကာလဖြစ်သော (နှစ်ဆန်းနှစ်ရက်နေ့) မေ ၁၈ ရက် နံနက်ပိုင်းက ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေးမိုးအေးဦးဆောင်၍ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် ကျောက်တော်ကြီးဘုရားတွင် ဘုရားစေတီတော်များအား ရေသပ္ပာယ်ခြင်း၊ ပန်းရေချမ်းများကပ်လှူခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း တံမြက်စည်းလှည်းခြင်းတို့ဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်၍ ကုသိုလ်ယူကြကြောင်း သိရသည်။

**သူရိန်ထွန်း**



# အင်းဝမြို့ဟောင်းရောက်သူတိုင်း အားထားသွားရောက်သည့် အင်းဝရွှေစည်းခုံဘုရား

**အင်းဝ မေ ၁၉**
ပျော်ရွှင်ခြင်း၊ လွတ်လပ်ခြင်း၊ သဘာဝအလှ အပရှုခင်းများနှင့် စိတ်ကိုပျော်ရွှင်ကြည်နူးစေသော ဘုရားဖူးခရီးစဉ်တစ်ခုကိုပြပါဆိုလျှင် အင်းဝဒေသဘုရားဖူးခရီးစဉ်ကို ပြသရမည်ဖြစ်သည်။

တံတားညီနောင် မြစ်ညီအစ်မဟုတင်စားထားသော ဧရာဝတီမြစ်ကူးတံတားများဖြစ်သည့် အင်းဝတံတား (စစ်ကိုင်းတံတား)၊ ဧရာဝတီတံတား(ရတနာပုံ) တို့၏အလှများ၊ စစ်ကိုင်းတောင်တန်း၏အလှများ၊ ကမ်းခြေဇေယျာဦးမှ စေတီပုထိုးများစွာကို ပြည့်စုံစွာခံစားရသော ဒေသပင်ဖြစ်သည်။

ဒုဋ္ဌဝတီမြစ်ကို စက်လှေနှင့်ဖြတ်အကူးတွင် လှပသောရှုခင်းကို မြင်တွေ့နိုင်ပေသည်။ အင်းဝဘက်အရောက် မယ်နုအုတ်ကျောင်းအနီးတွင် များလှစွာသောမြင်းလှည်းများက ဆီးကြိုနေပေသည်။ ယောကျ်ားကလေးများသာမက မိန်းကလေးများပင် မောင်းနှင်လေ့ရှိသည်။ မြင်းလှည်းတစ်စီးလျှင် နှစ်ယောက်နှုန်းတင်ဆောင်ကာ အင်းဝတစ်ခွင်လှည့်လည်ဘုရားဖူးရခြင်းအရသာမှာ စိတ်ကိုလွတ်လပ်ပေါ့ပါးပျော်ရွှင်စေပေသည်။ အင်းဝဒေသရောက်ဘုရားဖူးများမှာ အင်းဝရွှေစည်းခုံဘုရားသို့ မြင်းလှည်းကလေးများဖြင့် သွားရောက်ဖူးမြော်လေ့ရှိသည်။

ဒေသခံများကမူ မြင်းလှည်းကလေးနှင့်သွားမှုများ အင်းဝရွှေစည်းခုံဘုရားဟုပင် တင်စားထားကြသည်။ အင်းဝရွှေစည်းခုံဘုရားမှာ အင်းဝမြို့ဟောင်းရှိ စည်တိုပုံမြို့ရိုး၏ အနောက်တောင်ထောင့်တွင်တည်ရှိသော စေတီပင်ဖြစ်သည်။ စေတီတော်ကို ပထမအင်းဝခေတ် မင်းကြီးစွာစော်ကဲ (အေဒီ ၁၃၆၇-၁၄၀၀) မြန်မာသက္ကရာဇ် ၇၃၂ ခုအေဒီ (၁၃၇၀) တွင် တည်ထားကိုးကွယ်ခဲ့သော စေတီပင်ဖြစ်သည်။

စေတီတော်မှာ နောက်ဆက်ခံသည့် ညောင်ရမ်းအဆက်ဆက် အလေးထားကိုးကွယ်ခဲ့သည့် စေတီတစ်ဆူဖြစ်သည်။ သာလွန်မင်းလက်ထက်တွင်တစ်ကြိမ်၊ ပြည်မင်းလက်ထက်တွင်တစ်ကြိမ် လုံးတော်ပြည့်ရွှေချတော်မူခဲ့သည်။ အထူးသဖြင့် ညောင်ရမ်းမင်း၏အချို့သောဘာသာရေးအခမ်းအနားကို ရွှေစည်းခုံစေတီတော်၌ ကျင်းပလေ့ရှိသည်။ စေတီတော်၏ထူးခြားချက်မှာ ညောင်ဦးရွှေစည်းခုံစေတီတော်ကဲ့သို့ ပစ္စယံများ၊ မကာရီးရုပ်ပါနတ်လှေကားများ၊ စေတီရံများနှင့် အတူနောက်ပိုင်းကိုယ်ထည်နှစ်ခုရှိသော ထောင့်ခြင်္သေ့ကြီးများ ထည့်သွင်းတည်ဆောက်ထားသည်။



ခေတ်အဆက်ဆက် သဘာဝဘေးအန္တရာယ်ကြောင့် ပြိုကျပျက်စီးမှုရှိခဲ့သော်လည်း ဂေါပကအဖွဲ့နှင့် ဒေသခံများ စုပေါင်းပြင်ဆင်မှုဖြင့် စေတီတော်ကို အင်္ဂါရပ်စုံလင်စွာ ဖူးမြော်နိုင်သည်။ လက်ရှိကာလတွင် အင်းဝဒေသရောက် ပြည်တွင်းဘုရားဖူးများ၊ နိုင်ငံတကာခရီးသွားဧည့်သည်များမှာ မြင်းလှည်းကလေးများဖြင့် အင်းဝရွှေစည်းခုံဘုရားသို့ အရောက်သွားလေ့ရှိကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

# အန္တရာယ်ကင်းပရိတ်တရားတော်နာနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ



**မော်လိုက် မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှကြီးမှူး၍ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်း မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ စုပေါင်း၍ သက်ကြီးဘိုးဘွားပူဇော်ပွဲကို မေ ၁၇ ရက် နံနက် ၈ နာရီက မော်လိုက်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ကန်တော့ခံဘိုးဘွားများအား ဩကာသကန်တော့ချိုးဖြင့် ကန်တော့ခဲ့ကြပြီး ဆေးဝါးများ၊ ကန်တော့ပစ္စည်းများအား ပေးအပ်လှူဒါန်းရာ ကန်တော့ခံဘိုးဘွားများကိုယ်စား ဦးဘိုနီက ဆုပေးစကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သက်ကြီးဘိုးဘွားပူဇော်ပွဲတွင် မော်လိုက်မြို့ပေါ်ရပ်ကွက်များရှိ အသက် ၈၀ နှစ်အထက် ဘိုးဘွား ၁၀၇ ဦးအား ဖိတ်ကြားကန်တော့ခဲ့ပြီး မတက်ရောက်နိုင်သည့် ကန်တော့ခံဘိုးဘွားများကိုလည်း အိမ်အရောက် သွားရောက်၍ ကန်တော့ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် အဆိုပါမြို့တော်ခန်းမ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခဲ့ကြကြောင်း သိရသည်။
**မော်လိုက်သားလေး**

# နှစ်ဆန်းတစ်ရက်နေ့ နှစ်ဦးဆွမ်းအလှူနှင့်အန္တရာယ်ကင်းပရိတ်တော်ရွတ်ဖတ်

**ကော့သောင်း မေ ၁၉**
နှစ်ဦးဆွမ်းအလှူနှင့် အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပွဲအား မေ ၁၇ ရက် နံနက် ၁၀ နာရီက ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမတွင်ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်သည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာသည့် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက နှစ်သစ်ဦးအန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်ကြီးများအား လှူဖွယ်ဝတ္ထုနှင့် နှစ်ဦးဆွမ်းဆက်ကပ်လှူဒါန်းပြီးရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း နှင့် သက်ကြီးပူဇော်ကန်တော့

**တာချီလိတ် မေ ၁၉**
အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မြို့နယ်မွှာရုံ၌ မေ ၁၇ ရက် နံနက် ၉ နာရီက ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာသည့် ဧည့်ပရိသတ်များက နဂါးနှစ်ကောင်ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသုမေဓထံမှ ငါးပါးသီလဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကျင်းပရာ အဘိုးအဘွားတို့အား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေဝင်း၊ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ကိုထိုက်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင်များက ငွေကျပ် ၈၅ သိန်းကျော်တန်ဖိုးရှိ အလှူငွေနှင့် စားသောက်ဖွယ်ရာများအား လှူဒါန်းပေးရာ အဘိုး၊ အဘွားများကိုယ်စား အဘွားဒေါ်တင်မြက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် မြို့ပေါ်ရပ်ကွက်များမှ အသက် ၈၀ နှစ်အထက် သက်ကြီးဘိုးဘွား ၁၉၉ ဦးတို့အား လှူဒါန်းပေးပြီး နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**ဝေယံလင်း(ပြန်/ဆက်)**



# ဒေသခံလူငယ်များအား မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မြစ်ကြီးနား မေ ၁၉**
မှုခင်းဖြစ်ပွားမှုမရှိစေရေးနှင့် လျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်မှုများကို ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုဖြင့် မြစ်ကြီးနားမြို့နယ်အတွင်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း အင်ဂျန်းခခန်းမ၌ ဒေသခံလူငယ်များအား မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားတွင် အမှတ်(၉၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ရဲမျိုးသန့်က ပြီးခဲ့သည့်မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကြောင့် လူသေဆုံးမှုနှင့် ဒဏ်ရာရမှုအခြေအနေများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိရှိနားလည်ထားခြင်းဖြင့် ယာဉ်မတော်တဆမှုအန္တရာယ်မှ ကင်းဝေးနိုင်ပုံများ၊ ယာဉ်မောင်းသူများ လိုက်နာရမည့် စည်းကမ်းများနှင့် ခြေကျင်လျှောက်သူများ သိထားသင့်သည့်အချက်များနှင့် အမှတ်(၁၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်လှိုင်စိုးက အလုပ်အကိုင်ရှားပါးခြင်း၊ ပြင်ပအတွေ့အကြုံ ဗဟုသုတနည်းပါးခြင်းများကြောင့် လူမှောင်ခို လူကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိပြီး လူမှောင်ခို လူကုန်ကူးမှုမဖြစ်ပွားစေရေး သိထားသင့်သည့်အချက်များ၊ လူမှောင်ခို လူကုန်ကူးမှုဖြစ်စဉ်များကြောင့် ကူညီကယ်တင်ခဲ့ရမှုများ၊ လူမှောင်ခို လူကုန်ကူးမှုဖြစ်စဉ်များနှင့် ဆက်စပ်သည့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို Power Point ဖြင့် ရှင်းလင်းပြောကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံလူငယ်များက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် အသီးသီးဖြေကြားပေးခဲ့ပြီး အခမ်းအနားသို့ ဒေသခံလူငယ် ၅၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။
**သူရိန်စိုး(ကချင်မြေ)**

# လာမယ့်လအတွင်း စစ်မှုထမ်းရတော့မယ့် လီမင်ဟို



တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုဟာ မကြာမီစစ်မှုထမ်းရတော့မှာဖြစ်ကြောင်း ယခုနှစ် နှစ်စပိုင်းကတည်းက သတင်းတွေထွက်ခဲ့တာဖြစ်ပေမယ့် စစ်မှုထမ်းရမယ့်ရက်ကိုတော့ လတ်တလော အချိန်မှသာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ လီမင်ဟိုဟာ လာမယ့်မေလအတွင်း စစ်မှုစတင်ထမ်းဆောင်ရမှာဖြစ်ပြီး လီမင်ဟိုရဲ့ အနုပညာလှုပ်ရှားမှုတွေဟာတော့ နှစ်နှစ်ခန့် ပရိသတ်တွေ အရှေ့ရောက်လာနိုင်ဦးမှာမဟုတ်ပါဘူး။

လီမင်ဟိုဟာ လာမယ့် မေလ ၁၂ ရက်မှစတင် စစ်မှုထမ်းရတော့မှာဖြစ်ပြီး သူ့ရဲ့ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း တောင်ကိုရီးယားရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ ဂန်းနန်းမှာ စတင်လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ စစ်မှုထမ်းရမယ့်သတင်းနဲ့ပတ်သက်ပြီး လီမင်ဟိုကိုယ်တိုင်ကရော သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီကပါ လတ်တလောမှာ အတည်ပြု ပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

လီမင်ဟိုဟာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်အတွင်းက ဖြစ်ခဲ့တဲ့ယာဉ်တိုက်မှုမှာ ဒဏ်ရာရရှိခဲ့တဲ့အတွက် လေ့ကျင့်ရေးသင်တန်းကျောင်းကို တိုက်ရိုက်သွားရောက်ရခြင်းမရှိဘဲ စစ်မှုထမ်းကာလအတွင်း လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကိုသာ စတင်လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ အဆိုပါယာဉ်တိုက်မှုမှာ အခြားသော နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျန်အီဝူးလည်း ပါဝင်နေတာဖြစ်ပြီး လီမင်ဟိုကတော့ ခြေထောက်ပိုင်းမှာ ဒဏ်ရာရရှိခဲ့ကာ သူ့ရဲ့ ခြေထောက်တစ်ချောင်းကို စတီးရိုးသွင်းခဲ့ရပြီး ခြေကျင်းဝတ်လည်း ထိခိုက်ခဲ့ရပါတယ်။

လီမင်ဟိုရဲ့ စစ်မှုထမ်းရမယ့်သတင်းနဲ့ပတ်သက်ပြီး သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အမ်ဝိုင်အမ်အန်တာတိန်းမန့်က "လီမင်ဟိုရဲ့ စစ်မှုထမ်းရမယ့် ရက်အတိအကျကိုတော့ ဒီနေ့မှာသိခွင့်ရခဲ့ပါပြီ။ သူဟာ လာမယ့် မေ ၁၂ ရက်မှာ ဂန်းနန်းမှာ လူမှုဝန်ဆောင်မှုတွေကို စတင်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်"လို့ ပြီးခဲ့တဲ့ ဧပြီ ၁၈ ရက်က တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

ယခုနှစ် နှစ်စပိုင်းမှာ လီမင်ဟိုဟာ လာမယ့် ဧပြီ (သို့မဟုတ်) မေလအတွင်း စတင်စစ်မှုထမ်းရတော့မှာဖြစ်ကြောင်း သတင်းတွေထွက်ခဲ့တာဖြစ်ပေမယ့် အဲဒီအချိန်တုန်းက လီမင်ဟိုရဲ့အေဂျင်စီက သူတို့အနေနဲ့ လီမင်ဟိုရဲ့ စစ်မှုထမ်းဖို့အတွက် အကြောင်းကြားစာကို လက်ခံရရှိခဲ့ခြင်းမရှိသေးကြောင်းနဲ့ ရရှိပါက ပရိသတ်တွေကို ချက်ချင်းဆိုသလို ထုတ်ဖော်ပြောကြားပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ လတ်တလောအချိန်မှသာ လီမင်ဟိုအတွက် အကြောင်းကြားစာကို လက်ခံရရှိခဲ့ပုံရကာ နှစ်နှစ်ခန့်စစ်မှုထမ်းရမှာဖြစ်ပါတယ်။

အေးပြည့်
စုစည်းသည်

# Apink ရဲ့ တေးသီချင်းသစ် စတင်ထုတ်လွှင့်



ပြီးခဲ့တဲ့ ဧပြီ ၁၉ရက်မှာ ဂီတသက်တမ်းခြောက်နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့ "Apink "ဟာ နှစ်ပတ်လည်အထိမ်းအမှတ်ရည်ရွယ်ထုတ်လုပ်ခဲ့တဲ့ တေးသီချင်းကို နှစ်ပတ်လည်နေ့မှာ စတင်ထုတ်လွှင့်ခဲ့ကြောင်း အောကေပေ့ါ်ပ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးသီချင်းကို"Always"လို့ အမည်ပေးထားပြီး တေးဗီဒီယိုကိုပါ တစ်ပြိုင်တည်း ထုတ်လွှင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုမှာ အဖွဲ့ဝင်တွေရဲ့ ချစ်စရာကောင်းတဲ့အမူအရာတွေနဲ့ သရုပ်ဆောင်ထားတဲ့ဟန်တွေကို တွေ့မြင်ခဲ့ရပြီး လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဟာ " Apink "ရဲ့ ပထမဆုံးသော ဒစ်ဂျစ်တယ်တေးသီချင်းဖြစ်ကာ ပရိသတ်တွေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို စုံလင်စွာရေးဖွဲ့ထားတဲ့ တေးသီချင်းချိုချိုလေးတစ်ပုဒ်ဖြစ်တာကိုလည်း တွေ့ရပါတယ်။

ယခင်ကလည်း "Apink"ဟာ ဂီတသက်တမ်းနှစ်ပတ်လည် အမှတ်တရတေးသီချင်းတွေကို ထုတ်လွှင့်ခဲ့ပါတယ်။ အဖွဲ့တည်ထောင်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် "April 19th" တေးသီချင်းကို ထုတ်လွှင့်ခဲ့ပါတယ်။ "April 19th" ထုတ်လွှင့်မှုအပြီးမှာတော့ နှစ်နှစ်ပြည့်အထိမ်းအမှတ်တေးသီချင်းကို ထုတ်လွှင့်ခဲ့ခြင်းမရှိဘဲ ရက် ၁၀၀၀ ပြည့်အထိမ်းအမှတ်အနေနဲ့ "Good Morning Baby"တေးသီချင်းကို ထုတ်လွှင့်ခဲ့ပါတယ်။ အဲဒီနောက် လေးနှစ်ပြည့်နှစ်ပတ်လည်နေ့အတွက် ရည်ရွယ်ကာ "Promise U"တေးသီချင်းကို ပရိသတ်အရှေ့ အရောက်ပို့ဆောင်ပေးခဲ့ပါတယ်။ ဂီတသက်တမ်း ငါးနှစ်ပြည့်တဲ့ နှစ်ပတ်လည်အတွက်တော့ "The Wave"တေးသီချင်းကို ထုတ်လွှင့်ခဲ့ကာ လတ်တလောမှာ ကျရောက်လာတဲ့ ခြောက်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပထမဆုံးသောဒစ်ဂျစ်တယ်တေးသီချင်းကို "Always"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

# ချစ်သူရှိနေပြီလို့ ဖွင့်ဟလာတဲ့ ဂျန်ကျိုဝန်

အချို့သော အနုပညာရှင်တွေက ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်လာချိန်မှာ မဟုတ်ကြောင်း ပြန်လည်ငြင်းချက်ထုတ်နေချိန်မှာတော့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျန်ကျိုဝန်က သူ့မှာ ချစ်သူရှိနေပြီဖြစ်ကြောင်း မီဒီယာတွေကို ကိုယ်တိုင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

မကြာသေးမီက တောင်ကိုရီးယားမီဒီယာတစ်ခုက ဂျန်ကျိုဝန်ဟာ လတ်တလောမှာ ချစ်သူရရှိနေပြီဖြစ်ကာ ဂျန်ရဲ့ ချစ်သူဟာ အနုပညာလောကအတွင်းမှမဟုတ်ဘဲ သာမန်မိန်းကလေးတစ်ဦးဖြစ်ပြီး သူ့ထက်ငယ်ရွယ်သူတစ်ဦးသာ ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။


ဒါ့အပြင် သူတို့နှစ်ဦးဟာ ဆိုးလ်မြို့အတွင်း ချိန်းဆိုတွေ့ဆုံမှုတွေကို ပြုလုပ်ခဲ့ကြကြောင်းလည်းသိရပါတယ်။ ဒီလိုတွေ့ဆုံရာမှာလည်း ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျန်ကျိုဝန်ဟာ အခြားသောသူတွေ သူ့ကို ဝိုင်းဝန်းကြည့်ရှုတာတွေကို ဂရုမစိုက်ဘဲ ရုပ်ဖျက်ကာ ဦးထုပ်ဆောင်းထားတာတွေ နှာခေါင်းစီးဝတ်ဆင်တာမျိုးတွေကို ပြုလုပ်လေ့မရှိဘူးဘို့လည်း သိရပါတယ်။

ဂျန်ကျိုဝန်ဟာ သူ့ရဲ့ ပထမအိမ်ထောင်နဲ့ ကွာရှင်းပြတ်စဲခဲ့ရာမှာလည်း လက်ရှိချစ်သူက သူ့ဘက်မှာ ရပ်တည်ပေးခဲ့တာဖြစ်ကြောင်းနဲ့ ချစ်သူသစ်လေးကြောင့်သာ သူ့ရဲ့အနုပညာခရီးဟာ ရှေ့ဆက်နိုင်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ကွာရှင်းမှုကြောင့် နာကျင်ခံစားခဲ့ရတာတွေကို သက်သာစေခဲ့တဲ့အတွက်သာမက ယခုလို ရုပ်ရှင်တွေဆက်လက်ရိုက်ကူးနိုင်အောင်ကူညီပေးခဲ့တဲ့ သူ့ရဲ့ချစ်သူသစ်လေးကို ကျေးဇူးတင်ရှိကြောင်းလည်း ဂျန်ကျိုဝန်က ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ်အတွင်း အနုပညာလောကထဲစတင် ဝင်ရောက်ခဲ့ကာ ဇာတ်လမ်းတွဲရုပ်ရှင်တွေနဲ့ ရုပ်ရှင်ပေါင်းများစွာမှာ ပါဝင် သရုပ်ဆောင်ခွင့်ရခဲ့တဲ့ ဂျန်ကျိုဝန်ဟာ လတ်တလောမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာလည်း ပါဝင်သရုပ်ဆောင်လျက်ရှိပါတယ်။ ယင်းရုပ်ရှင်ကတော့ တောင်ကိုရီးယား ရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ အမ်ဘီစီရုပ်သံလိုင်းမှ စနေ၊ တနင်္ဂနွေနေ့တွေမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ "You're Too Much" ဇာတ်လမ်းတွဲဖြစ်ပြီး ဂျန်ကျိုဝန်ဟာ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ပှါခ်ဟွန်ဂျွန်အဖြစ် ပါဝင်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။



# သတင်းတွေထွက်နေပေမယ့်ငြင်းဆိုခဲ့ကြတဲ့ ဂျီယောင်းနဲ့ ဂျန်ဂျွန်ယောင်း



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်နှစ်ဦးဖြစ်တဲ့ ဂျီယောင်းနဲ့ ဂျန်ဂျွန်ယောင်းတို့ဟာ လတ်တလောမှာ ချစ်သူတွေဖြစ်နေကြတယ်လို့ ကောလာဟလတွေပေါ်ထွက်လာခဲ့ပေမယ့် သူတို့နှစ်ဦးရဲ့ အေဂျင်စီကတော့ ကောလာဟလတွေဟာ မမှန်ကန်ကြောင်း ပြန်လည်ရှင်းချက်ထုတ်ခဲ့တယ်လို့ ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂီတကြယ်ပွင့်တွေ ဖြစ်ကြတဲ့ ဂျီယောင်းနဲ့ ဂျန်ဂျွန်ယောင်းတို့ဟာ ပြီးခဲ့တဲ့ တစ်လခန့်ကစတင်ပြီး ချစ်သူတွေဖြစ်နေကြကာ အများရှေ့မှာလည်း သူတို့နှစ်ဦးအကြားက ဆက်ဆံရေးကို ကွယ်ဝှက်ထားလိုခြင်းမရှိကြဘူးလို့ မီဒီယာအချို့နဲ့ မျက်မြင်သက်သေတွေက ပြောကြားခဲ့တဲ့အပေါ် သူတို့နှစ်ဦးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အမ်ဘီကေအန်တာတိန်းမန့်ကတော့ မဟုတ်ကြောင်း ပြန်လည်ငြင်းဆိုခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၉ ရက်မှာတော့ အမ်ဘီကေအန်တာတိန်းမန့်က"သူတို့နှစ်ဦးဟာ ချစ်သူတွေဖြစ်နေကြတယ်ဆိုတာမဟုတ်ပါဘူး။ ကောလာဟလတွေ စတင်ပေါ်ထွက်လာကတည်းက ကျွန်တော်တို့အနေနဲ့ အဖြစ်မှန်ကို သိရှိခဲ့ပြီးဖြစ်ပါတယ်။ ဂျီယောင်းက သူနဲ့ ရင်းနှီးတဲ့သူတွေနဲ့ တွေ့ဆုံလေ့ရှိတဲ့သူဖြစ်ပြီး အဲဒီရင်းနှီးတဲ့သူတွေထဲမှာ ဂျန်ဂျွန်ယောင်းဟာလည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့တာပါ" လို့ မီဒီယာတွေရဲ့ စွပ်စွဲချက်တွေကို တုံ့ပြန်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် သူတို့နှစ်ဦးရဲ့ အတွင်းသိဖြစ်တဲ့ သူတစ်ဦးရဲ့ ပြောကြားချက်အရတော့ သူတို့နှစ်ဦးဟာ လတ်တလောမှာ ချစ်သူတွေဖြစ်နေကြတာ အမှန်ပဲဖြစ်တယ်လို့သိရပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် ချိန်းဆိုတွေ့ဆုံမှုတွေ ပြုလုပ်လာခဲ့ကြတာ လွန်ခဲ့တဲ့ တစ်လခန့်ကတည်းကဖြစ်ပြီး အများရှေ့မှာလည်း ချစ်သူတွေဆိုတာကို ကွယ်ဝှက်ဟန်ဆောင်တာမျိုးတွေ မလုပ်ကြကြောင်းလည်း သိရပါတယ်။

ဂျီယောင်းဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "T-ara"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတလောကမှာ ကျော်ကြားပြီး နောက်ပိုင်းမှာ သရုပ်ဆောင်နယ်ပယ်အတွင်း ဝင်ရောက်ခဲ့ကာ အောင်မြင်ခဲ့တဲ့ မင်းသမီးတစ်ဦးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဂီတကို ချစ်မြတ်နိုးပြီး ကျွမ်းကျင်ပိုင်နိုင်တဲ့ ဂျီယောင်းနဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျန်ဂျွန်ယောင်းတို့ဟာ နှစ်ဦးသားတွေ့ဆုံချိန်တွေမှာ တေးဂီတအကြောင်းတွေနဲ့ ဖျော်ဖြေရေးလောကအကြောင်းတွေကို ဆွေးနွေးကြရင်း အခြားသောတူညီတဲ့ ဝါသနာတွေအကြောင်းလည်း ပြောဖြစ်ကြကာ ပိုမိုရင်းနှီးလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

တစ်ဖက်ကလည်း ချစ်သူတွေဖြစ်နေကြောင်း ဝေဖန်ပြောကြားချိန်မှာ အေဂျင်စီကတော့ ငြင်းဆိုထားတဲ့ ကြယ်ပွင့်စုံတွဲရဲ့ အချစ်ဇာတ်လမ်းဟာလည်း လတ်တလောမှာတော့ စိတ်ဝင်စားစရာဖြစ်နေပါတယ်။ ကာယကံရှင်တွေဖြစ်ကြတဲ့ ဂျီယောင်းနဲ့ ဂျန်ဂျွန်ယောင်းတို့ကတော့ လတ်တလောအချိန်အထိ ကောလာဟလနဲ့ပတ်သက်ပြီး နှုတ်ဆိတ်နေကြသေးတာကြောင့် ပရိသတ်တွေအနေနဲ့ သို့လော သို့လော အခြေအနေမှာသာ ရှိနေပါတယ်။

# မက်ဒရစ်ဖိုင်နယ် ဆက်ဖြစ်ဦးမလား

***မက်ဒရစ်မြို့ခံအသင်းနှစ်သင်းဖြစ်တဲ့ ရီးယဲလ်နဲ့ အက်သလက်တီကိုအသင်းတို့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်ကို တက်လှမ်းလာနိုင်ခြင်းနဲ့အတူ ဒီနှစ်သင်းတွေ့ဆုံတဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်နောက်တစ်ကြိမ်ဆက်ဖြစ်လာဦးမလားဆိုတဲ့ မေးခွန်းတွေလည်း ဆက်ထွက်လာပြန်ပါပြီ။ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲစဉ်များမဲခွဲမှု ထွက်မလာသေးခင် အခုလို မက်ဒရစ်နှစ်သင်းထိပ်တိုက်တွေ့ဆုံတဲ့ ဗိုလ်လုပွဲ ဆက်ဖြစ်လာမလားဆိုတဲ့ အတွေးတွေဝင်လာတာဟာ အနည်းငယ်စောလွန်းနေတယ်လို့ ထင်စရာရှိပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ဗိုလ်လုပွဲမှာ ဒီမက်ဒရစ်အသင်းနှစ်သင်း နှစ်ကြိမ်ထိပ်တိုက်တွေ့ခဲ့ပြီး နှစ်ကြိမ်လုံးမှာ ရီးယဲလ်က အောင်ပွဲခံနိုင်ခဲ့တာပါ။ ဒါကြောင့် ရီးယဲလ်နဲ့ အက်သလက်တီကိုအသင်းတို့ အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်လာတာနဲ့ အားလုံးက နောက်တစ်ကြိမ်မက်ဒရစ်ဗိုလ်လုပွဲထပ်ဖြစ်လာဦးမလားဆိုတဲ့အတွေးတွေ စောစောစီးစီး ဝေစီလာတာဖြစ်ပါတယ်။***

ခုနောက်ပိုင်းနှစ်တွေမှာ ချန်ပီယံလိဂ်ရော ယူရိုပါလိဂ်ကိုပါ စပိန်ကလပ်အသင်းများ လွှမ်းမိုးနေပြီး ကျန်ကလပ်အသင်းတွေက အဖြည့်ခံအသင်းတွေလို ဖြစ်နေတာကလည်း လာလီဂါဟာ အခြားနိုင်ငံအသင်းတွေထက် ခေါင်းတစ်လုံးအသာ အနေအထားဖြစ်နေတယ်ဆိုတာကို မီးမောင်းထိုးပြသနေတဲ့ အခြေအနေပါ။ ရီးယဲလ်နဲ့ ဘာစီလိုနာတို့ရဲ့ အပြိုင်လွှမ်းမိုးပြနိုင်မှု၊ အက်သလက်တီကိုရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ မြင့်မားတဲ့အနေအထား ရပ်တည်ပြနိုင်မှုတွေကြောင့် ချန်ပီယံလိဂ်ဟာ လာလီဂါအသင်းတွေသာ အပြိုင်အဆိုင်ယူနေတဲ့ ဖလားကြီးလိုဖြစ်နေပါတယ်။

ဒီလိုဖြစ်လာရတာတွေက ပရီမီယာလိဂ်ဟာ အလွန်ပွဲဆက်များတဲ့ လိဂ်ဖြစ်နေသလို၊ စီးရီးအေနဲ့ ဘွန်ဒက်စ်လီဂါတို့မှာလည်း ဂျူဗင်တပ်၊ ဘိုင်ယန်မြူးနစ်တို့သာ တစ်ကောင်တည်းပြေးတဲ့မြင်း အနေအထားဖြစ်နေတာတွေကြောင့်လို့ ယေဘုယျသုံးသပ်နိုင်ပါတယ်။ လာလီဂါအသင်းတွေကတော့ ချန်ပီယံလိဂ်ရော ယူရိုပါလိဂ်မှာပါ အဆိပ်ရှိတဲ့ ပုံစံနဲ့ စစ်မျက်နှာ နှစ်ရပ်လုံးဖွင့်တိုက် ယှဉ်ပြိုင်နေတာကြောင့် အခုလို ရလဒ်တွေကောင်းနေတာဖြစ်ပါတယ်။

လက်စတာအသင်းနဲ့ တစ်ဂိုးစီသရေကျခဲ့တဲ့ ပွဲစဉ်မှာ အက်သလက်တီကို နည်းပြ ဆီမွန်နီရဲ့ ကွင်းဘေးစည်းဘောင်ငြိမ်မှု အပြည့်နဲ့ ရှိနေတဲ့ပုံစံက သူဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အကောင်းဆုံးဦးဆောင်နိုင်တဲ့ နည်းပြ





တစ်ဦးဆိုတာကို ယုံကြည်တဲ့ပုံစံကို ဖော်ညွှန်းပေးနေသလိုပါပဲ။ ဒ့ါအပြင် အက်သလက်တီကိုအသင်းမှာ ဂရစ်ဇ်မန်းလို အရည်အသွေးမြင့်မားတဲ့ ကစားသမားရှိနေတာ၊ ကာရက်စ္စကို၊ တောရက်စ်တို့လို ဂိုးသွင်းခြေမြင့်မားတဲ့ တိုက်စစ်မှူးတွေ ရှိနေတာ၊ နောက်တန်းခံစစ် အင်ပြည့်အားပြည့်ရှိနေခြင်းတွေကလည်း အက်သလက်တီကိုရဲ့ အဆင့်တစ်ရပ်ကို လျော့ကျမသွားအောင် ဆွဲတင်ပေးထားနိုင်တဲ့ အကြောင်းတရားများပဲ ဖြစ်ပါတယ်။

အက်သလက်အနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ အရင်နှစ်တွေကလောက် ပုံစံကောင်းတစ်ရပ်ပြသနိုင်ခြင်းမရှိပေမယ့် ဘိုင်ယန်လို အသင်းကိုတောင် နောက်ကောက်ချပြီး အုပ်စုဗိုလ်အနေအထားနဲ့ ၁၆ သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တာကို ကြည့်ရင် ချန်ပီယံလိဂ်မှာ အက်သလက်ရဲ့ခြေ ပိုကောင်းတယ်ဆိုတာ မြင်နိုင်ပါတယ်။ ပြိုင်ဘက်နောက်တန်းက အက်သလက်တိုက်စစ်ကစားသမားတွေကို အသေကပ်ထားလို့ တိုက်စစ်ပိုင်းက ဂိုးမသွင်းနိုင်ရင်တောင် နောက်တန်းနဲ့ ကွင်းလယ်ကစားသမားတွေက လိုအပ်နေတဲ့ဂိုးတွေကို ရယူပေးနိုင်တာ၊ ကမ္ဘာ့အဆင့် လက်စွမ်းရှိတဲ့ဂိုးသမား အော့ဘလက်ခ်ကို ပိုင်ဆိုင်ထားတာတွေကလည်း ဆီမွန်နီရဲ့ အသင်းဟာ ချန်ပီယံလိဂ်မှာ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ ရီးယဲလ်တို့ကိုတောင် ယှဉ်နိုင်တဲ့အသင်းအဖြစ်ကို ရောက်ရှိစေခဲ့တာဖြစ်ပါတယ်။

ဥရောပ ထိပ်တန်းအသင်းတွေလို့ ပြောလိုက်တာနဲ့ အများစုက ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်နဲ့ ရီးယဲလ်တို့လိုသာ ပြေးမြင်မိကြပေမယ့် ဂျူဗင်တပ်နဲ့ အက်သလက်တီကို အသင်းတွေဟာ ဒီအသင်းတွေကို နောက်ကောက်ချနိုင်မယ့် အသင်းတွေလို့ သတ်မှတ်နိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ အက်သလက်ဟာ ဘာစီလိုနာကို ကွာတားအဆင့်၊ ဘိုင်ယန်မြူးနစ်ကို အကြိုဗိုလ်လုပွဲအဆင့်မှာ နောက်ကောက်ချနိုင်ခဲ့ပြီး ဗိုလ်လုပွဲမှာလည်း ရီးယဲလ်ကို ပင်နယ်တီနဲ့သာ အရှုံးနိမ့်ခဲ့တာကိုကြည့်ရင် ဒီအချက်မှန်ကန်တယ်ဆိုတာကို သက်သေခံနေတာဖြစ်ပါတယ်။

ဒါကြောင့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ မဲခွဲဆုံးဖြတ်မှုမှာ အက်သလက်တီကိုနဲ့ ရီးယဲလ်တို့သာ မတွေ့ဆုံခဲ့ရင် ဒီနှစ်သင်း လေးနှစ်အတွင်း သုံးကြိမ်မြောက်တွေ့ဆုံတဲ့ ဗိုလ်လုပွဲဖြစ်လာနိုင်ပါတယ်။ ရီးယဲလ်ဟာ ဘိုင်ယန်မြူးနစ်လို အသင်းကိုတောင် နောက်ကောက်ချပြီး အကြိုဗိုလ်လုပွဲအဆင့်ကို ခုနစ်နှစ်ဆက်တိုက် တက်ရောက်လာနိုင်တာကြောင့် အကြိုဗိုလ်လုပွဲမှာ ဘယ်အသင်းကိုတွေ့တွေ့ ဖြတ်ကျော်နိုင်ဖွယ်ရှိနေပါတယ်။ ဒီလိုပါပဲ အက်သလက်တီကိုအသင်းဟာလည်း ချန်ပီယံလိဂ်မှာ သမ္မာရှိလာတဲ့အသင်းဖြစ်ပြီး နောက်ဆုံးလေးနှစ်မှာ သုံးကြိမ်မြောက်အကြိုဗိုလ်လုပွဲ တက်ရောက်ထားတဲ့အသင်းဖြစ်နေတာကြောင့် သူတို့နှစ်သင်းသာ အကြိုဗိုလ်လုပွဲမှာ မတွေ့ဆုံရင် မက်ဒရစ်ဒါဘီဗိုလ်လုပွဲ ဖြစ်လာနိုင်မယ်လို့ ခန့်မှန်းနေကြတာဖြစ်ပါတယ်။

ဆီမွန်နီရဲ့ အက်သလက်ဟာ ၂၀၁၄ ခုနှစ် ဗိုလ်လုပွဲမှာ ရီးယဲလ်ကို အချိန်ပိုသွင်းဂိုးတွေနဲ့ အရေးနိမ့်ခဲ့ရပြီး ၂၀၁၆ ခုနှစ် ဗိုလ်လုပွဲမှာတော့ ပင်နယ်တီအဆုံးအဖြတ်နဲ့ အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။ ယှဉ်ပြိုင်ခဲ့တဲ့ ဗိုလ်လုပွဲစဉ်နှစ်ပွဲအတွင်းက ဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းကို ယှဉ်ကြည့်ရင် ၂၀၁၄ ခုနှစ်မှာ ရီးယဲလ်က သာခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ ပိုကောင်းတဲ့အသင်းက အက်သလက်ပါ။ ဒါပေမယ့် ဒီနှစ် ဒီတစ်ကြိမ် ဒီနှစ်သင်း ဗိုလ်လုပွဲ (သို့မဟုတ်) အကြိုဗိုလ်လုပွဲမှာ ထပ်မံတွေ့ဆုံရင် ဘယ်အသင်းက အသာရမလဲဆိုတာကို အဖြေထုတ်ဖို့ ခဲယဉ်းပေမယ့် ဒီတစ်ခါကတော့ နာကျည်းမှုနဲ့ တုံ့ပြန်မယ့် အက်သလက်တီကိုက စိတ်ဓာတ်ပိုင်းမှာ အသာရမယ်လို့ ထင်မြင်မိကြောင်းပါ. . .။

## နောက်ပြန်လည်သောဘီး (သို့မဟုတ်) ဘိုင်ယန်မြူးနစ်



ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှာ ဘိုင်ယန်မြူးနစ်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်း ခြောက်ဂိုး-သုံးဂိုးနဲ့ အရေးနိမ့်ပြီး ပြိုင်ပွဲကနေ နှုတ်ဆက်ခဲ့ရပြီဖြစ်ပါတယ်။ ဘိုင်ယန်နဲ့ ရီးယဲလ်တို့ ထိပ်တိုက်တွေ့ဆုံမှုကြောင့် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ကွာတားအဆင့်လောက်နဲ့ ပရိသတ်အာရုံကို အတော်လေး လှုပ်နှိုးနိုင်ခဲ့ပေမယ့် ထွက်သွာရတဲ့အသင်းက အားလုံးမျှော်လင့်ထားသလို ဘိုင်ယန်မြူးနစ်သာ ဖြစ်နေတာပါ။ ဂွါဒီယိုလာ ကိုင်တွယ်ခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ဘိုင်ယန်ဟာ ဘွန်ဒက်စ်လီဂါဖလား သုံးနှစ်ဆက်တိုက်ရယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအဆင့်ကို သုံးနှစ်ဆက်တိုက် တက်ရောက်နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။

ဒါပေမယ့် အန်စလော့တီ ပြောင်းလဲကိုင်တွယ်ခဲ့တဲ့ အချိန်မှာပဲ ချန်ပီယံလိဂ်ကွာတားအဆင့်လောက်နဲ့သာ ကျေနပ်ခဲ့ရတာကြောင့် လာမယ့်ရာသီမှာ အပြောင်းအလဲကြီးကြီးမားမား ဖော်ဆောင်ရတော့မယ့် သင်္ကေတရယ်လို့ သုံးသပ်သူတွေလည်းရှိပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ အငြင်းပွားဖွယ်အနေအထားတွေကြောင့် ပြိုင်ပွဲကနေ ထွက်ခွာခဲ့ရတာကြောင့် ဘိုင်ယန်အနေနဲ့ ကြီးကြီးမားမား ပြုပြင်ဖို့ မလိုအပ်သေးဘူးဆိုတဲ့ အမြင်တွေရှိနေသလို ရှေ့ကိုတစ်လှမ်းတိုးဖို့ နောက်တစ်လှမ်း ပြန်ဆုတ်ခဲ့ရတာဆိုတဲ့ အကောင်းဘက်ကနေ တွေးထင်သူတွေလည်း တစ်ပုံတစ်ပင်ပါပဲ။

ဒါပေမယ့် အားကစားရေးရာ ကျွမ်းကျင်သူတွေကတော့ ဘိုင်ယန်ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်နောက်ပိုင်းကတည်းက လွှမ်းမိုးလာခဲ့တာကြောင့် အခုအချိန်မှာတော့ တစ်ချိန်က ခြေစွမ်းထက် ကစားသမားတွေဟာ အသက်အရွယ်ထောက်လာကြပြီး သွေးသစ်လောင်းဖို့ ပျက်ကွက်ခဲ့တာကြောင့် ရလဒ်ပိုင်းကျဆင်းသွားခဲ့တာလို့ သုံးသပ်ပါတယ်။ သူတို့ကတော့ ဒီလိုအနေအထားမျိုးကို ရီးယဲလ်လည်း ၂၀၀၃ ခုနှစ် နောက်ပိုင်းကြုံတွေ့ခဲ့ရပြီး ၂၀၁၀ နောက်ပိုင်းမှသာ ဒီအနေအထားကနေ ရုန်းထွက်လာနိုင်တယ်လို့ ထောက်ပြပါတယ်။

ဘိုင်ယန်မှာ အလွန်ဆိုက (၃၅)နှစ်၊ ဖိလစ်လမ်းက (၃၃)နှစ်၊ ရီဘာရီက (၃၄)နှစ်နဲ့ ရော်ဘင်(၃၃နှစ်)၊ ရာဖင်ညာ(၃၁နှစ်)နဲ့ ချူအာ(၃၁နှစ်)တို့ရှိနေပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်အသင်းတွေထဲမှာ ပျမ်းမျှ အသက်အကြီးဆုံးအသင်းဖြစ်နေတာကလည်း ဘိုင်ယန်ရဲ့ ရလဒ်ပိုင်းအကျဘက်အခြေအနေကို လှစ်ပြနေပါတယ်။ လမ်း၊ ရီဘာရီ၊ ရော်ဘင်၊ ဘိုတန်၊ မူလာ၊ အာလာဘာတို့ဟာ ၂၀၁၃ ခုနှစ် ဘိုင်ယန်အသင်း ချန်ပီယံလိဂ်မှာ ဗိုလ်စွဲစဉ်က ခြေစွမ်းပြသနိုင်ခဲ့တဲ့ ကစားသမားတွေဖြစ်ပြီး လက်ရှိအချိန်မှာတော့ သူတို့ရဲ့ အကောင်းဆုံးအချိန်တွေကို ကုန်ဆုံးခဲ့ပါပြီ။ ဆန်းချက်စ်၊ လီဝန်ဒေါစကီး၊ မူလာ၊ ချူအာ၊ ဘိုတန်၊ အာလာဘာတို့ဟာ ၂၀၂၂ ခုနှစ်အထိ စာချုပ်သက်တမ်းရှိကြသူတွေဖြစ်ပါတယ်။ ဘိုင်ယန်ဟာ ဒေါ့မွန်၊ မိုနာကိုအသင်းတွေလို ကလပ်အသင်းတွေနဲ့ယှဉ်ရင် သက်ကြီး ကစားသမားတွေ အင်မတန်များနေတဲ့ အနေအထားဖြစ်နေပါတယ်။ ဒါကြောင့် ဘိုင်ယန်အနေနဲ့ ချန်ပီယံလိဂ်မှာ စောစောစီးစီး အောင်ဖျာလိပ်တဲ့အနေအထား နောက်ပိုင်းနှစ်တွေမှာ ဆက်တိုက်မကြုံချင်ဘူးဆိုရင် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချိန်တန်ပြီလို့ သုံးသပ်လိုက်ပါရစေ။

မေလဲ့သင်း-စုစည်းသည်

## ရာသီကုန်အထိ ချူအာ နားရဖွယ်ရှိ

ဘိုင်ယန်ဂိုးသမားနွေအာမှာ ရီးယဲလ်ကို အရေးနိမ့်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်အတွင်း ခြေထောက်ဒဏ်ရာရရှိသွားခဲ့ပြန်သဖြင့် ရာသီကုန်အထိ အနားယူရနိုင်ဖွယ်ရှိနေကြောင်း The Sun သတင်းဌာနကဖော်ပြသည်။ နွေအာမှာ ပြီးခဲ့တဲ့ မတ်လအတွင်း ခြေထောက်ဒဏ်ရာ ခွဲစိတ်ကုသခဲ့ရသဖြင့် ဘိုင်ယန်ရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်အချို့ကို လွဲချော်ခဲ့ပြီး ရီးယဲလ်ကို ရင်ဆိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပထမအကျော့ရောက်မှသာ ပြန်လည်ဝင်ရောက်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပြန်ကစားနိုင်ပြီး ရက်သတ္တတစ်ပတ်အကြာမှာပင် ယခုကဲ့သို့ ဒဏ်ရာထပ်မံရရှိသွားခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းဘက်ကမူ ကနဦးကုသမှုများကိုသာ ဆောင်ရွက်ထားပြီး လိုအပ်တဲ့ စစ်ဆေးမှုများကိုမူ မြူးနစ်ပြန်ရောက်မှသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နွေအာရဲ့ ဒဏ်ရာသာ ပြင်းထန်ပါက ရာသီကုန်အထိ အနားယူရဖွယ်ရှိနေရာ ဘိုင်ယန်အတွက် ကြီးမားတဲ့ ထိုးနှက်ချက်ဖြစ်လာမည်ဖြစ်သည်။ သို့သော် ဘိုင်ယန်ရဲ့ ကွာတားအဆင့်မှ လှည့်ပြန်ရမှု၊ ဗီဒယ်လ် ထုတ်ပယ်ခံရမှုနဲ့ စီရိုနယ်လ်ဒိုရဲ့ လူကျွံဘောသွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုခဲ့ရခြင်းများကြောင့် နွေအာရဲ့ ဒဏ်ရာကိစ္စရပ်မှာ မေ့မှိန်သွားခဲ့ရခြင်းဖြစ်သည်။



# နျူကလီးယားစစ်နှုတ်ခမ်းဝမှ ကိုရီးယားကျွန်းဆွယ်



**အောင်မိုး**

မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ဆက်ဆံရေးအခြေအနေမှာ အဆိုးရွားဆုံးအနေအထားသို့ရောက်ရှိနေပြီး လွန်ခဲ့သည့် သီတင်းပတ်များကတည်းက ကိုရီးယားကျွန်းဆွယ်တွင် စစ်ရိပ်စစ်ငွေ့များသန်းလျက်ရှိသည်။ စစ်ရိပ်စစ်ငွေ့သန်းသည်ဆိုခြင်းထက် နျူကလီးယားလက်နက်များဖြင့် တိုက်မည်ခိုက်မည်ဆိုသည့်အတွက် နျူကလီးယား အရိပ်အငွေ့များသန်းနေသည်ဆိုလျှင် ပိုမှန်ပါလိမ့်မည်။ ကိုရီးယားကျွန်းဆွယ်သည် နျူကလီးယားစစ်နှုတ်ခမ်းဝရောက်ရှိနေပြီး နိုင်ငံတကာအသိုင်းအဝိုင်းက စိုးရိမ်မှုများနှင့်အတူ စောင့်ကြည့်လျက်ရှိကြသည်။ တရုတ်နှင့် ရုရှားနိုင်ငံတို့က ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန် နှစ်ဖက်စလုံးကို မေတ္တာရပ်ခံထားသည်။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် ဒုံးကျည်နည်းပညာက အမေရိကန်နိုင်ငံအထိ ရောက်ရှိအောင် ပစ်ခတ်နိုင်ဖွယ်ရှိ၊ မရှိ အသေအချာမပြောနိုင်သော်လည်း ဒေသတွင်း ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကို ရောက်ရှိအောင်ပစ်ခတ်နိုင်သည်မှာ သံသယရှိစရာမလိုပေ။ အမေရိကန်၏ မဟာမိတ်နိုင်ငံများဖြစ်သည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က သူတို့ကိုယ်သူတို့ သေနတ်ပြောင်းဝတွင် အချိန်ထားခံရသူများအဖြစ် မှတ်ယူနေကြပြီး ၎င်းတို့လုံခြုံရေးအတွက် ပြင်းပြင်းထန်ထန် ကိုင်တွယ်ဖြေရှင်းလိုကြဟန်ရှိသည်။

**မဟာမိတ်နိုင်ငံများဘက်မှ ရပ်တည်ကာကွယ်**

ထရန့်အစိုးရအနေဖြင့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို အနီးကပ်ကာကွယ်ရန် မကြာသေးမီက အတည်ပြုထားသည့် ၎င်း၏ ကတိကဝတ်များကို အကောင်အထည်ဖော်ရေးရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်စ် ဆိုးလ်နှင့် တိုကျိုမြို့များသို့ သွားရောက်နှစ်သိမ့်မှုများပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ယခုအခါ အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်သည်လည်း ၎င်း၏ အာရှခရီးစဉ်တွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်ပြီး မြောက်ကိုရီးယားပြဿနာကို အလေးထားဆွေးနွေးခဲ့သည်။ အမေရိကန်အနေဖြင့် မဟာမိတ် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ဘက်က အခိုင်အမာရပ်တည် ကာကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အမေရိကန်အစိုးရအဆက်ဆက်က မြောက်ကိုရီးယားပြဿနာကို သည်းခံစိတ်ရှည်တဲ့ မဟာဗျူဟာနဲ့ ချဉ်းကပ်ခဲ့ကြပါတယ်။ မြောက်ကိုရီးယားရဲ့ နျူကလီးယား အစီအစဉ်ဖျက်သိမ်းရေးနဲ့ မြောက်ကိုရီးယားပြည်သူတွေ ခံစားနေရတာတွေသက်သာစေဖို့ အမေရိကန်ပြည်ထောင်စုနဲ့ ကျွန်တော်တို့ရဲ့ မဟာမိတ်တွေ ကြိုးစားခဲ့တာ အနှစ် ၂၀ ကျော်ခဲ့ပါပြီ။ ဒါပေမဲ့ မြောက်ကိုရီးယားဖက်က လိမ်လည်လှည့်ဖျားမှုတွေ၊ မတည်တဲ့ကတိတွေ၊ ဒုံးကျည်စမ်းသပ်မှုတွေနဲ့သာ တုံ့ပြန်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၈ လအတွင်းမှာကို တရားမဝင် နျူကလီးယားစမ်းသပ်မှု နှစ်ခုနဲ့ ပဲ့ထိန်းတပ်ဒုံးစမ်းသပ်မှုအကြိမ်ကြိမ်လုပ်ခဲ့ပါတယ်။ ကျွန်တော် ဒီကိုလာနေတဲ့အချိန်မှာတောင် ဒုံးကျည်ပစ်လွှတ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ မဟာဗျူဟာအရ စိတ်ရှည်သည်းခံခဲ့တဲ့ခေတ် ကုန်သွားပါပြီ" ဟု မိုက်ပန့်စ်က အမေရိကန်အစိုးရ၏ မြောက်ကိုရီးယားနိုင်ငံအပေါ်ထားရှိသည့် သဘောထားကို ပြောပြသွားခဲ့သည်။

အမေရိကန်နိုင်ငံက ဆီးရီးယားအစိုးရလေတပ်အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုနှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများကို ဗုံးအားလုံး၏ မိခင်ဟု တင်စားခေါ်ဆိုသည့် အကြီးဆုံးဗုံးကို အသုံးပြုတိုက်ခိုက်ခဲ့မှုများကို ရည်ညွှန်းကာ သမ္မတထရန့်၏ ပြတ်ပြတ်သားသားဆုံးဖြတ်အရေးယူလှုပ်ရှားမှုကို ဆီးရီးယားနှင့် အာဖဂန်နစ္စတန်တွင် တစ်ကမ္ဘာလုံးမြင်တွေ့ခဲ့ပြီဖြစ်ကြောင်း မိုက်ပန့်စ်က ပြောကြားသည်။ မြောက်ကိုရီးယားအရေးကို တရုတ်နိုင်ငံက ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းပေး နိုင်လိမ့်မည်ဟု အမေရိကန်နိုင်ငံက ယုံကြည်ကြောင်းနှင့် အကယ်၍ တရုတ်နိုင်ငံက ကိုင်တွယ်ဖြေရှင်း နိုင်ခြင်းမရှိလျှင် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ကိုင်တွယ်ဖြေရှင်းသွားမည်ဟု ပန့်စ်က ဆက်လက်ပြောကြားသည်။ မြောက်ကိုးရီးယားခေါင်းဆောင် ကင်ဂျုန်အန်၏ တိုးမြင့်လာသည့် နျူကလီးယားခြိမ်းခြောက်မှုများကိုကိုင်တွယ်ဖြေရှင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေဖြင့် လိုအပ်လျှင် စစ်အင်အားအသုံးပြုလိမ့်မည်ဟု မိုက်ပန့်စ်က ပြင်းပြင်းထန်ထန် သတိပေးပြောကြားလိုက်သည်။

**တုံ့ပြန်တိုက်ခိုက်ရန် အဆင်သင့်**

"တကယ်လို့အမေရိကန်က စစ်ရေးအရဆောင်ရွက်မယ့်လမ်းကို ရွေးချယ်ရဲလို့ လက်ဦးမှုယူပြီး ဌာနချုပ်တွေကို ရှင်းလင်းတိုက်ခိုက်ဖို့ကြိုးစားမယ်ဆိုရင် မြောက်ကိုရီးယားကလည်း အမေရိကန်ဘက်ကလိုလားတဲ့ စစ်ရေးပုံစံအတိုင်းတုံ့ပြန်ဖို့ အဆင်သင့်ပါပဲ" ဟု ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားဒုတိယသံအမတ်ကြီး ကင်အင်ယောင်းက ပြောကြားသည်။

ထရန့်အစိုးရက နျူကလီးယားသယ်ဆောင်လာသည့် အမေရိကန်စစ်သင်္ဘော Carl Vinson ကို ကိုရီးယားကျွန်းဆွယ်ကမ်းလွန်ရေပြင်သို့ ဖြန့်ကြက်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံကို ကျူးကျော်တိုက်ခိုက်ရန် အမေရိကန်၏ အဆင်ခြင်မဲ့လုပ်ရပ်ဖြစ်ပြီး စိုးရိမ်စရာအခြေအနေသို့ ရောက်ရှိစေသည်ဟု ကင်က ပြောကြားသည်။

"နိုင်ငံတော်ကာကွယ်ရေးအတွက် မြောက်ကိုရီးယားရဲ့ စစ်အင်အားကို နည်းလမ်းမျိုးစုံနဲ့ တိုးမြှင့်သွားမှာဖြစ်ပြီး နျူကလီးယားလက်နက်နဲ့ လက်ဦးမှုယူတိုက်ခိုက်မှုတွေ ပြုလုပ်နိုင်ပါတယ်" ဟု ကင်က ပြောကြားသည်။ အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက မြောက်ကိုရီးယားနိုင်ငံ၏ ဆိုရှယ်လစ်စနစ် ကျဆုံးအောင် စီစဉ်လုပ်ဆောင်နေသမျှကာလတစ်လျှောက်လုံး မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအတွက် စစ်အင်အား ဆက်လက်တိုးချဲ့နေမည်ဖြစ်ကြောင်း ကင်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ဧပြီ ၂၈ ရက်တွင် လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် အမေရိကန်၏ ဆုံးဖြတ်ချက်ကို မြောက်ကိုရီးယားနိုင်ငံက ပြတ်ပြတ်သားသား ငြင်းပယ်သွားမည်ဖြစ်ကြောင်း ကင်က ဆက်လက်ပြောကြားသည်။

**လက်ဦးမှုယူတိုက်ခိုက်ရန် စီစဉ်ခဲ့ဖူး**

၁၉၉၃-၁၉၉၄ ခုနှစ်ကာလ ပထမဆုံးအကြိမ် မြောက်ကိုရီးယားနျူကလီးယား ပြဿနာဖြစ်ပွားစဉ်တွင် အမေရိကန်သမ္မတ ဘီလ်ကလင်တန်အစိုးရက မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအဆောက်အအုံများနှင့် တိုက်ချင်းပစ်ဒုံးကျည်ပစ်ကွင်းနေရာများကို လက်ဦးမှုရယူကာ လေကြောင်းမှတိုက်ခိုက်ရန် စဉ်းစားခဲ့ဖူးသည်။ အထူးသဖြင့် ခရုစ်ဒုံးကျည်များနှင့် အက်ဖ်-၁၁၇တိုက်လေယာဉ်များအသုံးပြုကာ မြောက်ကိုရီးယားနိုင်ငံ၏ ပလူတိုနီယံအဏုမြူဓာတ်ပေါင်းဖိုများ တည်ရှိသည့် ယောင်ပြွန်းကျွန်းကို ဖျက်ဆီးတိုက်ခိုက်ရန်ဖြစ်သည်။ ထိုစဉ်က အမေရိကန်လေတပ်သည် ခွန်ဆန်လေတပ်အခြေစိုက်စခန်း၌ အက်ဖ်- ၁၁၇ တိုက်လေယာဉ်ခြောက်စင်း ဖြန့်ကြက်ထားပြီးဖြစ်သည်။

သို့သော် ပြန်လည်တုံ့ပြန်တိုက်ခိုက်မှုနှင့် အန္တရာယ်များသောစွန့်စားမှုများပိုမိုများပြားလာပြီး ကိုရီးယားကျွန်းဆွယ်တွင် ကြီးမားသည့်ပဋိပက္ခကို ဦးတည်စေနိုင်သောကြောင့် အဆိုပါ ဆုံးဖြတ်ချက်ကို ဆိုင်းငံ့ထားလိုက်ရသည်။ ၂၀၀၆ ခုနှစ်၌ မြောက်ကိုရီးယားနိုင်ငံ၌ တာဝေးပစ် တီပို-ဒွန် ၂ ဒုံးကျည်နည်းပညာ စမ်းသပ်ပစ်ခတ်မှုအောင်မြင်လုဆဲဆဲဖြစ်လာသည့်အတွက် အမေရိကန်အနေဖြင့် မြောက်ကိုရီးယားကို တိုက်ခိုက်ရန်အကြောင်း ထပ်မံပေါ်ပေါက်လာ ပြန်သည်။ ထိုအချိန်တွင် မြောက်ကိုရီးယားနိုင်ငံ၌ နျူကလီးယားလက်နက် ပိုင်ဆိုင်နေပြီဖြစ်သည်။

**ထိန်းချုပ်ဟန့်တားရေး မဟာဗျူဟာ**

၂၀၁၃ ခုနှစ်တွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် ထိန်းချုပ်ဟန့်တားရေး မဟာဗျူဟာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါမဟာဗျူဟာတွင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားခြိမ်းခြောက်မှုကို အနာဂတ်ဖြစ်နိုင်ခြေ စစ်ဆိုင်းကာလနှင့် စစ်ပွဲကာလများတွင် ထိန်းချုပ်ဟန့်တားနိုင်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းအဖြစ်ထူထောင်ရေးနှင့် မဟာမိတ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်ဖြင့် ထိထိရောက်ရောက်ဟန့်တားရေး တို့ဖြစ်သည်။ အဆိုပါ မဟာဗျူဟာ၏ အသေးစိတ်အချက်အလက်များကို အမေရိကန်တပ်ဖွဲ့များ၏ ကိုရီးယားတပ်မှူးများက မှတ်ချက်ပြုရာတွင် ယင်းမဟာဗျူဟာသည် မြောက်ကိုရီးယားနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည် အသုံးပြုမှုကြောင့် ထိခိုက်နစ်နာနိုင်မှုကို အဓိကထားစဉ်စားသွားရန်နှင့် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်အသုံးပြုမှုကို ထိန်းချုပ်ကန့်သတ်သွားရန် တို့ဖြစ်သည်။

အဆိုပါမဟာဗျူဟာတွင် မဟာမိတ်နိုင်ငံတို့၏ သမားရိုးကျ ကာကွယ်ရေးအစီအစဉ်ဖြင့် အမေရိကန်၏ နျူကလီးယားထီးရိပ်အထောက်အပံ့ဖြင့် မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်အသုံးပြုအံ့ဆဲဆဲ အခြေအနေမျိုးတွင် လက်ဦးမှုယူတိုက်ခိုက်သွားရန်လည်း ရွေးချယ်ထားသည်ဟု တောင်ကိုရီးယားသတင်းမီဒီယာများက ဖော်ပြကြသည်။ ပြဿနာမှာ မြောက်ကိုရီးယား၏ မဟာဗျူဟာရွေးချယ်မှုများက အကျိုးသက်ရောက်လာနိုင်မှုကို ဘယ်နည်းဘယ်ပုံ ထိန်းချုပ်ဟန့်တားသွားမလဲဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်နေသည်။

**ခြောက်နိုင်ငံဆွေးနွေးပွဲနှင့် မလုပ်ရမည့်သုံးခု**

ဝမ်းနည်းဖွယ်ကောင်းသည်မှာ မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ ခြောက်နိုင်ငံဆွေးနွေးပွဲ (မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ အမေရိကန်နှင့် ရုရှား) ပျက်သွားပြီး ယခုအချိန်ထိ ပြန်လည်စတင်နိုင်မှုမ ရှိခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ ဆွေးနွေးနိုင်မှုမရှိလျှင် ယခုကဲ့သို့ခြိမ်းခြောက်မှုများ၊ စိုးရိမ်မှုများ ဆက်လက်ဖြစ်ပွားနေမည်ဖြစ်သည်။ မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ် ဖျက်သိမ်းရေးမှာ အချိန်းနှောင်းခဲ့ပြီဆိုသည့် ဝမ်းနည်းဖွယ် အဖြေပင်ရရှိသည်။

လော့စ်အလာမို့စ် ဓာတ်ခွဲခန်းမှ ဒေါက်တာဆစ်ဟက်ကာသည် မြောက်ကိုရီးယား ယောင်ပြွန်းနျူကလီးယားသုတေသနဌာနသို့ လေးကြိမ်သွားရောက်ခဲ့သူဖြစ်သည်။ ဟက်ကာက မြောက်ကိုရီးယားအရေးဆွေးနွေးသည့် အမေရိကန်ပါဝင်သော ခြောက်နိုင်ငံဆွေးနွေးပွဲ စားပွဲဝိုင်းမအောင်မြင်ရသည့်အကြောင်းမှာ ၎င်းတို့က မြောက်ကိုရီးယား နျူကလီးယားလက်နက်အစီအစဉ် စွန့်လွှတ်ရေးကိုသာ အဓိကထားဆွေးနွေးခဲ့ခြင်းကြောင့်ဟု ယူဆသည်။

ယင်းကဲ့သို့စွန့်လွှတ်ရေးအစီအစဉ်မှာ မြောက်ကိုရီးယားနိုင်ငံ နျူကလီးယား လက်နက်မပိုင်ဆိုင်မီ ၂၀၀၀ ပြည့်နှစ်က သင့်လျော်သော်လည်း ယနေ့အချိန်တွင် မရတော့ပေ။ ဟက်ကာက စတင်ပြုလုပ်သင့်သည့် ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များကို တိုက်တွန်းချပြခဲ့သည်။ အဆိုပါရည်မှန်းချက်များမှာ ခေတ်နှင့်လျော်ညီပြီး စွမ်းဆောင်နိုင်မည့် အချက်များလည်းဖြစ်သည်ဟု ယူဆရသည်။ ထိုရည်မှန်းချက်များကို ဟက်ကာက မလုပ်ရမည့်သုံးခု (Three Nos )ဟု ခေါ်ဆိုခဲ့သည်။ ယင်းတို့မှာ (၁) နျူကလီးယားလက်နက်အသစ်မလုပ်ရ၊ (၂) နျူလက်နက်များ အဆင့်မြှင့်တင်ခြင်းမလုပ်ရနှင့် (၃) နျူကလီးယားနည်းပညာနှင့် လက်နက်များကို လွှဲပြောင်းခြင်းမပြုရ တို့ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်များအပြင် စီးပွားရေးမက်လုံးများကိုပါ ပေါင်းစပ်အသုံးချနိုင်သည်ဟု ယူဆသည်။

အမေရိကန်နိုင်ငံအနေဖြင့် သင့်လျော်မှန်ကန်သည့် နည်းဗျူဟာရည်မှန်းချက်များဖြင့် မြောက်ကိုရီးယားအရေးကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိလျှင် ဆိုးဆိုးရွားရွား ဒုက္ခရောက်မည်ဖြစ်သည်။ ဂျပန်နှင့် တောင်ကိုရီးယားတို့က ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် နျူကလီးယားလက်နက်စွမ်းရည်ကို မြှင့်တင်သွားဖွယ်ရှိသည်။ ၎င်းတို့အနေဖြင့် နျူကလီးယားလက်နက်ကို လွယ်လွယ်ကူကူပြုလုပ်နိုင်စွမ်းရှိသည့် နည်းပညာနှင့် အရင်းအမြစ်တို့ရှိနေသည်။ မူလကတည်းက တည်ငြိမ်မှုမရှိသေးသည့် ယင်းဒေသတွင် နျူကလီးယားလက်နက်များ အပြိုင်အဆိုင်တပ်ဆင်ပြီး ခြိမ်းခြောက်မှုအန္တရာယ် ပိုမိုကြီးထွားလာဖွယ်ရှိသည်။

# ရှမ်းတို့ဌာနီ လွိုင်လင်ဆီသို့

သဲနိုင်ဦး(မြန်မာစာ)

ရှမ်းပြည်နယ်ကို တာဝန်ဖြင့် မကြာမကြာ ရောက်ဖြစ်သည်။ အများဆုံး ရောက်ဖြစ်တာကတော့ တောင်ကြီးမြို့သို့ဖြစ်သည်။ သို့သော် ဒီတစ်ခေါက်ခရီးက အရင်ခရီးများနှင့်မတူ။ သွားရမည့်နေရာက ရှမ်းပြည်နယ် လွိုင်လင်မြို့ဖြစ်သည်။ ကမ္ဘောဇဘဏ်လီမိတက် လွိုင်လင်ဘဏ်ခွဲ ဖွင့်ပွဲသို့ သတင်းသွားရောက် ရယူရန်ဖြစ်သည်။ နံနက် ၇ နာရီခွဲ ရန်ကုန်လေဆိပ်မှထွက်ခွာလာရာ ဟဲဟိုးလေဆိပ်သို့မနက် ၉ နာရီတွင် ရောက်ရှိသည်။ ရာသီဥတုက သိပ်မအေးလှသိပ်မပူလှ၊ သင့်တင့်သောရာသီဥတုဖြစ်သည်။ တောင်ကြီးသို့ မော်တော်ယာဉ်ဖြင့် အသွားတွင် မြူမလွှင့်တလွှင့်ကြားမှဘဝသံသရာရထားလမ်းကိုလှမ်းမြင်ရသည်။ တောင်ကြီးမှတစ်ဆင့် လွိုင်လင်သို့ ၁၁ နာရီခန့်တွင် ဆက်လက်ထွက်ခွာခဲ့သည်။

**အချိုးအကွေ့များပြား**

လွိုင်လင်လမ်းသည် အချိုးအကွေ့များပြားလွန်းလှသော်လည်း တောင်တက်လမ်းဘေးရှိ ရှုခင်းများသည်ကား ရင်သပ်ရှုမောဖွယ်ဖြစ်၏။ အေးချမ်းလှပသောလွိုင်လင်မြို့သို့ မွန်းလွဲ ၂ နာရီခန့်တွင်ရောက်ရှိပြီး နမ့်စန်မြို့အထွက် ကားလမ်းပေါ်တွင်ရှိသော မြကန်သာကန်တော်ကြီး၏ လှပသာယာမှုကို တငေးတမော ကြည့်ရှုခဲ့ရပါသည်။ ထို့ကြောင့်လည်း လွိုင်လင်မြို့ကို ရောက်ဖူးသူတိုင်းက မြို့နဲ့အတူ မြကန်သာကန်တော်ကြီးကို ယှဉ်တွဲ၍ ရည်ညွှန်းပြောကြခြင်းဖြစ်ကြောင်း သတိပြုမိပါတော့သည်။

လွိုင်လင်မြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းကို ဆက်သွယ်ပေးသည့် လမ်းဆုံမြို့တစ်မြို့ဖြစ်ပြီး ရှမ်း၊ ပအိုဝ့်နှင့် အခြားတိုင်းရင်းသားပေါင်းစုံတို့ စုစည်းညီညွတ်ပျော်ရွှင်စွာ စုပေါင်းနေထိုင်လျက်ရှိသည့် အေးချမ်းသာယာသော မြို့တစ်မြို့လည်းဖြစ်သည်။ ရှေးယခင်တစ်ချိန်ကဆိုလျှင် တောင်ကြီးမှ လွိုင်လင်သို့ ကောင်ဘွိုင်ခေါ် လုံခြုံရေး ယာဉ်တန်းဖြင့် တစ်နေ့လျှင် နှစ်ကြိမ်သာ သွားနိုင်ပြီးဒီလမ်းခရီးကို ၅ နာရီကျော်မျှ စိုးတထိတ်ထိတ်ဖြင့် သွားလာခဲ့ကြရသည်။




**လမ်းများချောမွေ့ပြေပြစ်**

ယခုအခါတွင်မူ ငြိမ်းချမ်းရေး၏ ရှေ့ပြေးအရုဏ်ဦးရောင်နီကြောင့် တောင်ကမ်းပါးယံများကိုဖြိုချ၍ လမ်းများကို ချဲ့ထွင်နိုင်ခဲ့ခြင်း၊ ကတ္တရာလမ်းအပြည့် သပ်ရပ်စွာ ခင်းထားနိုင်ခြင်းတို့ကြောင့် လမ်းများသည်လည်း ချောမွေ့ပြေပြစ်နေလေပြီ။ မော်တော်ယာဉ်များသည်လည်း အဆက်မပြတ်များပြားစွာ ဥဒဟိုသွားလာနေကြသည်ကိုတွေ့ရှိရသည်။ တောင်ကြီးမှ လွိုင်လင်သို့ ယခုဆိုလျှင် ၂ နာရီခန့်ဖြင့် ရောက်ရှိနိုင်ပြီဖြစ်သည်။ ထို့အပြင် လွိုင်လင်မြို့ တိုင်းရင်းသားညီညွတ်ရေး စာချုပ်မြို့တော် ပင်လုံနှင့် ခြောက်မိုင်ခန့်သာ ဝေးသောကြောင့် အချိန် ၁၅ မိနစ်ဖြင့် ပင်လုံမြို့သို့ ဆက်လက်သွားရောက်နိုင်ပြီး ပြည်နယ်ပြည်မ ပေါင်းစည်းရေးစာချုပ်အထိမ်းအမှတ် ပင်လုံကျောက်တိုင်သို့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပြီဖြစ်သည်။ ယခုဆိုလျှင် ပင်လုံ-လွိုင်လင်-နမ့်စန်မြို့ သုံးမြို့သည် ဒေသစီးပွားရေးအတွက် ဗဟိုအချက်အချာနေရာများ ဖြစ်လာပေပြီ။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် မြို့နယ်အရေအတွက်အများဆုံးနှင့် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်သည့် လွိုင်လင်ခရိုင်၏ လွိုင်လင်မြို့တွင် ကမ္ဘောဇဘဏ်လီမိတက်၏ (၄၅၉)ဘဏ်မြောက် ဘဏ်ခွဲဖွင့်လှစ်ခြင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲကို ဧပြီ ၄ ရက် ည ၇နာရီက ရီသျှမ်းမင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

**မွေးရပ်မြေအကျိုးပြု**

အခမ်းအနားတွင် ကမ္ဘောဇဘဏ်လီမိတက်၏ ဝန်ထမ်းတစ်ဦးလည်းဖြစ်၊ လွိုင်လင်မြို့ ဇာတိသား တစ်ဦးလည်းဖြစ်ပြီး ငယ်စဉ်ကလွိုင်လင်ခရိုင်၏ လူရည်ချွန်နှစ်ထပ်ကွမ်းတစ်ဦးဖြစ်ခဲ့သော ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇကုမ္ပဏီများအုပ်စုအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ သူကိုယ်တိုင်ကလည်း သူငယ်တန်းမှ ဒသမတန်းအောင်မြင်တဲ့အထိ လွိုင်လင်မြို့ အထက(၁) တွင် ပညာသင်ကြားခဲ့သူဖြစ်သည့်အတွက် လွိုင်လင်မြို့နှင့် အထက (၁) စာသင်ကျောင်းကို အထူးကျေးဇူးတင်ပါကြောင်း၊ လွိုင်လင်မြို့သားတစ်ယောက်အနေနဲ့ အခုလိုလွိုင်လင်မြို့၊ ကမ္ဘောဇဘဏ်ဖွင့်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဖွင့်လှစ်ခွင့်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာမိပါကြောင်း၊ ကိုယ့်မွေးရပ်ဇာတိမြေကို ပြန်လည်အကျိုးပြုခွင့်ရတဲ့အတွက်လည်း ကျေနပ်မိကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ဦးညိုမြင့်က လွိုင်လင်မြို့၏ အမြင့်ဆုံးတောင်ကုန်းထိပ်တွင် တည်ရှိပြီး နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အရှင်ဒေါက်တာပညာနန္ဒ သီတင်းသုံးတော်မူနေသော ခတ်တော်ကျောင်းတိုက်တွင် သန့်ရှင်းသောသောက်သုံးရေများ ရှားပါးခက်ခဲနေမှုကြောင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းအနေဖြင့် စက်ရေတွင်း တူးဖော်လှူဒါန်းပေးခဲ့ရာ ဆရာတော်၏ သီလ၊ သမာဓိနှင့် ကြီးမားသော မေတ္တာတရား၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ စေတနာသဒ္ဒါတရား ထက်သန်မှု၊ လွိုင်လင်မြို့သူမြို့သားများ၏ ကုသိုလ်ကံတို့ကြောင့် တူးဖော်ရက်ငါးရက်အတွင်း အနက်ပေ ၂၂၅ ပေ အရောက်တွင် ရေများပန်းထွက်လာပြီး တစ်နာရီ ရေဂါလန် ၂၀၀၀ နှုန်းဖြင့် ရေစင်ရေသန့်များ ရရှိနေပြီဖြစ်ကြောင်း၊ အဆိုပါ စက်ရေတွင်းကို အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ခြင်းကြောင့် ခတ်တော်ကျောင်းစာသင်တိုက်ရှိ သံဃာတော်အပါး ၁၂၀ အပါအဝင် သီတင်းသုံးလျက်ရှိသော သံဃာတော်များ သုံးရေ၊ သောက်ရေများကို ဖူလုံစွာသုံးစွဲနိုင်ပြီး စိတ်အေးချမ်းသာစွာ စာပေကျမ်းဂန်များကို သင်ယူလေ့လာနိုင်ပြီဖြစ်ကြောင်း၊ ၎င်းအပြင် ခတ်တော်ကျောင်းအတွက် နဝကမ္မ အလှူတော်ငွေများနှင့် စာပေကျမ်းဂန်သင်ကြားမှုအထောက်အကူပစ္စည်းများကိုလည်း လှူဒါန်းခဲ့ပါကြောင်း ဝမ်းသာပီတိဖြစ်စွာဖြင့် ပြောကြားသွားသည်။



**ပေးအပ်လှူဒါန်း**

ထို့နောက် ဖောင်ဒေးရှင်းကိုယ်စား ဦးညိုမြင့်နှင့် ဇနီးဖြစ်သူ လွိုင်လင်ခရိုင် လဲချားမြို့နယ်ဇာတိ ငါးထပ်ကွမ်းလူရည်ချွန် ဒေါက်တာနန်းခင်းမေဖူးနှင့်အတူ လွိုင်လင်မြို့ရှိ အထက်တန်းကျောင်း သုံးကျောင်းအတွက် Laptop ကွန်ပျူတာများ နှင့် Projector တို့ကို သက်ဆိုင်ရာကျောင်းအုပ်ဆရာ၊ ဆရာမကြီးများထံ ပေးအပ်လှူဒါန်းခဲ့သည်။ ထိုညကလည်း ယင်းဒေသသို့ ရောက်ရှိခဲ့သည့် နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသော တင်ဇာမော်၊ အာဇာနည်၊ သီရိဂျေမောင်မောင်၊ စိုင်းအောင်ထီးခမ်းနှင့် ဟန်ထွန်းတို့က တေးသံသာများဖြင့် အားပါးတရ ဖျော်ဖြေခဲ့ကြသလို တက်ရောက်လာသူများကလည်း အနုပညာရှင်များနှင့်အမှတ်တရဓာတ်ပုံများ ပျော်ရွှင်စွာ ရိုက်ကူးကြသည်ကို မြင်တွေ့ရသည်။

နောက်နေ့ ဧပြီ ၅ ရက် နံနက် ၉ နာရီတွင် ကမ္ဘောဇဘဏ်လီမိတက်၏ (၄၅၉) ဘဏ်မြောက် လွိုင်လင်ဘဏ်ခွဲ ဖွင့်လှစ်ပွဲအခမ်းအနားကို လွိုင်လင်မြို့ (အမှတ် ၂/၂၉၊ ဂေါ်ရခါးကျောင်းလမ်း၊ ၂ ရပ်ကွက်) တွင် စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ်ရှိ ခရိုင်နှင့် မြို့နယ်အဆင့်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် ကမ္ဘောဇဘဏ်မှဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ကူညီပံ့ပိုးပေး**

ကမ္ဘောဇဘဏ်သည် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကိုဖွဲ့စည်းတည်ထောင်ကာ နိုင်ငံတစ်ဝန်းတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းရပ်များနှင့် သန့်ရှင်းသော သောက်သုံးရေမရရှိသော ဒေသများတွင် ရေတွင်းတူးစက်ကြီးများဖြင့် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခြင်းတို့ကို စဉ်ဆက်မပြတ် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရသည်။

လွိုင်လင်ရောက်တုန်း ဒေသခံတစ်ဦးဖြစ်သည့် နမ့်စန်မြို့မှ ရောက်ရှိလာသော လှနွယ်စာပေတိုက်၊ ခင်ခင်ထွန်းထီဆိုင်၊ အားကစားပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ အဘ ဦးထွန်းဝေကို တွေ့ဆုံမေးမြန်းရာ "အခုလို ရှမ်းပြည်နယ် လွိုင်လင်မြို့မှာ ကမ္ဘောဇဘဏ် ဖွင့်ခဲ့တဲ့အတွက် အဘတို့ ရှမ်းပြည်နယ်မှာရှိတဲ့ ပြည်သူအားလုံး စီးပွားရေးလုပ်ငန်း၊ အခြားလုပ်ငန်းအစုံမှာ ငွေပို့ ငွေလွှဲ လုပ်ကိုင်ရတာ အစစအဆင်ပြေလာတယ်။ အရင်ကဆိုရင် နမ့်စန်မှာရှိတယ်။ ပင်လုံမှာရှိတယ်။ အခုဆို လွိုင်လင်မှာ ထပ်ဖွင့်တဲ့အတွက် လွိုင်လင်မှာရှိတဲ့ ကုန်သည်ရော၊ ဝန်ထမ်းရော စီးပွားရေးလုပ်ငန်းရှင်အားလုံးရော မိဘဆွေမျိုးသားချင်းတွေကို ငွေလွှဲပို့တာ အလွန်အဆင်ပြေတဲ့အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ နောက်တစ်ခုက ကမ္ဘောဇဘဏ်အနေနဲ့ အဘတို့ နမ့်စန်မှာရှိတဲ့ ရပ်ကွက် ငါးခုမှာ အဝီစိရေတွင်း တူးခဲ့ပေးတယ်။

**ကမ္ဘောဇကိုကျေးဇူးတင်**

အရင်ကဆိုရင် နမ့်စန်မှာ အဝီစိတွင်းတူးလို့မရဘူးပေါ့၊ ကျိမ်စာဘဲမိနေသလို ဘာလိုလိုနဲ့ပေါ့၊ အခုလို ကမ္ဘောဇဘဏ်ရဲ့ စေတနာ မေတ္တာ၊ အားလုံးစုပေါင်းပြီးတော့ ကူညီတဲ့အတွက် ခုဆို နမ့်စန်မှာလဲ ရေအဆင်ပြေသွားပြီ၊ ငွေပို့ငွေလွှဲလည်း အဆင်ပြေသွားပြီ၊ ဒါ့အပြင် ကမ္ဘောဇဘဏ်ရဲ့ ဖောင်ဒေးရှင်းကလည်း လိုအပ်တဲ့နေရာမှာ အစစအရာရာ လိုလေသေးမရှိအောင် ကူညီပေးတဲ့အတွက် နမ့်စန်မြို့နယ်ကိုယ်စားရော လွိုင်လင်ပြည်သူပြည်သားတွေရဲ့ ကိုယ်စားရော အဘအနေနဲ့ ကမ္ဘောဇဘဏ်ကို အထူးပဲကျေးဇူးတင်ပါတယ်" ဟု ဝမ်းသာအားရ ရှင်းပြသည်။

လွိုင်လင်ရှိဒေသခံတို့၏ ကြည်နူးသော အပြုံးများကြားတွင် ကမ္ဘောဇလွိုင်လင်ဘဏ်ခွဲကို အားရပါးရ မှတ်တမ်းတင်ခဲ့သည်။ ရိုးသားသော တိုင်းရင်းသားတို့၏ အပြုံးပန်းများကို မြင်တွေ့ရသဖြင့် မိမိသည်လည်း အလိုလို ပျော်ရွှင်လာသည်။ ခရီးပင်ပန်းသော်လည်း လာရကျိုးနပ်သည့်ခရီးတစ်ခုဟု တွေးလိုက်မိသည်။ နောက်တစ်ခေါက်လည်း သာယာလှပသော ရှမ်းတို့ဌာနီ လွိုင်လင်ဆီသို့ ရောက်အောင်လာလည်ဦးမည်ဟု တွေးလိုက်မိပါတော့သည်။

**သန့်ရှင်းသော သောက်သုံးရေ မရရှိသော ဒေသများတွင် ရေတွင်းတူးစက်ကြီးများဖြင့် စက်ရေတွင်းများ တူးဖော်ပေး ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေး . . .**

# ခရီးသွားများအပေါ် ဆွဲဆောင်ဖမ်းစားမှုအားကောင်းသော အတုယူဖွယ်ကိုရီးယား

ဆုနှင်းလဲ့



ကိုရီးယားနိုင်ငံ Seoul မြို့သို့ Ecotourism Capacity Building Workshop For CLMV အစည်းအဝေးတက်ရောက်ရန် ခေတ္တရောက်ရှိနေစဉ်ကာလအတွင်း အစည်းအဝေး တစ်နေကုန်ကျင်းပနေသည့်ကြားမှ အားလပ်ချိန်ညနေပိုင်းလေးများတွင် Seoul မြို့ရဲ့အလှအပများ၊ လေ့လာစရာနေရာများကို ကြိုးစားပြီးသွားရောက်လေ့လာခဲ့ပါသည်။ ထိုသို့သွားရောက်ခဲ့သောနေရာများမှ ထူးခြားထင်ရှားပြီး ခရီးသွားများကို ဆွဲဆောင်မှုရှိသောနေရာတစ်ခုမှာ Namsam Tower (ခေါ်) Seoul Tower ပင်ဖြစ်ပါသည်။

နမ်ဆန်တာဝါ (ခေါ်) ဆိုးလ်တာဝါသည် ယုန်ဆန်မြို့နယ် ယွန်ဆန်ရပ်ကွက် (၂)လမ်းနမ်ဆန် တောင်ထိပ်တွင်တည်ရှိပြီး အမြင့်ပေ ၂၃၆ ဒသမ ၇ မီတာ (၇၇၇ ပေ) ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၉ ဒသမ ၇ မီတာ (၁၅၇၄ ပေ) တည်ရှိပါသည်။ ၁၉၆၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ရုပ်သံတာဝါ ဆိုးလ်မြို့၏ အမြင့်ဆုံးနေရာတွင်တည်ရှိသော ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုများပြားသော နေရာတစ်ခုဖြစ်ပါသည်။

တာဝါတည်ဆောက်ခဲ့သောနေရာသည် ဂျိုဆောင်ခေတ် ဘိုးဘွားဘီဘင်ကိုးကွယ်ဝတ်ပြုသည့်နေရာကို ဖယ်ရှားခဲ့ပြီး အလွတ်အဖြစ်ထားခဲ့ရာမှ မြို့တော်သာယာဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ရာတွင် တာဝါအဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကိုရီးယားနိုင်ငံ၏ ပထမဆုံးရုပ်သံထုတ်လွှင့်ရာနေရာလည်း ဖြစ်ပါသည်။ တစ်နှစ်လျှင် ခရီးသွားဧည့်သည် (၈ ဒသမ ၄)သန်းခန့် တာဝါပေါ် အလည်အပတ်ရောက်ရှိပြီး ဝမ် ၁၅ ဘီလီယံ ခန့်ဝင်ငွေရရှိပါသည်။ ကမ္ဘာ့လည်ပတ်စရာကောင်းသော နေရာ ၅၀၀ တွင်လည်း တစ်ခုပါဝင်ပါသည်။

တာဝါပေါ်သို့ လမ်းလျှောက်၍သော်လည်းကောင်း၊ Cable car ဖြင့်သော်လည်းကောင်း တက်ရောက်နိုင်ပါသည်။ Cable car မှာ မနက် ၁၀ နာရီမှစတင်ပြီး ည ၁၁ နာရီအထိ (ဆောင်းတွင်းတွင်ည ၁၀ နာရီ) ဖွင့်လှစ်ပြီး One way တွင်လူကြီး (ဝမ် ၆၀၀၀)နှင့် ကလေး (ဝမ် ၃၅၀၀) Round Trip အတွက်လူကြီး (ဝမ် ၈၅၀၀) နှင့် ကလေး (ဝမ် ၅၅၀၀) ပေးချေရပါသည်။ လမ်းလျှောက်တက်လျှင် နမ်ဆန်စာကြည့်တိုက်မှစ၍ မိနစ် ၃၀ မှ မိနစ် ၄၀ ခန့်ထိ ကြာမြင့်ပါသည်။

တာဝါပေါ်တွင် N plaza ,N Lobby နှင့် N Tower ဟူ၍ အဓိကအပိုင်းကြီးသုံးပိုင်းခွဲခြားထားပါသည်။ N plaza မှာ နှစ်ထပ်ရှိပြီး ပထမထပ်မှာ လက်မှတ်ရောင်းဌာန၊ ဘာဂါဆိုင်တို့ရှိ၍ ဒုတိယထပ်တွင် 'Locks of love' ဟူသော အချစ်၏သင်္ကေတ အမှတ်တရသော့တွဲလေးများ ချိတ်ဆွဲရသော အလွန်လှပသည့်နေရာလေးရှိပါသည်။ N Lobby တွင် N လက်ဆောင်ပစ္စည်းဆိုင်၊ N Sweetbar, BH Style၊ ကော်ဖီဆိုင်၊ နက္ခတ်တာရာမျှော်စင်သို့သွားရာဝင်ပေါက်၊ Information Booth နှင့် သက်ရှိလူသားများပါဝင်သော ပြတိုက်သဖွယ်လေ့လာစရာတို့ရှိပါသည်။

N Tower ပေါ်တွင် T1,T2,T3, T5 ဟူ၍ လေးထပ်ရှိပြီး T1 တွင် ကိုရီးယား 'Hancook' စားသောက်ဆိုင် T2 တွင် ရှုခင်းကြည့်မှန်ပြောင်း၊ T4 ကော်ဖီဆိုင်နှင့် ဓာတ်ပုံရိုက်ကူးပေးသောဆိုင်များနှင့် T5 တွင် Seoul မြို့၏ အလှအပများကို French စားသောက်ဆိုင်တွင် စားသောက်ခံစားနိုင်ပြီး ၎င်း T5 သည် ၄၈ မိနစ်လျှင် တစ်ပတ်လည်သောနေရာဖြစ်၍ ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုကောင်းသော စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်ပါသည်။ ၎င်း N Tower ပေါ်တက်ရောက်ရန် လူတစ်ဦးလျှင် ဝမ် ၁၀၀၀၀ ပေးဆောင်ရပါသည်။

ကိုရီးယားနိုင်ငံသို့သွားရောက်ရမည်ဟု သိရှိပြီးချိန်မှစ၍ ကိုရီးယားရိုးရာအဝတ်အစား ဝတ်ဆင်၍ ဓာတ်ပုံရိုက်ကူးရန် အမြဲစိတ်တွင်ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုစိတ်ကူးကို အကောင်အထည်ဖော်ဆောင်ပေးသောနေရာတစ်ခု Seoul Tower ပေါ်တွင် မမျှော်လင့်ဘဲ တွေ့ရှိခဲ့ပါသည်။ ၎င်းနေရာမှ N Lobby တွင်ရှိသည့် ကိုရီးယားလူမျိုးတို့ရဲ့ Culture Tourism Promotion အတွက် ဆွဲဆောင်မှုလုပ်နေသောနေရာလေးဖြစ်ပါသည်။ ကိုရီးယားရိုးရာဝတ်စုံများကို ဝတ်ဆင်ပြီး ကိုရီးယားယဉ်ကျေးမှုအဖြစ် ၎င်းတို့၏ ဝန်ထမ်းများမှ ကိုရီးယားနန်းဝတ်နန်းစားဝတ်စုံပြည့်ဝတ်ဆင်ပြီး ၎င်းတို့နှင့်အတူ အမှတ်တရဓာတ်ပုံ အခမဲ့ရိုက်ကူးနိုင်ခြင်းပင်ဖြစ်ပါသည်။

လာရောက်လည်ပတ်သော ခရီးသွားများအနေဖြင့် စိတ်ဝင်စားမှုရှိပါက ကိုရီးယားရိုးရာဝတ်စုံဝတ်ဆင်ပြီး ဓာတ်ပုံရိုက်ကူးနိုင်ပါသည်။ ရိုးရာဝတ်စုံဝတ်ဆင်ရာမှာလည်း တန်းစီ၍ မိမိအလှည့်တွင် စိတ်ကြိုက်ဝတ်စုံလေးကိုရွေးချယ်ကာ ၎င်းတို့ဝန်ထမ်းတစ်ဦးမှ စိတ်ရှည်လက်ရှည် လှပစွာဝတ်ဆင်ပေးပါသည်။ နန်းတွင်းပုံတည်ဆောက်ထားသော ပြတိုက်လေးတွင် နန်းတွင်းဝတ်စုံပြည့် ဝတ်ဆင်ထားသော ဝန်ထမ်းများဖြင့် ဓာတ်ပုံကို ပျော်ရွှင်ဖွယ်ရိုက်ကူးနိုင်ပါသည်။ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ပြီး ခရီးသွားများကို ဆွဲဆောင်နိုင်ခြင်းမှာလည်း ကောင်းမွန်သောအချက်ဖြစ်ပါသည်။

ဒီအစီအစဉ်လေးကိုကြည့်ပြီးနောက် ခရီးသွားဧည့်သည်များအပေါ် ဆွဲဆောင်ဖမ်းစားမှုအားကောင်းသော လုပ်ငန်းစဉ်များကို လုပ်ကိုင်မည်ဆိုလျှင် မိမိတို့နိုင်ငံတွင်လည်း ၎င်းကဲ့သို့ Culture Tourism Promotion လုပ်ရန် ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးစသည့် ခရီးသွားများ အများအပြားလာရောက်သောနေရာများတွင် လုပ်ဆောင်သင့်သည်ဟု ထင်မြင်မိပါသည်။

အထူးသဖြင့် မန္တလေး နန်းတွင်း၊ ကျုံးအလှကို နောက်ခံထား၍ မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သည့် မြန်မာ့စောင်းစသည်တို့ဖြင့် မြန်မာ့ရိုးရာဝတ်စုံများဝတ်ဆင်ပြီး ဓာတ်ပုံရိုက်ကူးခွင့်ရလျှင် ခရီးသွားများအား ဆွဲဆောင်မှုတစ်မျိုးရရှိမည်ဖြစ်ပါသည်။ ထို့အတူ ရှေးဟောင်းအငွေ့အသက်မကင်းသော ပုဂံမြို့၏အလှအပများကို နောက်ခံထား၍ ပုဂံခေတ်မှ နန်းတွင်းဝတ်စုံများ၊ မြန်မာ့ရိုးရာဝတ်စုံများဝတ်ဆင်၍ ရိုက်ကူးစေခြင်းဖြင့် ခရီးသွားများအား ဆွဲဆောင်မှုရှိရုံသာမက မိမိတို့ Culture ကိုလည်း ထိန်းသိမ်းရာရောက်သော လုပ်ငန်းစဉ်တစ်ရပ်ဟု ထင်မြင်မိပါသည်။

ထိုသို့ လုပ်ငန်းစဉ်မျိုးကို ယဉ်ကျေးမှုဝန်ကြီးဌာနမှဖြစ်စေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှဖြစ်စေ၊ အားလုံးပူးပေါင်း၍ဖြစ်စေ နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် သင့်တော်သော အခကြေးငွေယူပြီး ဝန်ဆောင်မှုပေးခြင်းဖြင့် ခရီးသွားဧည့်သည်များအတွက် မြန်မာတို့၏ မြင့်မြတ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို သက်သေပြနိုင်မှာဖြစ်ပါတယ်။ မိမိမှာ မြန်မာလူမျိုးဖြစ်သည့်အတွက် မြန်မာရိုးရာဝတ်စုံဝတ်ဆင်ရခြင်းကို အထူးကျေနပ်နှစ်သက်ပါသည်။ အထူးသဖြင့် တခြားနိုင်ငံများနှင့်ပြုလုပ်သော အစည်းအဝေးပွဲများတွင် မိမိတို့ မြန်မာဝတ်စုံကို မြတ်နိုးစွာ ဝတ်ဆင်ခြင်းဖြင့် အမြဲဂုဏ်ယူမိပါသည်။

ကိုရီးယားနိုင်ငံကို ခေတ္တရောက်ရှိစဉ်ကာလအတွင်း မိမိမြင်တွေ့ခဲ့ရသော ကိုရီးယားနိုင်ငံ၏ ခရီးသွားများအပေါ် ဆွဲဆောင်ဖမ်းစားနိုင်သော လုပ်ရပ်လေးကို သိသာနိုင်ပါရန် ပြန်လည်မျှဝေပေးခြင်းဖြစ်ပါသည်။



# qef;opf[illegible]um;wj[illegible]h vbm;b0u[illegible]ifuyp[illegible]

**မယု(စက်မှု)**

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု မျက်နှာစာပေါ်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက် ဦးတည် ကြိုးပမ်းပုံဖော်လျက်ရှိရာတွင် နည်းပညာရပ်ဝန်းသည် ခေတ်နှင့်အညီ တိုးတက်မြင့်မားလာပါသည်။ ယနေ့ ၂၁ ရာစုတွင် နည်းပညာရပ်ဝန်းကြောင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိသည့်တိုင် တီထွင်ဖန်တီးနိုင်စွမ်းများ အားနည်းနေသေးပါက ဆားမပါသည့် ဟင်းတစ်ခွက်နှင့် တူညီနေပေလိမ့်မည်။ သို့ပါ၍ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍများတွင် တီထွင်သူများ၊ စွန့်ဦးတီထွင်မှုများဖြင့် အနာဂတ်ကမ္ဘာကြီး သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ခြယ်မှုန်းပေးသွားရမည် ဖြစ်ပါသည်။

**ဖန်တီးမှုများ မြှင့်တင်**

သို့ပါ၍ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဉာဏ်မူပိုင်ခွင့် အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချနိုင်စေရန်၊ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းစဉ်များ မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ စာပေအနုပညာနယ်ပယ်၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တို့တွင် တီထွင်ဖန်တီးမှုများ မြှင့်တင်နိုင်စေရန်၊ ကိုယ်ပိုင်တီထွင်ဖန်တီးမှုများအား အကာအကွယ်ပေးခြင်းဖြင့် ရရှိနိုင်မည့် အခွင့်အရေးများအား သိရှိနားလည်ပြီး ဖန်တီးမှုများ မြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၉ ခုနှစ် အောက်တိုဘာလတွင် World Intellectual Property Organization (ဝိပို) မှ နှစ်စဉ် ဧပြီလ ၂၆ ရက်နေ့ကို ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ဝိပိုအဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ်ကျင်းပလာခဲ့ပါသည်။

**တီထွင်မှုအားလုံး၏ အရင်းအမြစ်**

World Intellectual Property Organization (ဝိပို) သည် ၁၉၆၇ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် စတော့ဟုမ်းသဘောတူညီချက်ဖြင့် လက်မှတ်ရေးထိုး ဖွဲ့စည်းခဲ့ပြီး ၁၉၇၀ မှ စတင် အသက်ဝင်ခဲ့သည့် မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့ကြီးဖြစ်ပြီး ၁၉၇၄ ခုနှစ်မှစ၍ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်လာခဲ့ပါသည်။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဌာနချုပ်အနေဖြင့် တည်ထောင်ထားရှိပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိ ဉာဏပစ္စည်းကာကွယ်စောင့်ရှောက်ရေးကို နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြှင့်တင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ဝိပိုအဖွဲ့ကြီး၏ သဘောထားဆောင်ပုဒ်မှာ လူသားတို့ ဉာဏ်ရည် အစွမ်းအစသည် အနုပညာလုပ်ငန်းအားလုံးနှင့် တီထွင်မှုအားလုံး၏ အရင်းအမြစ်ဖြစ်သည်။ Intellectual Property ဟုခေါ်သည့် 'ဉာဏပစ္စည်း' ဆိုရာတွင် စက်မှုပစ္စည်းပိုင်းဆိုင်ရာတီထွင်မှုများ၊ အမှတ်တံဆိပ်များ၊ စက်မှုဒီဇိုင်းများနှင့် မူပိုင်ခွင့်ဆိုင်ရာ စာပေ၊ ဂီတ၊ အနုပညာ၊ ဓာတ်ပုံပညာနှင့် ရုပ်မြင်သံကြားလုပ်ငန်းများဟူ၍ နှစ်ပိုင်း ခွဲခြားထားပါသည်။ ထို့အပြင် ဝိပိုအနေဖြင့် (WIPO Development Agenda) အဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် ဉာဏပစ္စည်းမူပိုင်ခွင့်စနစ်၏ အကျိုးကျေးဇူးများကို ရရှိခံစားနိုင်စေရန်နှင့် ကမ္ဘာ့စီးပွားရေးတွင် ပါဝင်နိုင်စွမ်းရှိစေရန် ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးမှုအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ပါ၍ ကမ္ဘာတစ်ဝန်း ယှဉ်ပြိုင်မှု နယ်ပယ်တွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်သည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အကြောင်းအရာတစ်ရပ် ဖြစ်လာပါသည်။ ယခုနှစ် ၂၀၁၇ ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နေ့၏ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် Innovaton- Improving Lives ဟူ၍ ဝိပိုမှ သတ်မှတ်ပေးခဲ့ပါသည်။ ဆိုလိုသည်မှာ မည်ကဲ့သို့သော ဆန်းသစ်တီထွင်မှုများဖြင့် လူသားတို့၏ ကျန်းမာရေး၊ ဘဝလုံခြုံရေးနှင့် အဆင်ပြေချောမွေ့မှုကို ရရှိစေနိုင်မလဲ၊ လူသားတို့၏ ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် မည်ကဲ့သို့ ဆောင်ကျဉ်းပေးနိုင်မည်ကို ယခုနှစ် ဆောင်ပုဒ်မှ မီးမောင်းထိုးပြထားခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် လူသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများအတွက် နယ်ပယ်အသီးသီးမှ ဆန်းသစ်ဖန်တီးသူများ၏ အခွင့်အရေးများကို မူပိုင်ခွင့်များဖြင့် ကာကွယ်ပေးနိုင်ရန်ပင်ဖြစ်သည်။ ဥပမာများအနေဖြင့် ဆန်းသစ်သည့် ပြန်လည် ပြည့်ဖြိုးစွမ်းအင်ကဏ္ဍများကို တွန်းအားပေးဆောင်ရွက်ရန်၊ ကျန်မာရေး စောင့်ရှောက်မှုများအတွက် တီထွင်မှုများ ပိုမိုကောင်းမွန်စေရန်၊ ပညာရေးကဏ္ဍအတွက် နည်းလမ်းသစ်များဖြင့် ပုံဖော်ပေးရန်၊ ခရီးသွားလာရေးတွင် ပိုမိုလုံခြုံအန္တရာယ်ကင်းပြီး ချောမွေ့စေရန်၊ ပိုမို Smart ဖြစ်သည့် ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်တို့ပင် ဖြစ်သည်။

> တီထွင်ဆန်းသစ်မှုနှင့် မူပိုင်ခွင့်တို့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို ဆက်စပ် ပတ်သက်နေပါသဖြင့် လူသားတိုင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍတိုင်းအတွက် ပေးစွမ်းနိုင်မည့် ဆန်းသစ်တီထွင်မှု မျိုးစုံတို့ကို မူပိုင်ခွင့်ဖြင့် ကာကွယ်ပေးပြီး . . .

ကမ္ဘာ့တစ်ဝန်း ဆန်းသစ်တီထွင်မှုများကို သာဓကများအနေဖြင့် တင်ပြရလျှင် -

- ကမ္ဘာကြီးတစ်ခုလုံး၏ တစ်ရာခိုင်နှုန်းခန့်သာ သောက်သုံးရေရရှိပြီး ယင်းတို့ကို သောက်သုံးရေ သာမက စိုက်ပျိုးရေး၊ စက်မှုကဏ္ဍများနှင့် အခြားကဏ္ဍတို့တွင် အသုံးပြုလျက်ရှိပါသည်။ Atmocean's wave energy converter သည် ပင်လယ်လှိုင်းများမှတစ်ဆင့် စွမ်းအင်ကို အသုံးပြုပြီး ပင်လယ်ရေကို သောက်သုံးရေအဖြစ် ပြောင်းလဲပေးနိုင်သည့် ဆန်းသစ်ဖန်တီးမှု လက်ရာကောင်းတစ်ခု ဖြစ်ပါသည်။
- ကမ္ဘာပေါ်တွင် လူဦးရေ ၂၈၅ သန်းခန့်သည် အမြင်အာရုံချို့ယွင်းသူများဖြစ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများတွင် နေထိုင်ကြသည်။ Peek Vision မှ မိုဘိုင်းဖုန်းများမှ တစ်ဆင့် အသုံးပြုနိုင်မည့် အလွယ်တကူ မျက်စိစမ်းသပ်နိုင်သည့် ကိရိယာကို တီထွင်ခဲ့ပါသည်။
- အဆိုပါထုတ်ကုန်ကို ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံအများစုရှိ ဆင်းရဲသူများအတွက် အထူးအသုံးဝင်လှပါသည်။
- အာဖရိကတိုက်ရှိ လယ်သမားများသည် သူတို့ စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးနောက်ပိုင်း ထိန်းသိမ်းစုဆောင်းရာတွင် ထုပ်ပိုးမှုစနစ် နည်းပညာအားနည်းချက်နှင့်အတူ အင်းဆက်ပိုးကောင်အန္တရာယ်တို့ကြောင့် ဆုံးရှုံးမှု များပြားခဲ့ပါသည်။ ယင်းအန္တရာယ်ကို ကျော်လွှားနိုင်ရန်အတွက် USAID အကူအညီဖြင့် ပြန်လည်အသုံးပြုနိုင်သည့် (PIC) အိတ်စနစ်ကြောင့် စာနပ်ရိက္ခာလုံခြုံမှုအတွက် အင်အားတစ်ရပ်ကို ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ထားရှိမှုများကို အကျဉ်းချုံးဖော်ပြရလျှင်-

**အဆင်တန်ဆာ**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် တီထွင်ဖန်တီးမှုစွမ်းရည်များဖြင့် အဆင့်မြင့် နည်းပညာတိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်စေနိုင်မည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသောနည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်ဟု မူဝါဒတစ်ရပ်အနေဖြင့် ဖော်ပြထားပါသည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အဆင်တန်ဆာဖြစ်သည်နှင့်အညီ ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန်၊ စာပေနှင့် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှုများနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ရန်၊ တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာဖန်တီးမှုများကို မြှင့်တင်ရန်၊ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့စေရန်၊ စီးပွားရေးဆိုင်ရာ အမြတ်ထုတ်မှုများနှင့် မမျှတသော ယှဉ်ပြိုင်မှုများအား ဟန့်တားရန်၊ ပထဝီဆိုင်ရာ အညွှန်းများ အကာအကွယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံထွက်ကုန်များ၏ အရည်အသွေးမြှင့်တင်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ ရိုးရာယဉ်ကျေးမှုဖော်ပြချက်များနှင့် ရိုးရာဓလေ့အမွေအနှစ်များကို မြှင့်တင်ရန်နှင့် ကာကွယ်ရန်အတွက် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်နှင့် ကိုက်ညီမှုရှိစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO မူများနှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဦးဆောင်၍ တီထွင်မှုမူပိုင်ခွင့် ဥပဒေ (Patent Law)၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ (Industrial Design Law)၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ (Trade Marks and Service Marks Law) နှင့် စာပေ၊ ဂီတနှင့် အနုပညာ လောကအတွက် မူပိုင်ခွင့်ဥပဒေ (Copyright Law) လေးမျိုးကို ရေးဆွဲခဲ့ပြီး လွှတ်တော်သို့ တင်သွင်းထားပြီး ဖြစ်ပါသည်။ ထိုဥပဒေများထွက်ရှိပြီးပါက ဆန်းသစ်တီထွင်သူများ၏ အကျိုးခံစားခွင့်များ ပိုမိုရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် တီထွင်ဖန်းတီးသူများအတွက် မူပိုင်ခွင့် မှတ်ပုံတင်နိုင်ရန် Myanmar Intellectual Property Office ကို ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

နိုင်ငံတကာချိတ်ဆက်မှုများအနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် စီးကြပ်အခွန်အပေါ် အထွေထွေသဘောတူညီချက် (The General Agreement on Tariffs and Trade-GATT)၏ အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၉၅ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ် မေလ (၁၅) ရက်နေ့တွင် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့ (World Intellectual Porperty Organization-WIPO) ၏ (၁၇၆ မြောက် အဖွဲ့ဝင်နိုင်ငံ) အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ပါသည်။

**အပြန်အလှန် အသိအမှတ်ပြု**

ဖန်တီးမှုလက်ရာများကို သုံးစွဲသူသည် ကမ္ဘာပေါ်တွင် တိုင်းပြည်နိုင်ငံနယ်နိမိတ်ကိုကျော်၍ သုံးစွဲမှုများ တစ်နေ့တခြား များပြားလျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုလက်ရာများကို ကမ္ဘာ့ အဖွဲ့အစည်းများနှင့် အစိုးရများမှ ညီလာခံများကျင်းပပြီး နိုင်ငံတကာသဘောတူညီမှု စာချုပ်များဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လာခဲ့ပါသည်။ ၁၉၈၆ ခုနှစ် စက်တင်ဘာလ (၉) ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ Berne မြို့မှာ ကျင်းပခဲ့တဲ့ Berne Convention for the Protection of Literary and Artistic Works" Convention အရ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ သတ်မှတ်ထားတဲ့ Copyright စံတွေကို အညီအညွတ်လိုက်နာပြီး အပြန်အလှန်အသိအမှတ်ပြုရန် သတ်မှတ်ခဲ့ပါသည်။

ယင်းအချက်အပေါ်ထောက်ရှု၍ ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း (WTO)၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူပိုင်ခွင့်ကိစ္စရပ်များနှင့် ပတ်သက်၍ WIPO နှင့် WTO တို့ ချုပ်ဆိုထားသည့် ကုန်သွယ်မှုနှင့် ဆက်စပ်သော ဉာဏပိုင်းပစ္စည်းများနှင့် ဆက်နွယ်သော အခွင့်အရေးများဆိုင်ရာ သဘောတူညီချက် (Trade Related aspects of Intellectual Property rights(TRIPs Agreement) နှင့် အာဆီယံမှ သတ်မှတ်ပေးထားသည့် ASEAN Framework Agreement on IP တို့ကို အဖွဲ့ အစည်းများမှ ချမှတ်ပေးထားသော သတ်မှတ်ချက် စံချိန်၊ စံညွှန်းများကို ကျွန်ုပ်တို့နိုင်ငံအနေဖြင့် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ပါ၍ တီထွင်ဆန်းသစ်မှုနှင့် မူပိုင်ခွင့်တို့သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆိုသလို ဆက်စပ် ပတ်သက်နေပါသဖြင့် လူသားတိုင်း၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် ကဏ္ဍတိုင်းအတွက် ပေးစွမ်းနိုင်မည့် ဆန်းသစ်တီထွင်မှု မျိုးစုံတို့ကို မူပိုင်ခွင့်ဖြင့် ကာကွယ်ပေးပြီး အနာဂတ်ကမ္ဘာကြီးကို အလှဆင်နိုင်ကြပါစေဟု ဆုတောင်းပေးလိုက်ရပါသည်။ ။

# ဆန်းသစ်တီထွင် ဘဝမြှင့်တင်

pefrmifvif

နှစ်စဉ်ဧပြီ ၂၆ ရက်နေ့၌ ကမ္ဘာတစ်ဝန်းမှလူအပေါင်းတို့သည်ကမ္ဘာ့ အသိဉာဏ်ပစ္စည်းနေ့ (World Intellectual Property Day) ကို ပုံစံအမျိုးမျိုးဖြင့် ကျင်းပကြသည်။

ထိုသို့ ကျင်းပခြင်းအားဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့်အရေးများဖြစ်သော တီထွင်မှုကိုပိုင်ဆိုင်ခွင့်များ (Patents)၊ ကုန်အမှတ်တံဆိပ်များ(Trademarks)၊ စက်မှုလုပ်ငန်းဆိုင်ရာဒီဇိုင်းများ (Industrial Designs)၊ စာပေနှင့် အနုပညာဆိုင်ရာတီထွင်ဖန်တီးမှုလက်ရာများ၏ မူပိုင်ခွင့် (Copyright)တို့ကို သိရှိနားလည်ကြပြီး ဆန်းသစ်တီထွင်မှု (Innovation)နှင့် ဖန်တီးထုတ်ဖော်မှု (Creativity) တို့အား တွန်းအားပေးသည်။

**အသိဉာဏ်ပစ္စည်းနေ့**

ယခုနှစ်ကမ္ဘာ့ အသိဉာဏ်ပစ္စည်းနေ့၏ ဆောင်ပုဒ်မှာ ဆန်းသစ်တီထွင်၊ ဘဝမြှင့်တင် "Innovation-Improving lives" ဟူ၍ဖြစ်သည်။ အသိဉာဏ်ပစ္စည်းဆိုင်ရာစနစ် ( Intellectual Property System) သည်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်မှုဖြစ်စေပြီး တီထွင်ဖန်တီးဖော်ထုတ်သူများကိုလည်း ဆုချီးမြှင့်ပေးခြင်းဖြင့် အားပေးသည်။ ထို့အပြင် တီထွင်ဖန်တီးသူများ၏ စိတ်ကူးစိတ်သန်များ ဖွံ့ဖြိုးတိုးတက်လာစေပြီး အသိပညာအသစ်များကို လွတ်လပ်စွာ ဖြစ်ပေါ်လာစေသည်။

ကမ္ဘာကြီးနှင့် လူ့အဖွဲ့ အစည်းအားပိုမိုကောင်းမွန်လာစေရန် ဆန်းသစ်တီထွင်မှုများကို ပုံစံအမျိုးမျိုးဖြင့် ကြိုးပမ်းဖော်ထုတ်နေကြရာတွင် သာမန်အရာကိစ္စမှ ထူးခြားအံ့ဩလောက်ဖွယ်အနေအထားအထိလုပ်ဆောင်နေကြသည်။ ပုံစံအားဖြင့် တောင်အမေရိကတိုက်ရှိ ပီရူးနိုင်ငံ၌ရှိသော ကြော်ငြာဆိုင်းဘုတ်ကြီးတစ်ခုသည် လေထုထဲမှရေကိုရယူပြီး ဒေသခံပြည်သူများအား သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ဖန်တီးပေးခဲ့သည်။ ဆန်းသစ်တီထွင်ခြင်းများဖြင့် ယခင်ကမရှိခဲ့သော၊ မပေါ်ပေါက်ဖူးသေးသော စွမ်းဆောင်ရည်အသစ်များကို ဖန်တီးရရှိလာစေသည်။ ၂၀၁၇ ခုနှစ်ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (World Intellectual Property Day) သည် အဆိုပါတီထွင်ဖန်တီးသော စွမ်းအားကို ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်သည်။

**ပိုစတာခြောက်ခု**

ထို့အပြင် ပိုစတာခြောက်ခုဖြင့် အထိမ်းအမှတ်နေ့လှုပ်ရှားဆောင်ရွက်မှုများအား တွန်းအားပေးသည်။ ၎င်းတို့မှာ (၁) ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ပိုမိုအားဖြည့်ဆောင်ရွက်ရန်၊(၂) ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုဖြစ်စေရေး တီထွင်ဖန်တီးရန်၊(၃)သင်ယူလေ့လာမှု၏ နည်းလမ်းအသစ်များကိုပုံဖော်ဖန်တီးရန်၊ (၄) တိုးပွားလာနေသော ကမ္ဘာ့လူဦးရေကိုစားနပ်ရိက္ခာဖူလုံစေရေးအတွက် ကူညီကြိုးပမ်းရန်၊ (၅) သယ်ယူပို့ဆောင်ရေး၌ ပိုမိုလုံခြုံစိတ်ချရခြင်းဖြစ်မြောက်စေရန်၊ (၆) အဆင့်မြင့် ခေတ်မီပစ္စည်းကိရိယာများ ဖန်တီးထုတ်လုပ်ရန်တို့ဖြစ်သည်။

ဆန်းသစ်တီထွင်မှုသည်ကျွန်ုပ်တို့၏ နေ့စဉ်ဘဝများ၌ မည်သို့မည်ပုံ လွှမ်းမိုးခြယ်လှယ်နေသည်ကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တွေ့မြင်နိုင်ပေသည်။ ပုံစံအားဖြင့် (စမတ်ဖုန်း၊ ထုပ်ပိုးမှုပုံစံအသစ်၊ ဘားကုတ်အမှတ်အထားဖြင့် ကုန်ပစ္စည်းရောင်းချမှုစနစ်များ)။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့ကြီး (The World Intellectual Property Organization-WIPO) သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ WIPO-GREEN နှင့် ၎င်း၏ ကွန်ရက်ကို တရားဝင်ထူထောင်ခဲ့သည်။ WIPO-GREEN သည်အစိမ်းရောင်နည်းပညာ (Green Technology)များအား မူပိုင်ခွင့်မှတ်ပုံတင်ရန်နှင့် ဖြန့်ဝေရောင်းချရန်ဖြစ်သည်။

ထို့အပြင်အစိမ်းရောင်နည်းပညာများအား ဆန်းသစ်တီထွင်ရေးအရှိန်အဟုန်မြင့်မားစေရန်နှင့် ပြန့်ပွားရှင်သန်လာစေရေးတို့အတွက် အထောက်အကူပြုရုံ သာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆိုးကြိုးသက်ရောက်မှုများအား ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်ရေးအတွက် အကျိုးပြုပေသည်။

**အရေးပါသော ကဏ္ဍမှပါဝင်**

အသိဉာဏ်ပစ္စည်း( Intellectual Property-IP) သည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်အရေးပါသော ကဏ္ဍမှပါဝင်လှုပ်ရှားသည်။ ၎င်းသည် အလုပ်အကိုင်များဖန်တီးပေါ်ပေါက်စေသည့်အပြင် ကျွန်ုပ်တို့၏ဘဝများအား မြင့်မားလန်းဆန်းစေသောထုတ်ကုန်များနှင့် ဝန်ဆောင်မှုများတိုးတက်ဖွံ့ဖြိုးစေရန်အတွက် ထောက်ကူသည်။ စားသုံးသူများအတွက် ထုတ်ကုန်အရည်အသွေးနှင့် လုံခြုံစိတ်ချရမှုအား ဆုံးဖြတ်ဝယ်ယူရာ၌ ပံ့ပိုးကူညီသည်။ အသိဉာဏ်ပစ္စည်းသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ထိုးဖောက်ဖြေရှင်းမှုများဖြင့် ကူညီဆောင်ရွက်နိုင်ခဲ့သည်။

အသိဉာဏ်ပစ္စည်းသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် အစိမ်းရောင်နည်းပညာရပ်များနယ်ပယ်၌ အသစ်တွေ့ရှိ တီထွင်ဖန်တီးမှုများပေါ်ထွက်လာစေရန်အတွက် တွန်းအားပေးသည်။

ထို့အပြင် ရာသီဥတုပြောင်းလဲမှုနှင့် အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များအားဖြေရှင်းနိုင်စေသည်။ စွမ်းအင်ဆိုင်ရာပြည့်ဝလုံခြုံမှုတိုးတက်ရရှိလာစေရန် ကူညီပေးသည်။

အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပဓာနကျသော အခြေခံအကြောင်းအရင်းတစ်ရပ်ဖြစ်လေသည်။

အဆိုပါ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံတစ်ခုတွင် အသိဉာဏ်ပစ္စည်းကာကွယ်ခြင်းကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မှုအပေါ် အလေးထား စဉ်းစား၍ ထိုနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သင့်၊ မသင့် ဆုံးဖြတ်သည်။ သို့ဖြစ်၍ ခိုင်လုံစိတ်ချရသော အသိဉာဏ်ပစ္စည်း ကာကွယ်စောင့်ရှောက်သည့် စနစ်သည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI) များဆွဲဆောင်သည့် အဓိကအကြောင်းတရားတစ်ရပ်ပင်ဖြစ်သည်။ ပုံစံအားဖြင့် (ဗီယက်နမ်နိုင်ငံ)။

**စတုတ္ထအကြိမ်ကျင်းပ**

မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းက ၂၀၁၇ ခုနှစ် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အခမ်းအနားကို စတုတ္ထအကြိမ်အဖြစ် လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေ၊ မြန်မာအိုင်စီတီပတ်(ခ်)၊ ပင်မအဆောက်အအုံညီလာခံခန်းမ၌ ၂၀၁၇ ခုနှစ် ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၅ နာရီထိကျင်းပမည်ဖြစ်သည်။ အခမ်းအနား၌ "ဆန်းသစ်တီထွင် ဘဝမြှင့်တင်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပမည်ဖြစ်ပြီး အဆိုပါဆွေးနွေးပွဲ၌ စာပေ၊ ဂီတနှင့်အနုပညာ၊ အသေးစားနှင့် အလတ်စားလုပ်ငန်း၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းနှင့် ကွန်ပျူတာလုပ်ငန်းနယ်ပယ်တို့မှ ပုဂ္ဂိုလ်များပါဝင်ကြမည်ဖြစ်သည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းသည် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စာပေနှင့် အနုပညာရှင်များ၏ ဖန်တီးမှုပစ္စည်းများ၊ နည်းပညာရှင်များ၏ ဆန်းသစ်တီထွင်မှုများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်များ၊ စက်မှုနည်းပညာရှင်များ၏ စက်မှုဆိုင်ရာဒီဇိုင်းများစသည်တို့၏ လုံခြုံစိတ်ချရမှုနှင့် အသိဉာဏ်ပစ္စည်းဥပဒေများ၊ နည်းဥပဒေများ အချိန်မီအခိုင်အမာ ပေါ်ပေါက်လာရေးတို့အတွက် အသင်းအမှုဆောင်များနှင့် အသင်းဝင်ပုဂ္ဂိုလ်များသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်ကြိုးပမ်းလျက်ရှိပါကြောင်းကို တင်ပြလိုက်ရပါသည်။



# ကြော်ငြာ

## ရန်ကုန်တက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

ရန်ကုန်တက္ကသိုလ်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်၊ အရှေ့တိုင်းပညာဌာနမှကြီးမှူးပြီး အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | သင်တန်းအမည် | - အရှေ့တိုင်းပညာဒီပလိုမာသင်တန်း (Diploma in Oriental Studies) |
| ၂။ | သင်တန်းအောင်လက်မှတ် | - Diploma in Oriental Studies (DOS) |
| ၃။ | သင်တန်းဝင်ခွင့်အရည်အချင်း | - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ |
| ၄။ | သင်တန်းကာလ | - (၉)လ |
| ၅။ | သင်တန်းဖွင့်မည့်နေ့ရက် | - ၂၂-၆-၂၀၁၇ ရက် |
| ၆။ | လျှောက်လွှာစတင်လက်ခံမည့်နေ့ရက် | - ၂၅-၅-၂၀၁၇ ရက် |
| ၇။ | လက်ခံမည့်နေရာ | - အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၈။ | သင်တန်းချိန် | - နံနက် ၇:၀၀ မှ ၉:၀၀နာရီ |
| ၉။ | စုံစမ်းရန် | - အရှေ့တိုင်းပညာဌာန၊ ရန်ကုန်တက္ကသိုလ် |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ထွန်စက်ကြီးများ | 3 Lot |
| (ခ) | ထွန်ယက်ကိရိယာများ | 4 Lot |
| (ဂ) | ကောက်စိုက်စက် | 1 Lot |
| (ဃ) | စပါးရိတ်သိမ်းခြွေလှေ့စက် | 1 Lot |
| (င) | မြေတူးစက် | 1 Lot |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် ၂၀-၄-၂၀၁၇မှ ၁၇-၅-၂၀၁၇ရက် ၁၂:၀၀နာရီအထိ၊

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက် ၁၇-၅-၂၀၁၇ရက်၊ (၁၂:၀၀)နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၅၀)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၄၃၊ ၀၆၇-၄၁၀၂၄၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်ရှိ စာရင်းအင်းဌာနခွဲနှင့် ရန်ကုန်/မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲတို့သို့ အခွန်အမှတ်တံဆိပ်များ၊ တံဆိပ်ခေါင်းများနှင့် ထီစာအုပ်များအား ချောက်မြို့နယ်ရှိ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများ စက်ရုံ(ဝါဇီ)မှ သယ်ယူရန်အတွက် မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| လျှောက်လွှာရောင်းချမည့်ရက် | - ၁၈-၄-၂၀၁၇ မှ ၂၇-၄-၂၀၁၇ထိ (ရုံးချိန်အတွင်း) |
| လျှောက်လွှာရောင်းချမည့်နေရာ | - ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်။ ဗဟိုတံဆိပ်ခေါင်းအရောင်းကောင်တာ၊ အမှတ်(၃၃/၁၂)၊ ၃၆လမ်း(မဟာဗန္ဓုလလမ်းနှင့်အနော်ရထာလမ်းကြား) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| တင်ဒါတစ်စောင်တန်ဖိုး | - ၅၀၀၀ကျပ် |
| တင်ဒါတင်သွင်းရမည့်ရက် | - ၃-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) |
| တင်ဒါတင်သွင်းရမည့်အချိန် | - ၁၀:၀၀ နာရီမှ ၁၆:၃၀ နာရီထိ |
| တင်ဒါတင်သွင်းရမည့်နေရာ | - စာရင်းအင်းဌာနခွဲ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်။ |
| တင်ဒါစိစစ်ရွေးချယ်မည့်ရက် | - ၄-၅-၂၀၁၇ (ကြာသပတေးနေ့) |
| တင်ဒါစိစစ်ရွေးချယ်မည့်အချိန် | - ၁၀:၀၀ နာရီ |
| တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်။ |

အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စာရင်းအင်းဌာနခွဲ(နေပြည်တော်)။**
**ဖုန်း-၀၆၇-၄၃၀၀၂၅၊ ၀၆၇-၄၃၀၀၂၇**

ဒီဇယ်မောတာ်ဆိုစက်ပြင်သင်တန်း
(နေ့ထိုင်မှုအစရဲ့)
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
(ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**ရှိုင်းရယ် ပညာမြား**
ဂေါ်ရန်ဂိုကျွန်း-ဂ၅၀၀၀
Hotel (စား/တည်း/ငြိမ်း)
အပတ်စဉ်-သောကြာ
Ph : 09-252055609

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံခမိုစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

Since 1999
မေ 27 ရက်ဖွင့်မည်။
၈-၉-၁၀တန်း
**အဆင့်မြင့် စာသင်စာကျက်ဝိုင်း ဘော်ဒါ**
အထူးလေ့ကျင့်ရေး ဘော်ဒါ
လစဉ်ကြေး (၂၅၀,၀၀၀ / ကျပ်)
ကျား / မ သီးသန့်အဆောင်
Guide(၃) ဦးတို့၏ သင်ကြားလေ့ကျင့် ... mini-library, CCTV ...
၁၅၊ လှိုင်မြစ်လမ်း၊ (၂ရပ်ကွက်) လှိုင်မြို့နယ်၊ ရန်ကုန်။ ၀၉ ၄၃၀၄၃၄၆၅

ပင်လယ်ကမ်းခြေမြို့ အဆင့်မြင့်ဟိုတယ်ရှိ Beauty Salon, KTV & Restaurant တွင် ဝန်ထမ်းအမြန်အလိုရှိသည်။

| | | | |
|---|---|---|---|
| ၁၊ | မန်နေဂျာ | မ | (၂)ဦး |
| ၂၊ | ညွှန်ကြားသူ | မ | (၃)ဦး |
| ၃၊ | ရေချိုး/သစ် | မ | (၅)ဦး |
| ၄၊ | စာရင်းကိုင် | ကျား/မ | (၂)ဦး |
| ၅၊ | လုံခြုံရေး | ကျား | (၅)ဦး |
| ၆၊ | စားဖိုမှူး | ကျား | (၂)ဦး |
| ၇၊ | စားဖိုမှူးအကူ | ကျား | (၂)ဦး |
| ၈၊ | Waiter/စည်ကြို | ကျား/မ | (၅)ဦး |
| ၉၊ | ထမင်းချက် | မ | (၁)ဦး |
| ၁၀၊ | Helper | မ | (၁၀)ဦး |
| ၁၁၊ | အလုပ်သင် | မ | (၅)ဦး |

09 252541155, 09 30735773

**WIN** Japanese Language School

| | | |
|---|---|---|
| Basic Conversation | 26-4-2017 | Wed~Fri |
| Basic , Intermediate | 26-4-2017 | Wed~Fri |
| Basic , Intermediate | 24-5-2017 | Wed~Fri |
| Pre N2 Grammar | 24-5-2017 | Wed~Fri |
| N3Reading+Grammar | 20-5-2017 | Sat,Sun |
| Inter-Conversation | 13-5-2017 | Sat,Sun |
| N2 Conversation | 20-5-2017 | Sat,Sun |

Tel: 294613,09-780390093,09780390094(ဝိန်ပေါလ်မှတ်တိုင်၊)

## လုံးချင်းတိုက်သစ်ငှားမည်

မြောက်ဒဂုံမြို့နယ်၊ တောင်/မြောက်လမ်းဆုံ၊ အမှတ်(၂)လမ်းမကြီး (လေးဒေါင့်ကန်လမ်းမ) ပေါ်ရှိ (၅၀ ပေ x ၈၀ ပေ)နှစ် (၆၀)ဂရန်တိုက်သစ် (၃)ထပ်ခွဲတိုက်ငှားမည်။ အတွင်းအပြင် အဆင့် မြင့် ပြင်ဆင်ထားပြီး MB (၅)ခန်း၊ ရိုးရိုးအိပ်ခန်း (၁)ခန်း၊ ဧည့်ခန်းကျယ်၊ ဘုရားခန်းကျယ်၊ အောက်ထပ်(၂)ထပ်တွင် ကုမ္ပဏီရုံးခန်းဖွင့်ရန် Hall Type ဖွဲ့စည်းထားသည်။ Aircon ပါတေးအပြည့်အစုံ၊ မီတာ (၂)လုံး။ အပေါ်ဆုံး ခေါင်မိုးတွင် ဧည့်ခံပွဲပြုလုပ်နိုင်သော Pan House နှင့် ပန်းခြံပါရှိ ကုမ္ပဏီ၊ ဘဏ်၊ ကိုယ်ပိုင်အထက်တန်းကျောင်း (လက်ရှိအထက်တန်းကျောင်းဖွင့်ထား) အရောင်းပြခန်းဖွင့် ရန်သင့်၊ လမ်းမကျယ်တွင်ရှိပြီး အိမ်ပတ်လည်တွင် ကား (၇)စီးခန့် ရပ်နိုင်သည်။

**တစ်လသိန်း (၄၀) ပွဲစတစ်လစား၊ ဖုန်း - 09-8595584, 09-252055609**



ကြော်ငြာ


ကိုဝင်းနိုင် **ရွှေဒေါင်းမင်း** 09425355758,09255913926,09-252990976
ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်ဆမ်၊ ကလော၊ မိန်းမရဲတောင် Guest- 70000
▲ မန္တလေးဘုရားစုံ၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်၊ ရေပြာအိုင်၊ ဒွေးထော်ကမ်းခြေ Hotel- 65000
▲ ဘားအံဘုရားစုံ၊ ကျောက်ကလော၊ ချစ်သူမြို့၊ ဇွဲကပင်၊ မြဝတီ၊ မဲဆောက် Hotel- 75000
▲ ပုဂံ၊ ပုပ္ပါး၊ ဗွယ်တော်လေးဆူ၊ ပခုက္ကူ (၃)ရက်၊ Hotel- 75000
ကားမျိုးစုံငှားရမ်းသည်

**၁၁ရာစု** ခရီးသွားလုပ်ငန်းမှ သကြန်ပြီး ဥညအိပ်ငှရက်ခရီးစဉ်များ
• ဝေါရင်ဂျီ–လိပ်ချိုင်–ဝန်းဂံထိုက်–ကွန်းကြီး ၁၀၀၀၀၀ ကျပ်/–
• ထားဝယ်–ရွှင်တိုးရွင်–မောင်းမကန်–ဓမ္မာရိရန် ၁၃၀၀၀၀ ကျပ်/–
• ကလော–ပင်းတယ–တောင်ကြီး–အင်းလေး ၁၆၅၀၀၀ ကျပ်/–
• မြဝတီ–မဲဆောက် ၁၁၀၀၀၀ ကျပ်/–
April 28 ထွက်မည်
ဆက်သွယ်ရန် 095412751, 095027445, 095081192

**အာရှနဂါး**
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံ့စာတုံး (14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II (ရွှေငင်း) ဝိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါ။
မြို့တွင်း / ပြင် – ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

# ရိုလုံ ရွှေဆိုင်ကြီး နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရိုလုံရွှေဆိုင် အမှတ် [(၁)၊ (၂)၊ (၃)]၊ (၄) ချွန်းလုံရွှေဆိုင်နှင့် (၅)ချွန်းလုံ ရွှေဆိုင်မိသားစု ရွှေဆိုင်များတွင် လက်လီလက်ကား ဝယ်ယူအားပေးကြသော နယ်ကိုယ်စားလှယ်ကြီးများ၊ နယ်ရွှေဆိုင်ကြီးများနှင့် မိတ်ဟောင်းမိတ်သစ်များအား နှစ်သစ်မင်္ဂလာအပေါင်းနှင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ရိုလုံမိသားစု ရွှေဆိုင်များမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Ph - 09 - 771739370 , 01-200747(Ext)2008**

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရိုလုံရွှေဆိုင်ကြီး (ယုဇနပလာဇာ၊ ပညာဒလလမ်း၊ ရန်ကုန်မြို့)

**FORWARD** (TGN)
ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်) (နေ့စဉ်)
09259259180
09259259181
09259259182

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်ဖုတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အအေးကုန်ကြမ်းဆိုင်
EAC
76, ဗိုလ်ဥက္ကာလမ်း၊ တာမွေ ... 09-5385522
09-402520073,09.793565900,01.2315072

ရွှေလမ်းညွှန်
ထားဝယ်၊ မြိတ်၊ ကော့သောင်း
ရေနာင်း(၅)ရက်၊ (အားလုံးပြီး) 130000
(အားလုံးငြိမ်း) 38000 April 28
09-420087371, 09-262705136, 09-259302029

ဝမ်းတော်ပြည့်ပညာဒါန
**L.C.C.I Level I & II စာရင်းကိုင်သင်တန်း**
စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလန်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။
သင်တန်းဖွင့်မည့်နေ့ ။ ၃–၅–၂၀၁၇(ဗုဒ္ဓဟူးနေ့)ဖွင့်မည်။ (တန်းခွဲ-၁၄-၁၅)
သင်တန်းချိန် ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ နံနက်(၇း၃၀)မှ(၉း၃၀)ထိ။
သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့် ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ပင်းယမှတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ ဖုန်း-09795625290, 095410909, 095088264 သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်း သွင်းတက်ရောက်သင်ယူနိုင်ပါသည်။

**စိန်ပင်လယ်** အာမခံစိန်ရွှေရတနာဆိုင်

နှစ်သစ်ကူး မဟာသင်္ကြန် အထူးအစီအစဉ်ဖြင့် စိန်ပင်လယ်မှ 18K ပလက်တီနမ်စိန်ဖြူ စိန်သန့်၊ မြန်မာကျောက်မျက်လက်ဝတ်ရတနာ ဒီဇိုင်းအသစ်အဆန်း မြောက်များစွာကို 5% မှ 30% အထိ (Special discount အထူးလျှော့ဈေးဖြင့်) ရောင်းချပေးမည်ဖြစ်ပါသည်။

1 : Junction City (Yangon). ဗိုလ်ချုပ်ဈေးသစ်အပေါ်ထပ်၊ ငုံးတိတားဝင်ပေါက်အနီး။
2 : Junction Square Centre, မြေညီထပ်၊ ကျွန်းတောလမ်းဝင်ပေါက်၊ ကမာရွတ်မြို့နယ်။
3 : ဂမုန်းပွင့် Shopping Centre (စံရိပ်ငြိမ်)၊ ဒုတိယထပ်၊ လှည်းတန်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ အင်းစိန်လမ်းမကြီး။

ဆိုင်(၃)ဆိုင်လုံးတွင် ဝယ်ယူအားပေးသော Customer များအား အထူးကျေးဇူးတုံ့ပြန်သောအနေဖြင့် Mazda Demio 2012 ကားသစ်(၁)စီး ကံစမ်းမဲဖောက်ပေးသွားပါမည်။

လိုင်းကားငှား ဝပ္ပဒါန
မန္တလေး၊ ပေါ်ဦး၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်း ...
... 420144148, 421153797 Apr-12,21

ပညာဒါနအလှပြင်သင်တန်းကျောင်း
(Since 2002)
၁။ မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သည့် ကုသိုလ်ဖြစ် ပညာဒါနသင်တန်းကျောင်းဖြစ်ပါသည်။ (ဆိုင်ခွဲလုံးဝမရှိပါ)။ အချိန်ကာလ(၂)လထိ ... သင်ကြားပေးပါသည်။ ...
• ... Digital ... Spa ... Body Art ... 3D ... (Lumi Deco Nail) ...
www.bonnycarebeautycentre.com
BONNY CARE (သင်တန်းကျောင်း) အမှတ် (B/12)၊ မြေညီထပ်၊ ... ရန်ကုန်မြို့။
Ph : 09-5175088,09-421057760, 09-5039831
ဖုံးဝင်မေးမြန်းရန် – (8:00 AM to 7:00 PM)

PUN HLAING SILOAM HOSPITALS

ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"



နှလုံးသွေးကြောကျဉ်းရောဂါရာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိ မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပြီ....

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

ဧပြီလ ( ၂၈ ) ရက်နေ့မှ ( ၃၀ ) ရက်နေ့အထိ

LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁
www.punhlaingsiloamhospitals.com

**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**

GIC GUARDIAN INDEPENDENT CERTIFICATION UKAS QUALITY MANAGEMENT 045
ISO 9001:2015 Cert. No. 734649



# W.S.D Pile



YCDC Licence No.PL-12, MCDC Licence No.PI-006
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လှုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊ (၃၃)လမ်း၊ (၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd

## ကြော်ငြာ

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး နှစ်သစ်မှာ ကျန်းမာချမ်းသာ ရွှင်လန်းချမ်းမြေ့ကြပါစေ

နှစ်သစ်အကြို MCC Graduation 2017, 19 March

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆို/အောင်မြင်ပြီးသူ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်နိုင်ပါပြီ




သူတို့လို ဘွဲ့ရပြီး အောင်မြင်တဲ့ လူငယ်၊ လူရွယ်များဖြစ်အောင် နှစ်သစ်ကူးလက်ဆောင်ပေးလိုက်ပါပြီ

**50% Discount April Intake**

Open 24 April

- B.Sc (Hons) Business IT University of Greenwich (UK) ကွန်ပျူတာ ဘွဲ့ဒီဂရီ
- BTEC Higher National Diploma (HND in Engineering and IT) အင်ဂျင်နီယာ နှင့် IT ဒီပလိုမာ

MCC Institute (Yangon Campus) Ph - 01-245762, 01-249152
MCC Institute (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC Institute (Naypyitaw Campus) Ph - 09- 31354842, 09-254148940
MCC Institute (Yatanarpon Campus) Ph - 09- 960662744, 02-5178112

MCC Polytechnic College (Monywa) 09-965676777, 09-265333120
MCC Polytechnic College (Pathein) 09-451 888 373, 09- 773 510 899

---

### ဝန်ထမ်းအလိုရှိသည်

1. Engineer B.E (civil) M (1)post
   (Planning Supervisor)
   - working experience 5 years and over
   - prefer with oversea experiences
   - 2D, 3D, Auto Cad and Computer Skill (Ms Office, Excel...)
2. Junior Accountant M/F (1)post
   - B.A(Eco), LCCI Level-2, Level-3 stay and work in Sittwe for (2) posts
3. Marketing Manager M/F (3)posts
   - B.A(Eco) ဘွဲ့ရ ဥပဒေဘွဲ့ ရရမည်။
   - Marketing အတွေ့အကြုံရှိရမည်။
   - လစာ(၄)သိန်းအထက် ညှိနှိုင်းပေးမည်။

Address-No.315/I, Pauk Zayti Street, (6)Ward, (8)Mile, Mayangone T/S, Yangon, Phone-01-652846

---

### ကား မျိုးစုံ

Alphard,Hiace ၉/၁၃ယောက်စီး၊၂၄/၂၉/၃၃/၄၅ယောက်စီးများကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များ ကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249,095418126 09-795546884

---

### ထိပ်တန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

---

MIMBER Institute of Management Studies Presents

### "Seminar on Evolution of Modern Management in Myanmar"

It's our great pleasure to invite you to the Seminar and Panel discussion of Evolution of Modern Management in Myanmar.

Business Leader - **Mr. Surendra Verma**

Area Manager, Myanmar ABE, UK has kindly agreed to the VVIP Guest of Honour.

Venue
UMFCCI, Mingalar Hall
No 29, Min Ye Kyaw Swar Road,
Lamadaw Ts, Yangon.

MIMBER Institute of Management Studies (MIMS)

Date & Time
On 25th April, 2017 at 2pm
Registration : 1:30 pm

Ph: 09 767135007, 09 425360711 သို့ဖုန်းဆက်၍ တရင်းပေးသွင်းနိုင်ပါသည်။

---

SH မြင့်သူထက် YU

ရာထူးဝန်အဖွဲ့မှခေါ်သော ဝင်ခွင့်အားလုံး
အာဆီယံပညာသင်ဆု
ဝင်ခွင့်ရသင်တန်းကြီး
၁၀တန်း အာသာရပ်ကျွမ်းကျင် ဆရာဖြစ်
၈၊ ၁၀တန်း
COMPUTER

တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။ ဖုန်း - ၀၁၅၂၃၁၁၇၊ ၀၉၇၃၀၀၈၇၁၅၊ ၀၉၂၆၁၃၇၀၄၀၀၉။

---


Yaung Chi Thit Lin Moving Service Co.,Ltd

### YCT ရောင်ခြည်သစ် (လီမိတက်)

အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှုကုမ္ပဏီ
( မြို့တွင်း / နယ်ဝေး )
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

---


### ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော MECHANICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

---

### ပါကေး အစားထိုး ကြမ်းခင်း

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home

Promotion




Buy Flooring → Get Box
၃ ကျင်း ဝယ်ရှုင် ၁ ပုံး လက်ဆောင်



- ★ Grade A,B,C,D အစစ်များသာရောင်းပါသည်
- ★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
- ★ လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း

ပိတ်ရက်မရှိ

➤ အမှတ် ( E-11A ) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သယ်န်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အဝိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

HOTLINE: 09-79 700 70 70
09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (ပုဂ္ဂ) (မော်လမြိုင်) (ပြင်ဦးလွင်) မြန်မာတစ်နိုင်ငံလုံးဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်

---

### ဗုဂျီ

ပါကေးအစားထိုး ကြမ်းခင်းပြား ဖြန့်ချိရေး

**LAMINATE FLOOR**

8 mm = 110,000/- 12mm = 140,000/-
12 mm (ပါကေးဒီဇိုင်း) = 165,000/- (ခင်းခပါပြီး)

၁၃/၁၊ ပုလဲ (၇)လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
Ph: 09 97 5555 899, 09 730 707 55

---

### တာဝတိံသာ

အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း ပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီး ကားများနှင့် အလုပ်သမားများအပါ
ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/ နယ်ဝေး)
Ph: 09 32152526, 09 421024222
09 31483218, 09 49344288



ရခိုင်ရိုးရာသင်္ကြန်ပွဲ နောက်ဆုံးနေ့တွင် မောင်တောမြို့၌ ဒေသခံများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်း စာမျက်နှာ - ၃)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၇ / ၂၀၁၇**

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
**(၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၉ ရက်)**

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးအောင်ထူး ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။


**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သင်္ကြန်အပြီးကာလ ကျုံးရေပြင်သန့်ရှင်းရေး အမှိုက်များ ဆယ်ယူရှင်းလင်း

**မန္တလေး မေ ၁၉**

သင်္ကြန်အပြီးကာလ၌ ကျုံးပတ်လည်တွင် ရေကစားကြသူများ စွန့်ပစ်ကျန်ရစ်ခဲ့သည့် ကျုံးရေပြင်အတွင်းရှိ အမှိုက်များကို မော်ဆယ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**






ကြေးမုံ
လူမှုရေးကဏ္ဍ
၂၀-၄-၂၀၁၇ (ကြာသပတေးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# လူမှုရေးတိုးတက်မှုကို ကြည့်ခြင်း

ကျော်စောမင်း

## နိဒါန်း

ဤဆောင်းပါးသည် အချက်အလက်ရှာဖွေရေးအဖွဲ့မှပေးပို့သည့် စာရင်းဇယားများအပေါ်တွင်လည်း အခြေခံပါသည်။ သို့သော် ကိုယ်တိုင်တွေ့ရှိချက်နှင့် ကြံဆချက်များအပေါ်တွင် အဓိကမှီခိုထားပါသောကြောင့် ဤဆောင်းပါးပါ စိစစ်ချက်များ၊ သုံးသပ်ချက်များကို ဆောင်းပါးရှင်၏အာဘော်အဖြစ် ယူဆစေလိုပါသည်။

လူမှုရေးကဏ္ဍတွင် တိုးတက်မှုရှိမှ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး တကယ်တိုးတက်ပါသည်။ တိုင်းပြည် လူမျိုး၏ တိုးတက်မှုကို လူမှုရေးတိုးတက်မှုအား ရေချိန်အဖြစ်သုံး၍ တိုင်းတာလျှင်ရပါသည်။ ငြိမ်းချမ်းသာယာရေးတိုးတက်မှု၊ စီးပွားရေးတိုးတက်မှု၊ နိုင်ငံရေးတိုးတက်မှုတို့သည် လူမှုရေးတိုးတက်မှုကို တွန်းအားပေးနိုင်သည်မှာ မှန်သော်လည်း ယင်းတို့သည် "ရေမြင့်ကြာတင့်" သဘောမျိုးကဲ့သို့ တိုက်ရိုက်ကိုယ်စားပြုနိုင်မှု မရှိပေ။ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး(X)တိုးတက်လာလျှင် လူမှုရေး(S) တိုးတက်လာနိုင်သည်။ သို့သော် X မြင့်လာတိုင်း S မြင့်လာရမည်ဟု တရားသေပြော၍ မရပါ။ စီးပွားရေး (Y) နှင့် နိုင်ငံရေး (Z) တို့နှင့်ပတ်သက်၍လည်း ထို့အတူပင်ဖြစ်ပါသည်။ လုံခြုံရေး၊ စီးပွားရေးနှင့် နိုင်ငံရေး (X , Y , Z) တို့အတွက် တိုးတက်မှုတိုင်းတာရန် တိကျရေရာသော စံညွှန်းများရှိမနေခြင်းကြောင့် ပို၍ဆိုးပါသည်။ ဘာတွေ ဘယ်လိုဖြစ်လာလျှင် X , Y , Z တို့ကို တိုးတက်မှုရှိလာပြီဟု ကံသေကံမပြောနိုင်ပါသနည်း။ ဤမေးခွန်းသည် အကြီးကြီးဖြစ်၏။

## စီးပွားရေးအစ

လူနေမှုဘဝနှင့် စီးပွားရေးတို့ တိုက်ရိုက်နီးပါး ဆက်စပ်နေသည်မှာ ငြင်းမရသော အမှန်တရားဖြစ်ပါသည်။ သို့သော် ပြည်သူ့လူနေမှုဘဝ (လူမှုရေးဘဝ)နှင့် တိုင်းပြည်၏ စီးပွားရေးတို့ဆက်စပ်မှုတွင် ထိုသဘောမျိုး အခါခပ်သိမ်းမရှိတတ်။ ဤအကြောင်းကို နောက်အပိုဒ်တွင် ရှင်းပါမည်။ "တိုင်းပြည်စီးပွားရေးကောင်းလာရင် လူထုလည်း ပြည့်စုံလာမှာပဲ မဟုတ်လား"ဟူသော မေးခွန်းကို ဖြေရန်ရှိ၍ ဖြစ်သည်။ ထိုအဖြေအတွက် တိုင်းပြည်တစ်ပြည်၏ စီးပွားရေးကို ဘာနဲ့တိုင်းတာမလဲဟု ပြန်ကြည့်ရပါမည်။ GDP ခေါ် Gross Domestic Production (တစ်နှစ်တာ တစ်ပြည်လုံးထုတ်လုပ်မှုကိန်းကြမ်း)ကို အသုံးများကြသည်။ မိမိငွေက ဈေးကျနေလျှင်၊ ကုန်ဈေးနှုန်းများ ဖောင်းပွလာနေလျှင်၊ စာရင်းလိမ်တွေပါနေလျှင်၊ အစိုးရသုံးစွဲမှု (government spending) က မလိုအပ်ဘဲ ကြီးမြင့်နေပြီး နိုင်ငံခြားချေးငွေများဖြင့် ကျားကန်နေရလျှင် GDP သည် မှန်ကန်စွာကိုယ်စားမပြုနိုင်တော့ပေ။ ငွေဖောင်းပွမှုကို ပြန်ညှိသော PPP (Purchasing Power Parity - ဝယ်နိုင်အားအစစ်) ဖြင့် ပြန်ညှိခြင်းသည် အတော်အတန် လက်ခံနိုင်သော GDP၊ အထူးသဖြင့် တစ်ဦးချင်းဝေပုံကျ GDP (per capita GDP) ဖြစ်လာနိုင်သည်။



နာဂဒေသတွင် ဝက်သက်ကာကွယ်ဆေးထိုးနှံပေးစဉ်။

လူထု၏ လူမှုရေးတိုးတက်မှုကိုကြည့်ရန် ခပ်လွယ်လွယ်နည်းတစ်နည်းရှိ၏။ လူမှုရေးကိစ္စနှင့် သက်ဆိုင်သော သုံးစွဲမှုကို ကြည့်ခြင်းဖြစ်သည်။ ထိုလူမှုရေးကဏ္ဍတွင် "ဘတ်ဂျက်ဘယ်လောက်သုံးသလဲ၊ စုစုပေါင်းသုံးစွဲမှုရဲ့ ဘယ်လောက်ရာခိုင်နှုန်းလဲ"ဟု ကြည့်ခြင်းဖြစ်သည်။ ပညာရေးတွင် ၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကျန်းမာရေးတွင် ၁ ဒသမ ၂ ရာခိုင်နှုန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးတွင် သုည ဒသမ ၈ ရာခိုင်နှုန်းမျှသာ လျာထားပေးခဲ့သော နှစ်များရှိခဲ့သည်။ ဆင်းရဲတန်းဝင် နိုင်ငံတစ်ခုအတွက် လူမှုရေးကဏ္ဍ၏ အဓိက သုံးခုပေါင်းမှ ၄ ဒသမ ၂ ရာခိုင်နှုန်းသာသုံးစွဲခြင်းတွင် အဖြေက တစ်ခုတည်းသာရှိသည်။ လူမှုရေးဆက်လက်နိမ့်ကျနေဦးမည်ဟူ၍သာ။



နာဂဒေသ လေရှီး-လဟယ်လမ်း ဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

အစိုးရသစ်၏ ပြီးခဲ့သော တစ်နှစ်တာအတွင်း လူမှုရေးတိုးတက်မှုကို ဝေဖန်ရသည်မှာ အားနာစရာကောင်းပါသည်။ နှစ်တစ်နှစ်၏ ဘဏ္ဍာရေးသည် နှစ်စဉ် ဧပြီ ၁ ရက်တွင်စသည်။ ထိုဘဏ္ဍာနှစ်သစ်တွင် ဘတ်ဂျက်ကို နှစ်ဟောင်းတွင်ရေးဆွဲရသည်။ နည်းစဉ်အရပြောရလျှင် အစိုးရဟောင်းက အစိုးရသစ်အတွက် ဘတ်ဂျက်ဆွဲပေးလိုက်ရခြင်းဟု ဆိုနိုင်သည်။ သို့သော် ထူးခြားသောလျှော့ဖြေမှုများကြောင့် အစိုးရသစ်က ဘတ်ဂျက်ကို ပြန်လည်မွမ်းမံခွင့်ရနိုင်သည်။ သို့ရာတွင် ဝင်ငွေက အကန့်အသတ်နှင့်ဖြစ်ပြီး အဖြုန်းဌာနကြီးများက မိမိတို့သုံးစွဲခွင့် Lion's Share အတွက် ဩဇာသုံးလာသည့်အခါ လူမှုရေးကဏ္ဍအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာရှိတိုင်း လုပ်ပေးနိုင်ရန်မလွယ်။

အစိုးရသစ်၏ ပြီးခဲ့သော တစ်နှစ်တာသက်တမ်းအတွင်း လူမှုရေးကဏ္ဍဖွံ့ဖြိုးမှုကို လေ့လာလိုလျှင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လူမှုရေးနှင့်သက်ဆိုင်နေသော ကဏ္ဍများတွင် ဘတ်ဂျက်ဘယ်လိုခွဲဝေရရှိသည်ကို ကြည့်ရန်ဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ

အထူးကဏ္ဍ (ခ) သို့ »»



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆိုက်ရောက်ဗီဇာထုတ်ပေးနေမှုကို တွေ့ရစဉ်။

အထူးကဏ္ဍ (က) မှ »»
တက်လာနေသော ကုန်ဈေးနှုန်းကြောင့် အခြေခံလူတန်းစားတွင် ဝယ်နိုင်အားကျဆင်းမှုကိုပါ ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။

## နိုင်ငံရေးအလယ်

နိုင်ငံရေးတည်ငြိမ်မှုမရှိသော၊ တည်ငြိမ်နေသည့်တိုင် စစ်မှန်သော ဒီမိုကရေစီဝါဒကြောင့် တည်ငြိမ်ခြင်းမဟုတ်ဘဲ မလှုပ်သာ၍ ငြိမ်နေရသောနိုင်ငံမျိုးတွင် ပြည်သူလူထုသည် အခြားဘက်စုံထောင့်စုံ၌ ပြည့်စုံနေရသည့်တိုင် ကြောင့်ကြမှုမကင်းသော၊ အပြည့်အဝကျေနပ်မှုမရသောဘဝမှာပင် ရှိနေလိမ့်မည်သာ။ ဤလိုအနေအထားမျိုးရှိနေလျှင် ထိုပြည်သူတို့ကို လူမှုရေးအဆင့်မြင့်မားသော နိုင်ငံသားများဟု မခေါ်ပါ။

နိုင်ငံရေးစနစ်ကောင်းသည် အုပ်ချုပ်ရေးစနစ်ကောင်းကို ပေး၏။ မြစ်ဖျားကား အခြေခံဥပဒေခေါ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်သည်။ မြစ်ဖျားတွင် အဆိပ်တွင်းရှိနေလျှင် မြစ်ကြောင်းတစ်လျှောက် ဘယ်နေရာမှာမှ ကောင်းနိုင်စရာမရှိပါ။ နိုင်ငံသားတိုင်း သာတူညီမျှရှိရေး၊ ဝန်ထမ်းတိုင်း တစ်ပြေးညီအခွင့်ခံစားရေးတို့ကို ဥပါယ်တံမျဉ်ဖြင့် ချိုးဖျက်ထားလျှင် ဝန်ထမ်းဟူသော ပြည်သူ့ဘဏ္ဍာမှ လစာရိက္ခာယူသည့် လူတန်းစားအတွင်း၌ လည်းကောင်း၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများအကြားတွင်လည်းကောင်း တွန်းတိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဤသို့တွန်းတိုက်မှုဖြစ်ပေါ်လာခြင်းသည် လူမှုရေးပဋိပက္ခများဆီသို့ ဦးတည်တတ်ပါသည်။

နိုင်ငံရေးတွင် နိုင်ငံ့အရေးနှင့် ပါတီနိုင်ငံရေးဟူ၍ နှစ်ပိုင်းရှိနေသည်ကို ကွဲကွဲပြားပြားမြင်သင့်သည်။ လွတ်လပ်ရေးရပြီးသည်မှ ယနေ့အထိ မြန်မာ့သမိုင်းတစ်လျှောက်တွင် နိုင်ငံ့အရေးနှင့် ပါတီနိုင်ငံရေးကို ခွဲခြားရှုမြင်နိုင်သော ခေါင်းဆောင်မျိုးရှားပါးလှသည်ကို မြင်ခဲ့ရပါပြီ။ ပြည်သူ့ဆန္ဒအရ တက်လာခြင်းမဟုတ်သော ခေတ်များတွင် ကိုယ်ကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးစီးပွားကိုပင် မခွဲခြားနိုင်မှုများရှိခဲ့သည်။ ထို့ကြောင့်ပင် တစ်ချိန်က အိမ်နီးချင်းနိုင်ငံများသာမက ကမ္ဘာကပင် လေးစားရသော မြန်မာနိုင်ငံတွင် လူမှုရေးဆုံးရှုံးပျက်ယွင်းမှုကြီး ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်။

ပြည်သူ့အစိုးရအစစ်ဖြစ်သော ယခုအစိုးရသစ်က တိုင်းပြည်တာဝန်ကို ယူရသည်မှာ တစ်နှစ်သာရှိပါသေးသည်။ သို့ရာတွင် (ဆိုခဲ့ပြီးသည့်အတိုင်း) ဘတ်ဂျက်အကန့်အသတ်နှင့် (အခြေခံဥပဒေအရ) လုပ်ပိုင်ခွင့်အကန့်အသတ်တို့ကြောင့် လူမှုရေးဖွံ့ဖြိုးမှုက မျှော်လင့်ထားသလို မဖြစ်ပါ။

နှစ် ၅၀ ကျော် ပျက်စီးလာခဲ့သည်ကို တစ်နှစ်မျှဖြင့် အကောင်းအတိုင်းဖြစ်အောင် ကုစားရန်မှာ ဘယ်လိုမှမလွယ်ပါ။ ဘယ်တန်ခိုးရှင်ကမှလည်း တတ်နိုင်မည်မဟုတ်ပါ။ နိုင်ငံရေးယိုယွင်းမှုကို နှစ်နှစ်မျှဖြင့် ကုစား၍ရသည်။ နောက်ထပ်နှစ်နှစ် အချိန်ယူလျှင် စီးပွားရေးယိုယွင်းမှုကို ကုစား၍ရသည်။ နောက်ခြောက်နှစ်ဆိုလျှင် ပညာရေးယိုယွင်းမှုနှင့် ကျန်းမာရေးယိုယွင်းမှုတို့ကို ကုစားနိုင်မည်ဖြစ်သည်။ သို့သော် လူမှုရေးယိုယွင်းမှုကား လူထုအတွေးအမြင်ပြောင်းလဲသည်အထိ တိုက်ဖျက်နေရမည်။ ဗိုလ်ချုပ်ပြောခဲ့သည့် "အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ . . . ကျင့်တွေ"ကို လောကအပြင်တွန်းထုတ်နိုင်သည်အထိ လုပ်ဆောင်ရမည့်ခရီးရှည်ကြီးဖြစ်သည်။

## လူမှုရေးအဆုံး

နိုင်ငံတော်သည် နိုင်ငံသားများ၏ လုံခြုံရေးနှင့် စားဝတ်နေရေးကို အာမခံရသည်သာမက ပညာရေး၊ ကျန်းမာရေးအစရှိသော လူမှုရေးဘဝ တည်ငြိမ်ရေးကိုလည်း အာမခံရပါသည်။ အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း လူမှုရေးကဏ္ဍကို ပြီးခဲ့သည့် နှစ် ၇၀ ကျော်ကာလနှင့်မတူ အထူးကြိုးစားဆောင်ရွက်ခဲ့သည်မှာ ငြင်းစရာမရှိပါ။ ဝန်ကြီးဌာနအလိုက် လုပ်ဆောင်မှုများနှင့် ဒေသအလိုက် လုပ်ဆောင်မှုများကိုကြည့်လျှင် ထင်ရှားပါသည်။ ဘတ်ဂျက်အကန့်အသတ်ကြောင့် သိသိသာသာတိုးတက်မှုများ မရနိုင်သေးခြင်းကိုလည်း အချို့နေရာများတွင် တွေ့ရပါသည်။

သဘာဝဘေးအန္တရာယ်သည် ပြည်သူတို့၏ လူမှုရေးဘဝကို ထိခိုက်စေနိုင်သည်။ ခေတ်ကာလ အနေအထားဖြင့်ကြည့်လျှင် မြန်မာပြည်တွင် မီးဘေးကျရောက်မှု များလွန်းနေသည်။ လူအင်အား၊ စက်အင်အား နည်းပါးနေဆဲဖြစ်သော မီးသတ်တပ်ဖွဲ့၊ လုံခြုံစိတ်ချရမှု နည်းပါးလှသော လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ လောင်စာဆီကို မလျော်မကန်သိုလှောင်မှု၊ မီးသတ်ကားဝင်၍ မရနိုင်လောက်အောင် ကျူးကျော်ခြင်းခံထားရသော လမ်းကျဉ်းများစသည်တို့သည် မီးဘေးကြောင့်ဆုံးရှုံးမှုကို မကြီးသင့်ဘဲ ကြီးစေပါသည်။ မော်တော်ဆိုင်ကယ်အင်ဂျင်ဖြင့် အရေးပေါ်မီးသတ်စက်လုပ်နည်းကို တီထွင်သောပုဂ္ဂိုလ်တစ်ဦးကြောင့် အဆောက်အအုံတစ်လုံးသာ လောင်ပြီး တစ်မြို့လုံးပြာကျမည့်ဘေးမှ ကင်းဝေးခဲ့ရသည်ကို အသုံးချတတ်သင့်ပါသည်။

ရေဘေးနှင့် လေဘေးတွင် အရေးကြီးသည်မှာ early warning system ခေါ် ကြိုတင်သတိပေးနိုင်မှု အစီအရင်ဖြစ်သည်။ ဖြစ်ပွားပြီးလျှင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ကြရသည်။ ကြီးမားသော ရေဘေး၊ လေဘေးများတွင် အစိုးရတစ်ဦးတည်းဖြင့် ဘယ်လိုမှမနိုင်နိုင်ပါ။ ပြည်သူတွေ ပါဝင်လာဖို့လိုသည်။ ယနေ့အထိကား စေတနာ့ဝန်ထမ်းကူညီကယ်ဆယ်သူများကို ဒေသဆိုင်ရာ အစိုးရဝန်ထမ်းများပါဝင်သော အရေးပေါ်စီမံမှုအဖွဲ့ငယ်များဖြင့်သာ ကွပ်ကဲရကြောင်း မြင်ရ၊ ကြားရသည်။



လမ်းမကြီးများတွင် သန့်ရှင်းရေးဆောင်ရွက်နေကြသည်ကို တွေ့ရစဉ်။

နိုင်ငံတကာ ကူညီကယ်ဆယ်ရေးအသင်းများ၊ ပြည်တွင်းပရဟိတအဖွဲ့များသည် အစိုးရအဖွဲ့က လုပ်ဆောင်နိုင်သည်ထက် ပိုမိုလုပ်ဆောင်နိုင်ကြပါသည်။ နာဂစ်မုန်တိုင်းဘေးတွင် ကြည့်ပါ။ ပြည်တွင်းပြည်ပ ပရဟိတအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ၏ ထည့်ဝင်မှု contribution က ဘယ်လောက်များပြားကြောင်းကို မြင်ရပါမည်။ ထို့နောက်ပိုင်း ဆက်တိုက်ဖြစ်လာသော ရေဘေး၊ လေဘေးများနှင့် ကျေးရွာရေရရှိရေး၊ စာသင်ကြားခွင့်ရရေး၊ စီးပွားရေးဘဝထူထောင်ရေးတို့တွင် ပရဟိတအဖွဲ့များ၊ ပုဂ္ဂလိကစေတနာရှင်များ၏ အခန်းကဏ္ဍမှာ ကြီးမားလှသည်။

ဩစတြေးလျနိုင်ငံတွင် အရပ်သားတပ်ဖွဲ့ (Civilian Army) ခေါ် အဖွဲ့တစ်ဖွဲ့ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွဲ့ထားသည်။ လက်နက်ကိုင်များမဟုတ်ပါ။ အရပ်သားစေတနာရှင်များကို ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လေ့ကျင့်ပေးပြီး တပ်ဖွဲ့ ဖွဲ့ပေးထားခြင်းဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြုံ၍ အစိုးရတွင် အကူအညီလိုအပ်လာသည့်အခါ ရေဒီယိုမှ ညွှန်ကြားချက်များ အသံလွှင့်ပြီး စုဖွဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ် (Premier ဟု ခေါ်ပါသည်။ Prime Minister ဆိုသည်မှာ ဗဟိုအစိုးရအတွက်ပဲ သုံးပါသည်။)က ဦးဆောင်ပြီး အစိုးရကယ်ဆယ်ရေးဝန်ထမ်းများ၏ ဦးဆောင်မှုဖြင့် ရေကြောင်း၊ လေကြောင်း၊ ကြည်းကြောင်းဖြင့် အန္တရာယ်များကျရောက်ရာဒေသသို့ သွားရောက်ကူညီပေးရသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက် စဉ်းစားစရာတစ်ချက်ဖြစ်စေချင်ပါသည်။

ဤကယ်ဆယ်ရေး ကိစ္စများအတွက် အမြန်ဆုံးလိုအပ်နေသည်မှာ ဗဟိုကွပ်ကဲရေးဌာန (Central Control Centre)ဖြစ်မည်ဟု ထင်ပါသည်။ Website ထူထောင်ခြင်းမှအစ Facebook Page ဖွင့်ခြင်းအထိ ဆောင်ရွက်ပြီး ကျယ်ပြန့်စွာအုပ်မိုးထားနိုင်ရမည်။ ပြည်တွင်းပြည်ပ ပရဟိတအဖွဲ့အားလုံးနှင့် ဆက်ဆံရေးထူထောင်ထားရမည်။ အရေးကြုံလျှင် အချိန်နှင့်အမျှသတင်းထုတ်ပြန်၍ ပြည်သူသိအောင်လုပ်ရမည်။ ကယ်ဆယ်ရေးအဖွဲ့များ၏ သယ်ယူပို့ဆောင်ရေးလိုအပ်ချက်နှင့်

အထူးကဏ္ဍ (ဂ) သို့ »»


ခါကာဘိုရာဇီအမျိုးသားဥယျာဉ်။

အထူးကဏ္ဍ (ခ) မှ »»

လမ်းကြောရှင်းလင်းမှုသတင်းကို အဖွဲ့များသာမက ပြည်သူတစ်ရပ်လုံးပါ သိရှိအောင် လုပ်ရမည်။ ပရဟိတအဖွဲ့များ၏ ကယ်ဆယ်မှုမှာ တချို့နေရာများတွင် စုပုံများပြားပြီး တချို့နေရာများတွင် လုံးဝနီးပါး ပြတ်တောက်နေလေ့ရှိသည်။ အစိုးရမှတာဝန်ယူစီစဉ်ပေးလျှင် ကူညီမှုများက ပိုမိုထိရောက်နိုင်ပါသည်။ တားမြစ်ခြင်း၊ ပစ္စည်းသိမ်းယူခြင်း၊ ကိုယ်ကျိုးသုံးစွဲခြင်း၊ အစိုးရကပဲလှူတာလိုလို ပုံဖမ်းခြင်း၊ နိုင်ငံခြားပစ္စည်းများကို မသမာသူများက ယူငင်ရောင်းစားခြင်း စသော အကျည်းတန်သည့် လုပ်ရပ်များကိုကား ပြည်သူ့ဆန္ဒဖြင့် တက်လာသော ဘယ်အစိုးရမဆို ရှောင်ရှားမည်သာဖြစ်၍ ပြောနေရန်မရှိပါ။

ပြေးလမ်းသဘောဖြင့် ကြည့်လျှင် ကျွန်တော်တို့နိုင်ငံသည် လူမှုရေးဖွံ့ဖြိုးမှုအတွက် ယခုမှ တာထွက်ရသလိုဖြစ်နေသည်။ နိုင်ငံရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ ဟောင်းလောင်းဟင်းလင်းနီးပါး ဘဏ္ဍာတိုက်ပြဿနာတို့သာမက ငြိမ်းချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အရှုပ်အထွေးတို့ကိုပါ အမွေအဖြစ် ဆက်ခံယူလိုက်ရသော တစ်နှစ်သား အစိုးရအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ လူမှုရေးဖွံ့ဖြိုးမှုကို အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင်လုပ်ရသည်မှာ မလွယ်ပါ။ ထို့ကြောင့် အပြစ်ပြောဆိုခြင်းထက် အကြံပေးခြင်းကိုသာ လုပ်ပါမည်။ မြှောက်ပင့်၍ ယစ်မူးစေခြင်းထက် အရှိကိုသာ ပြောရပါသည်။

## ကျက်သရေရှိသော တိုင်းပြည်

နိုင်ငံသားတိုင်း ခွင့်တူညီမျှပြီး အုပ်ချုပ်မှုကလည်း ဝါဒဖြူစင်ကာ တရားမျှတလွတ်လပ်ခြင်း ကြီးစိုးသောနိုင်ငံသည် ကျက်သရေရှိသော နိုင်ငံဖြစ်ပါ၏။ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိမှ လူမှုရေးဒုက္ခများလျော့ပါးမည်။ စက်မှုနိုင်ငံတော် တည်ဆောက်နိုင်မှ စီးပွားရေးဖွံ့ဖြိုးလာပြီး ပညာရေးမှအစ စာပေယဉ်ကျေးမှုအထိဖြစ်သော လူမှုရေးလုပ်ငန်းများ တိုးချဲ့နိုင်မည်။ လေးစားကြည်ညိုလောက်သော လူမှုအခွင့်အရေးများကို နိုင်ငံသားတိုင်း ခံစားခွင့်ရလာမှ ကျက်သရေရှိသော တိုင်းပြည်ဖြစ်လာမည်။

လေးစားကြည်ညိုစရာ လူမှုအခွင့်အရေးဆိုသည်ကား အဘယ်နည်း။ ဒေသအလိုက်၊ ယုံကြည်သက်ဝင်မှုအလိုက် ကွဲပြားခြားနားမှုများ ရှိနေနိုင်သော်လည်း လွတ်လပ်စွာတွေးကြံခွင့်၊ မိမိအမြင်ကို လွတ်လပ်စွာ၊ ရိုးသားစွာ၊ အငြိအစွန်းကင်းစွာ တင်ပြခွင့်တို့ ရှိလာလျှင် လေးစားကြည်ညိုဖွယ်အဆင့်သို့ ပဏာမခြေတစ်လှမ်း လှမ်းပြီဟု ဆိုနိုင်ပါသည်။ ကုလသမဂ္ဂမှပြဋ္ဌာန်းသော လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက် ၃၀ လုံးကို အာမခံချက်ပေးနိုင်သော နိုင်ငံကလည်း အနည်းအကျဉ်းမျှသာဖြစ်ရာ လူမှုအခွင့်အရေးနှင့်ပတ်သက်လာလျှင် ရာနှုန်းပြည့်ကြည်ညိုလောက်သော နိုင်ငံရှားနေဆဲဖြစ်သည်။ သို့သော် စေတနာကောင်းထားနိုင်သော ပြည်သူ့အစိုးရခေတ်တွင် တစ်လှမ်းပြီးတစ်လှမ်း ရှေ့သို့တိုးသွားနိုင်ပါလိမ့်မည်။



ကယားပြည်နယ်တွင် ကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားပေးစဉ်။

လူမှုရေးမဖွံ့ဖြိုးလျှင် နိုင်ငံသားကျက်သရေကျဆင်းပါသည်။ နိုင်ငံသား ကျက်သရေကျလျှင် နိုင်ငံတော်၏ကျက်သရေ ကျဆင်းပါသည်။ ထို့ကြောင့် နိုင်ငံသား ကျက်သရေကျစေသောအချက်တို့ကိုစူးစမ်း၍ သင့်လျော်သလို ပြုပြင်ရန်လိုအပ်ပါလိမ့်မည်။

အစိုးရသစ်၏ ပထမသက်တမ်းအတွင်းတွင် လူမှုရေးဖွံ့ဖြိုးမှုကို ဦးတည်သော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ အစရှိသည့် ဥပဒေများပြဋ္ဌာန်းပေးနိုင်ခဲ့ခြင်းမှာ ကောင်းမွန်သော လုပ်ဆောင်ချက်ပင်ဖြစ်သည်။ ယခင်အစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့ပြီး ယခုအစိုးရလက်ထက်တွင် ထက်မြက်စွာသုံးစွဲမှုရှိလာသော မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥပဒေနှင့် ဆက်သွယ်ရေးဆိုင်ရာဥပဒေတို့၏ ရည်ရွယ်ရင်းမှာ နိုင်ငံသားတို့၏ အခွင့်အရေးကို ကာကွယ်ရန်ဖြစ်သည်။ လူတိုင်းလက်လှမ်းမီလာသော ဆက်သွယ်ရေးကွန်ရက်ကို မလျော်မကန်အသုံးပြုခြင်း၊ ပွင့်လင်းလွတ်လပ်လာသော မီဒီယာကို အကြောင်းပြု၍ မမှန်သတင်းဖြန့်ခြင်း၊ တိုက်ခိုက်ခြင်းများကို ထိန်းကျောင်းပေးခြင်းဖြင့် လူထုကို အကာအကွယ်ပေးရသည်မှာ ပြည်သူ့အစိုးရ၏ တာဝန်ဖြစ်ပါသည်။ ဥပဒေအချို့တွင် နည်းဥပဒေဖြင့် ပြန်လည်ကန့်သတ်ထားမှုများကိုကား အချိန်ယူပြင်ဆင်ပေးရပါမည်။



အသေးစားစီးပွားရေးလုပ်ငန်းတစ်ခု၏ လုပ်ငန်းခွင်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ထုတ်လွှင့်မှုများ၊ ပြည်သူပိုင်သတင်းစာများတွင် ထူးခြားစွာပြောင်းလဲလာမှုမျိုးတွေ့ရသည်။ လူထုထံ ကျယ်ပြန့်စွာပေါက်ရောက်သော နည်းလမ်းများဖြစ်၍ ယခင်က ခံစားခဲ့ရသော စိတ်ဝမ်းညှိုးငယ်မှု၊ တွယ်ရာမဲ့မှုများ လျော့ပါးလာကာ လူမှုအခွင့်အရေးလွတ်လပ်မှုအတွက် အသိအမြင်များ တိုးပွားလာစေသည်ဟု မြင်ပါသည်။ ပုဂ္ဂလိကထုတ်လွှင့်မှုများကို ထိန်းကျောင်းပေးမည့် အဖွဲ့တစ်ခုရှိသင့်သည်ဟုလည်း မြင်ပါသည်။ ကြော်ငြာထည့်သွင်းပုံမှအစ ထုတ်လွှင့်သူတို့ ဝတ်ဆင်ပြောဆိုမှုအထိကို စိစစ်အကြံပြုပေးနိုင်လျှင် နိုင်ငံ၏ယဉ်ကျေးမှုပန်းတိုင်ကို တည့်မတ်ပေးရာကျပါမည်။




ကရင်ပြည်နယ်တွင် ရိုးရာဂျပ်ခုတ်သင်တန်းဖွင့်လှစ်သင်ကြားပေးနေသည်ကို တွေ့ရစဉ်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းသုတေသနမှအစ ရိုးရာယဉ်ကျေးမှု ထုတ်ဖော်ရေးအထိ လုပ်ငန်းများအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လာသည်ကို မှတ်တမ်းတင်ရမည်ဖြစ်သည်။ ငလျင်ဒဏ်ကြောင့် ပြိုပျက်ခဲ့ရသော စေတီ ၂၈၉ ဆူကိုလည်း ဝန်ကြီးဌာနဦးဆောင်မှုဖြင့် ပြည်သူတို့ပူးပေါင်းပါဝင်မှုကိုယူပြီး ပြုပြင်ခဲ့ရာ ၂၂၄ ဆူ ပြုပြင်ပြီးစီးကြောင်း သိရပါသည်။

ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရာတွင် အမျိုးသားအမွေမဆုံးရှုံးရေးအမြင်က အဓိကကျသော်လည်း ထိုဒေသကို အကြောင်းပြုပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုပါ ပူးတွဲဦးတည်ဆောင်ရွက်လျှင် တိုင်းပြည်၏ စီးပွားရေးတိုးတက်လာပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း ရလာပါမည်။ ထို့အတွက် ရှေးဟောင်းအမွေအနှစ်နယ်မြေတွင် စီးပွားရေးသမားတို့ မလျော်မကန်လုပ်ဆောင်နေမှုများကိုကား တင်းကျပ်စွာတားမြစ်ရမည်ဖြစ်သည်။ ဘုရားပုထိုးများကြားတွင် ဟိုတယ်ဆောက်၊ ဝေါက်ကွင်းဖောက်ဆိုသော လုပ်ရပ်များမှာ နိုင်ငံကျက်သရေကို ထိခိုက်စေပါသည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုရေးဖွံ့ဖြိုးမှုကို တိုင်းတာရာတွင် အသုံးများသော ညွှန်းကိန်းများမှာ HDI (Human Development Index) လူမှုဖွံ့ဖြိုးရေးညွှန်းကိန်း ဖြစ်ပါသည်။ လုံးဝအားထားနိုင်သည့် ညွှန်းကိန်းမဟုတ်သေးသော်လည်း နေနိုင်သက်တမ်း (Life expectancy )၊ ပညာရေး၊ စာတတ်မြောက်မှု၊ တစ်ဦးချင်းဝင်ငွေ စသည်တို့အပေါ် မူတည်တွက်ချက်ရခြင်းဖြစ်၍ အသုံးများသည်။

ထို HDI ညွှန်းကိန်း (မတ် ၂၀၁၇) တွင် နော်ဝေနိုင်ငံသည် သုည ဒသမ ၉၄၉၊ ဩစတြေးလျသည် သုည ဒသမ ၉၃၉၊ စင်ကာပူနိုင်ငံသည် သုည ဒသမ ၉၂၅၊ အမေရိကန်သည် သုည ဒသမ ၉၂၊ ဂျပန်နိုင်ငံသည် သုည ဒသမ ၉၀၃ စသည်ဖြင့် အကောင်းဆုံးစာရင်းထဲတွင် ဝင်ပါသည်။ ကျွန်တော်တို့နိုင်ငံက သုည ဒသမ ၄ ပင် မပြည့်တပြည့်ဖြင့် အောက်ဆုံးနား(ဖွံ့ဖြိုးဆဲအဆင့်)တွင် ရှိနေပါ၏။

IHDI (Inequality-adjusted HDI- မညီမျှမှုတန်းညှိပြီး HDI )သည် နိုင်ငံတစ်ခုနှင့် တစ်ခုအကြား ငွေကြေး၏ ဝယ်နိုင်စွမ်း ကွာခြားမှု အစရှိသည့် တစ်နိုင်ငံချင်း အားသာချက်များကို ညှိပေးခြင်းဖြင့်ရလာသော လူမှုရေးဖွံ့ဖြိုးမှုညွှန်းကိန်းဖြစ်သည်။

အထူးကဏ္ဍ (ဃ) သို့ »»



စစ်ကိုင်းတိုင်းဒေသကြီးတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပလတ်စတစ်ခြင်းရက်လုပ်ခြင်းသင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။

အထူးကဏ္ဍ (၁) မှ »»

ဤသို့တွက်ချက်ခြင်းကြောင့် နော်ဝေသည် ပထမစွဲမြဲဖြစ်သည့်တိုင် ညွှန်းကိန်းက သုည ဒသမ ၈၉၈ ဖြစ်သွားပြီး အမေရိကန်က သုည ဒသမ ၇၉၆ ဖြစ်သွားသည်။ တရုတ် (သုည ဒသမ ၇၂၇)က ထိုင်း (သုည ဒသမ ၇) ထက်ပင် မြင့်သွားသည်။ မြန်မာက သုည ဒသမ ၅၃၆ ရလာသဖြင့် မြင့်တက်လာသည်ဟု ပြောနိုင်သည့်တိုင် အာရှ၏ HDI အနည်းဆုံး ၁၀ နိုင်ငံတွင် တတိယမြောက် အနည်းဆုံးနိုင်ငံ ဖြစ်နေပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သည်။

ဤအနေအထားသည် ကျွန်တော်တို့ မပိုက်ချင်သော်လည်း ပိုက်ထားရမည့် အနေအထားဖြစ်သည်။ အဆင့်တက်လာဖို့ (ဝါ) ကျက်သရေရှိလာဖို့က နိုင်ငံသားတို့၏ လူမှုရေးဖွံ့ဖြိုးလာရန်၊ လူမှုရေးဘဝ မြင့်မားလာရန်၊ အစိုးရအဖွဲ့အား ပြည်တွင်းပြည်ပ ပရဟိတအဖွဲ့များနှင့် ပြည်သူတို့ ဝိုင်းဝန်းကူညီကြမှုဖြစ်မည်။ ကူညီသည်ဆိုရာ၌ စနစ်တကျဖြစ်ဖို့လိုသည်။ အစိုးရသစ်လက်ထက်တွင် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ တိုးတက်လုပ်ဆောင်လာနိုင်သည်ကို ပေးပို့စာရင်းဇယားများအရ သိရှိရပါသည်။ အရပ်သားဝန်ကြီးဌာနများနှင့် ဒေသအစိုးရများ၏ ကြိုးစားမှုဘယ်လောက်ရှိလာသည်ကိုလည်း တွေ့ရပါသည်။ အစိုးရသည် လုပ်သင့်တာလုပ်နေလျှင် ချီးကျူးစရာမဟုတ်၊ လုပ်သင့်တာ မလုပ်လျှင်သာ ကဲ့ရဲ့စရာဖြစ်သည်ဟူသော မူတစ်ခုရှိနေရာ ထိုမူဖြင့် ချိန်ထိုးလျှင် အစိုးရသစ်သည် အကဲ့ရဲ့ လွတ်နိုင်သမျှ လွတ်ခဲ့ပြီဟု ဆိုရပါမည်။ ယဉ်ကျေးမှုမျက်နှာစာတွင်ကား ဆိုကရေးတီး ပြိုင်ပွဲကြီးလောက် ငွေသုံးစရာမလိုဘဲနှင့် ရုပ်သေး၊ ဆိုင်း၊ အငြိမ့်၊ ကွက်စိပ်၊ ဇာတ်သဘင်တို့ကို အသက်ရှူမရပ်ခင် ပြန်ကယ်နိုင်မည့် နည်းလမ်းများ ရှိနေနိုင်ပါသေးသည်။

## နိုင်ငံသားတို့၏ တစ်ဦးချင်းဘဝ

နိုင်ငံသားတို့၏ တစ်ဦးချင်းဘဝသည် မိသားစု၏ လူမှုရေးဘဝ၊ နိုင်ငံရေးဘဝတို့နှင့် ဆက်စပ်လျက်ရှိသည်။ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု အားနည်းနေသေးခြင်း၊ ပညာရေးတွင် ပင်မခံယူချက်လွဲမှားနေခြင်း၊ တရားဥပဒေ၏ အာဏာသက်ရောက်မှုတွင် အပြောက်အကျားရှိနေခြင်းတို့က နိုင်ငံသားတို့၏ လူမှုရေးဘဝကို ထိခိုက်စေပါသည်။

လွှတ်တော်သည် နိုင်ငံတိုးတက်ရေးတွင် အထောက်အကူဖြစ်စေမည့် ဥပဒေများကို ပြဋ္ဌာန်းပါ၏။ နည်းဥပဒေ အမြန်ဆုံးထွက်ရှိပြီး အာဏာသက်ရောက်မှုရှိရန် တင်းကျပ်သော စီမံမှု လိုအပ်ပါမည်။ ယခင်အတွေ့အကြုံများအရ ဥပဒေက စာရွက်ပေါ်မှာသာရှိနေခြင်းကို များစွာတွေ့ခဲ့ရပါပြီ။ လွှတ်တော်ကော်မတီများ၏ ကိစ္စတွင်လည်း ထိုအတိုင်းပင်ဖြစ်သည်။ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၊ တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ စသည်ဖြင့် ကော်မတီပေါင်းများစွာ ဖွဲ့စည်းထားပြီးဖြစ်ရာ လူမှုရေးနယ်ပယ်တွင် ထူးထူးခြားခြား စွမ်းဆောင်ပြသနိုင်ရမည် ဖြစ်ပါသည်။

လူမှုရေးတိုးတက်ဖို့ မြို့ကြီးပြကြီးများ တစ်ဝိုက် စည်ပင်ဖွံ့ဖြိုးနေရုံနှင့်မရပါ။ တောင်ပေါ်မြေပြန့် တစ်ပြေးညီဖွံ့ဖြိုးလာအောင် လွှတ်တော်မှလည်း ဖော်ဆောင်ပေးနိုင်ရမည်ဟု မြင်ပါသည်။

## နိဂုံးသုံးသပ်ချက်

နိုင်ငံရေးသုံးသပ်ချက်နှင့် စီးပွားရေးသုံးသပ်ချက်တို့အပြီးတွင် လူမှုရေးသုံးသပ်ချက်လာသည်။ လူမှုရေးသည် နိုင်ငံရေး၊ စီးပွားရေးတို့နှင့် ဆက်နွှယ်နေသဖြင့် ဤနိဂုံးသုံးသပ်ချက်သည် လူမှုရေးရှုထောင့်တစ်ခုတည်းမှ ရှုမြင်သုံးသပ်ထားခြင်း မဟုတ်သည်ကို သတိပြုစေလိုပါသည်။ တင်ပြရန်ရှိသည်များကို စေ့စေ့အောင် ကြိုးပမ်းခြင်းဟု ယူဆစေလိုပါကြောင်း။

လေးစားလောက်သော ဖွဲ့စည်းပုံဖြင့် အုပ်ချုပ်သည့် ပုံမှန်နိုင်ငံများတွင် တိုင်းပြည်အတွက် အရေးအပါဆုံးမှာ ချုပ်သုံးချုပ်နှင့် ဥက် (အုပ်) တစ်ဥက်ဖြစ်သည်။ ချုပ်သုံးချုပ်မှာ နိုင်ငံတော်တရားသူကြီးချုပ်၊ နိုင်ငံတော်ရှေ့နေချုပ်နှင့် နိုင်ငံတော်စာရင်းစစ်ချုပ်တို့ဖြစ်သည်။ အုပ် တစ်အုပ် (ဥက် တစ် ဥက်) မှာ ဗဟိုဘဏ်ဥက္ကဋ္ဌဖြစ်သည်။ သူတို့၏ ကျွမ်းကျင်မှု၊ ထက်မြက်မှု၊ သမာဓိရှိမှု၊ စေတနာထားမှုတို့က မြင့်မားလျှင် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ မြင့်မားလာလိမ့်မည်။

လူမှုရေးဖွံ့ဖြိုးမှုကို IDHI ကဲ့သို့ ရှုပ်ထွေးသော ပုံသေနည်းများသုံးရသည့် ညွှန်းကိန်းမျိုးနှင့်မဟုတ်ဘဲ ပိုလွယ်သည်ထင်ရသော EQ ( emotional quotient - မကြောင့်ကြကိန်း)ကို ကြည့်ခြင်းမျိုးလည်း ရှိပါသည်။ နိုင်ငံသားတို့၏ ပျော်ရွှင်မှု၊ ပြည့်စုံမှု၊ ကျန်းမာမှုတို့ကို အဆင့်ဂရိတ်ခွဲသတ်မှတ်ခြင်းဖြစ်သည်။ အမှန်ကား ထင်သလောက်မလွယ်ကူနိုင်သော အဆင့်ခွဲမှုဖြစ်သည်။ လူတစ်ဦးချင်းအတွက် လွယ်ချင်လွယ်မည်။ လူတန်းစားတစ်ရပ်၊ နိုင်ငံတစ်နိုင်ငံအတွက် EQ သည် မှန်ကန်စွာ ကိုယ်စားမပြုနိုင်ခြင်းမှာ ရှင်းပါသည်။

ထို့ကြောင့် လူမှုရေးတိုးတက်မှုကို ဖင့်နွှဲစေမည့်အချက်များ၊ ဟန့်တားထားသော အချက်များကိုသာကြည့်၍ ဆုံးဖြတ်သင့်သည်ဟု ထင်ပါသည်။ ထို့အတွက် ချုပ်သုံးချုပ်နှင့် အုပ်တစ်အုပ်၏ လုပ်ပိုင်ခွင့်များ၊ လုပ်ရပ်များသည် ယင်းလုပ်ရပ်များ၏ အကျိုးဆက်များကို ကြည့်သင့်ပါသည်။

လူမှုရေးတိုးတက်မှု တကယ်ရရှိလိုလျှင် အစိုးရအဖွဲ့တွင် တကယ်အာဏာရှိပြီး တကယ်လုပ်ပိုင်ခွင့်ရမှုဖြစ်မည်။

**ဒေါင်းအော်မှ အကောင်းတွေ'မော်'မည်** ဟု ပြောချင်ပါသည်။ ဒေါင်းဟုဆိုလိုက်၍ NLD ကို မျက်စပစ်ပြခြင်းဟု မထင်စေလိုပါ။ ရတနာပုံခေတ်တွင် -

**မိုးချုပ်လို့ ပြန်ချိန်တော်၊**
**မြတ်လေးစွယ်တော်ကျောင်းမှာ**
**ဒေါင်းတွေက အော်၊**
**ဒေါင်းအော်လျှင် လူကြိုလွှတ်ပါ**
**ပျိုတို့မောင် ဝါဝါဝတ်ကို**
**ဒေါင်းခွပ်ချည့်လေး။ ။**

ဟူသော လေးဆစ်သဖြန်တစ်ပုဒ် ခေတ်စားခဲ့သည်။ ဒေါင်းဆိုသည်မှာ ဒေါင်းဒင်္ဂါးကို ပြောခြင်းဖြစ်၏။ မြို့တက်စာသင်ကြသော ရဟန်းငယ်များကို မြို့ကငွေနှင့် မျှားခေါ်တတ်ခြင်းကို ဖွဲ့သောကဗျာဖြစ်သည်။

တိုင်းပြည်စီးပွားရေးတက်မှ လူမှုရေးလုပ်ငန်းများတွင် ဘတ်ဂျက်ကို ပိုသုံးနိုင်လာမည်။ ထို့ကြောင့် ဒေါင်းအော်ဖို့လိုပါသည်။ ဒေါင်းအော်မှ အကောင်းတွေ 'မော်'နိုင်ပါလိမ့်မည်။ ပိုက်ဆံအင်အားရှိမှ တိုင်းပြည်အင်အားရှိမည်။

ဟောင်းလောင်းနီးပါး ချန်ထားခဲ့သော ဘဏ္ဍာတိုက်၏ ချည့်နဲ့နဲ့ဘတ်ဂျက်ဖြင့် စခန်းသွားနေရသည့် အရပ်သားအစိုးရပင်ဖြစ်သော်လည်း လူမှုရေးဖွံ့ဖြိုးမှုအတွက် များစွာကြိုးစားနေသည်ကို မြင်ခဲ့ရပါပြီ။ ပရဟိတအဖွဲ့များ၏ အင်အားကို လေးစားတတ်ပြီး နွေးထွေးစွာလက်ကမ်းကြိုဆိုခြင်း ယဉ်ကျေးမှုကို ထူထောင်ဖို့လိုနေပါသေးသည်။ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက်မျှသာမက ပညာရေး၊ ကျန်းမာရေး၊ တိုက်ပွဲရှောင်နိုင်ငံသားများ ဘဝရှင်သန်ရေးတို့ကိုပါ ရေရှည်စီမံကိန်းဖြင့် လုပ်ဆောင်လာနိုင်မည်ဟု မျှော်လင့်မိပါသည်။

သွားရမည့်ခရီးကား ဝေးပါသေးသည်။ ခြေသာလျှင် ယာဉ်အဖြစ်ရှိနေရသော အနေအထား၌ စေတနာနှင့် ယုံကြည်ချက်တို့က ဝီရိယနှင့် ဇွဲကိုဖြစ်ပေါ်စေတတ်ကြောင်း ပြောကြားလိုပါသည်။

၀၀၀



မိတ္ထီလာမြို့နယ်တွင် ရေရရှိရေး ရေကန်များတူးဖော်ပေးထားစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်း ချောင်းများရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ပေးထားသည်ကို ဤသို့တွေ့ရသည်။

# အထပ်မြင့်တိုက်ခန်းများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများ

(ပါမောက္ခဒေါက်တာထင်ဇော်စိုး)

အညာနွေကား ပူပြင်းလှသည်။ မြန်မာနိုင်ငံ၏ မြို့ကြီးများ၏ ဧပြီလ နေ့အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ် ဝန်းကျင်နှင့်အထက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားသည်။ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကလည်း ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ရာသီဥတု ပူပြင်းမှုအန္တရာယ်ကို သတိပေးဖော်ပြထားသည်။ ရာသီပူပြင်းလာသည်နှင့်အမျှ မီးဘေးအန္တရာယ်လည်း မြင့်မားလာနိုင်သည်။ ဧပြီ ၂ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြင်သာရပ်၊ သစ္စာလမ်းနှင့် (၂၉)လမ်းထောင့်ရှိ ရွှေမြတ်မင်းသမီး ကာရာအိုကေ အဆင့်မြင့်အအေးခန်းစားသောက်ဆိုင်(နှစ်ထပ်အဆောက်အအုံ)တွင် မီးလောင်မှုတစ်ရပ်ဖြစ်ပွားပြီး အမျိုးသား၊ အမျိုးသမီး ၁၅ ဦး အချိန်တိုအတွင်း သေဆုံးကြောင်း နောက်တစ်နေ့တွင် ထုတ်ဝေသော သတင်းစာများတွင် ဖတ်လိုက်ရသည်။ ဖေ့စ်ဘုတ်စာမျက်နှာများတွင်လည်း မီးလောင်ကျွမ်းပြီး ရုပ်အလောင်းများကို မြင်မကောင်းအောင် ထိတ်လန့်စွာ တွေ့ရသည်။ ဤသို့ မီးလောင်မှုမျိုး ထပ်မံမဖြစ်ပွားရေး ပညာပေးဆောင်းပါးတစ်စောင်ရေးရန် အလို့ငှာ စာရေးသူသည် ဧပြီ ၇ ရက်တွင် မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ သွားရောက်ကာ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်စိုးတို့နှင့် တွေ့ဆုံ၍ ဖြစ်စဉ်ကို မေးမြန်းခဲ့ပါသည်။

မီးလောင်မှုဖြစ်စဉ်တွင် ကာရာအိုကေဆိုင်ဖြစ်သော်လည်း ရိုးရိုးအိမ်သုံးမီတာကို သုံးစွဲထားကြောင်း တွေ့ရှိရပြီး လေအေးပေးစက် ငါးလုံး၊ ပန်ကာများ၊ ရေခဲသေတ္တာနှင့် တေးဂီတလျှပ်စစ်ပိုင်း ဆိုင်ရာပစ္စည်းများကို တစ်ပြိုင်တည်း သုံးစွဲခြင်းကြောင့် လျှပ်စစ်မီးမနိုင်ဖြစ်ခြင်း (Overload)ဖြစ်ကာ မိန်းခလုတ် အပူချိန်မြင့်တက်လာရာမှ ဝါယာရှော့ဖြစ်ပြီး မီးစတင်လောင်ကျွမ်းကြောင်း သိရပါသည်။ ဝါယာများသည် ကာရာအိုကေအခန်း သုံးထပ်သားနံရံများအကြား အသံလုံရေမြှုပ်များ (Soundproofing form)အကြားတွင် ရှိနေသောကြောင့် ယင်းရေမြှုပ်လောင်စာသို့ မီးကူးစက်ပြီး ထပ်ဆင့်လောင်ကျွမ်းကာ မီးလောင်မှုအား မြင့်တက်ခဲ့သည်။ အခန်းတွင်းရှိ ပြတင်းပေါက်များကို သုံးထပ်သားဖြင့် အသေပိတ်ထားပြီး အခန်းတစ်ခန်းစီတွင် ထွက်ပေါက်တစ်ခုစီသာ ရှိသည်။ မီးလောင်မှုကြောင့် ထွက်ရှိလာသော ဓာတ်ငွေ့များကြောင့် အခန်းတွင်းရှိလူများ အသက်ရှူကျပ်ကာ သတိမေ့မြောပြီး အခန်းပြင်ပသို့ အချိန်မီ မထွက်နိုင်၍ မီးတောက်မီးဖြင့် လောင်ကျွမ်းသေဆုံးခဲ့ရသည်။ မီးလောင်သော အဆောက်အအုံကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ကြိုးပမ်းမှုကြောင့် နာရီဝက်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့ပြီးအနီးရှိ လူနေအိမ်များကို မီးမကူးစက်စေရန် ထိရောက်စွာ ကာကွယ်နိုင်ခဲ့သည်။

ဤနေရာတွင် မီးလောင်မှုအကြောင်းကို အနည်းငယ်ရှင်းပြလိုသည်။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်ကြောင်းအားလုံး သိရှိပြီးဖြစ်သည်။ မီးကို လွန်ခဲ့သော နှစ်ပေါင်း ၁ ဒသမ ၆ သန်းခန့်က ကျောက်ခေတ်တွင် စတင်တွေ့ရှိပြီး လူသားတို့ ကောင်းကျိုးအတွက် အသုံးပြုနိုင်ခဲ့သလို မီးကြောင့် လူ့အသက်ပေါင်းများစွာ သေကျေခဲ့ကြသည်။ မီးလောင်မှုတစ်ခုဖြစ်ရန် အချက်သုံးချက်(Triangle of Fire)လိုအပ်သည်။ အပူ(Heat)၊ အောက်ဆီဂျင်(Oxygen)နှင့် လောင်စာ(Fuel) တို့ ဖြစ်သည်။ ထို သုံးခုအနက် တစ်ခုခုကို ဖြတ်တောက်နိုင်မှသာ မီးငြိမ်းမည်။ မီး၏အပူချိန်နှင့် စပ်လျဉ်း၍ ရေဆူအမှတ်မှာ ၁၀၀ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး မီးထွန်းထားသော ဖယောင်းတိုင်တစ်တိုင်၏ အပြင်ဘက်ဆုံးအနားသတ် အပူချိန်မှာ ၁၄၀၀ ဒီဂရီစင်တီဂရိတ်ရှိသဖြင့် မီးလောင်မှု ဖြစ်စဉ် မီးတောက်၏အပူချိန်ကို ခန့်မှန်းနိုင်သည်။ လောင်စာအနေအထားနှင့် မီးငြိမ်းသတ်မှုပုံစံကိုလိုက်၍ မီးလောင်မှုအမျိုးအစားကို European Standard Classification of Fire အရ အောက်ပါအတိုင်း ခြောက်မျိုးခွဲခြားထားသည်။

(၁) သာမန်လောင်စာမီး (ဥပမာ- သစ်သား၊ အဝတ်၊ ပလတ်စတစ်မီး)
(၂) မီးလောင်လွယ်အရည်မီး (ဥပမာ- ရေနံဆီ၊ ဓာတ်ဆီ၊ အရက်ပြန်မီး)
(၃) မီးလောင်လွယ်အငွေ့မီး (ဥပမာ- ဗျူတိန်း၊ ပရိုပိန်း ဓာတ်ငွေ့မီး)
(၄) သတ္တုမီး (ဥပမာ- ဆိုဒီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်မီး)
(၅) လျှပ်စစ်မီး (ဥပမာ- ဝါယာရှော့မီး၊ မိန်းခလုတ်ခုံမီး)
(၆) အကြော်ဆီမီး (ဥပမာ- စားသုံးဆီ၊ ထောပတ်ဆီမီး)

မီးလောင်မှုတိုင်းကို ရေဖြင့် ဖျန်းပက်၍ ငြိမ်းလို့ မရနိုင်ပါ။ မီးလောင်မှုအမျိုးအစားကို လိုက်၍ သတ်မှတ်ထားသော မီးသတ်ပစ္စည်းပါဆေးဘူး(Fire Extinguisher)များဖြင့် မီးငြိမ်းရသည်။ (ဇယား ကြည့်ပါ)

ဖော်ပြပါ ကာရာအိုကေဆိုင်တွင် လူအများ အချိန်တိုအတွင်း မီးလောင်သေဆုံးရခြင်းမှာ မီးလောင်မှုကြောင့် ထွက်ရှိလာသော ကာဗွန်မိုနောက်ဆိုက်(Carbon Monoxide) ဓာတ်ငွေ့သည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်ကာ သွေးအတွင်းရှိ သွေးနီဥမှ ဟီမိုဂလိုဘင်(Haemoglobin)နှင့် ပေါင်းစပ်ပြီး ကာဘောက်ဆီဟီမိုဂလိုဘင် (Carboxyhaemoglobin) ဖြစ်ကာ သွေးအတွင်း အောက်ဆီဂျင်ဓာတ် မသယ်နိုင်တော့ပါ။ တစ်ချိန်တည်းတွင် ရေမြှုပ်(Foam)များရှိ ပေါ်လီယူရီသိန်း (Polyurethane) ဓာတ်ပစ္စည်း၏ မီးလောင်မှုကြောင့် ထွက်ရှိလာသော ဟိုက်ဒရိုဂျင်ဆိုင်ရာနိုက် (Hydrogen Cyanide) ဓာတ်ငွေ့သည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်ပြီး ခန္ဓာကိုယ်ဆဲလ်(Cell)များရှိ အသက်ရှူခြင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်ပေးသည့် မိုက်တိုကွန်ဒရီးယားများ(Mitochondria)၏ အင်ဇိုင်း(Enzyme) စနစ်ကို ပိတ်ဆို့ဟန့်တားလေသည်။ သွေးအတွင်း အောက်ဆီဂျင်မသယ်နိုင်ခြင်း၊ ဆဲလ်ပိုင်းဆိုင်ရာ အသက်ရှူရပ်တန့်ခြင်း၊ မီးလောင်မှုကြောင့် ပြင်ပလေတွင် အောက်ဆီဂျင်လျော့နည်းခြင်းတို့ ပေါင်းဆုံကာ မီးလောင်ရာအခန်းတွင်းရှိ လူများအသက်ရှူကျပ်၊ သတိမေ့မြောပြီး နောက်ဆုံးမီးတောက်၏ လောင်ကျွမ်းမှုကိုခံခဲ့ရ၍ အချိန်တိုအတွင်း အသက်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုဖြစ်စဉ်တွင် " မီးနှင့်လူ အပြိုင်အဆိုင် အောက်ဆီဂျင်ကို လုကြလေသည်" ဟု တင်စားသုံးနှုန်းလေ့ရှိသည်။

**မီးလောင်မှုအမျိုးအစားပါ လောင်စာအလိုက် အသုံးပြုရမည့် မီးသတ်ပစ္စည်းများ ပုံစံပြဇယား**

| မီးသတ်ပစ္စည်းများ | မီးလောင်မှုအမျိုးအစားအလိုက်ပါ လောင်စာများ | | | | | |
|---|---|---|---|---|---|---|
| | သစ်သား/ အဝတ် | ရေနံဆီ/ ဓာတ်ဆီ | ဗျူတိန်း/ ပရိုပိန်း | မဂ္ဂနီဆီယမ် | လျှပ်စစ်ပစ္စည်းများ/ ကွန်ပျူတာ | အကြော်ဆီ |
| ရေ (Water) | ✔ | | | | | |
| ရေမြှုပ် (Foam) | ✔ | ✔ | | | | |
| ပေါင်ဒါအခြောက် (Dry Powder) | ✔ | ✔ | ✔ | | ✔ | |
| အထူးပေါင်ဒါအခြောက် (Dry special powder) | | | | ✔ | | |
| ကာဗွန်ဒိုင်အောက်ဆိုဒ် (Carbon Dioxide) | | ✔ | | | ✔ | |
| ဓာတုပစ္စည်းအစို (Wat chemicals) | ✔ | | | | | ✔ |

**မှတ်ချက်။ အမှတ်အသားမှာ လောင်စာအလိုက် အသုံးပြုနိုင်သည့် မီးသတ်ပစ္စည်းဖြစ်သည်။**

ယခုအခါ မြို့ကြီးပြကြီးများတွင် ခေတ်မီလာသည်နှင့်အမျှ အထပ်မြင့်တိုက်ခန်းများ၊ ကွန်ဒိုမီနီယမ်များ ဆောက်လုပ်လာကြသည်ကို တွေ့ရသည်။ ထိုအဆောက်အအုံများတွင် ဝါယာရှော့မီး (Short circuit fire)၊ မီးဖိုချောင်မီး(Kitchen fire) ဖြစ်ပွားတတ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်ပါက ဆောက်ရွက်ရမည့် နည်းလမ်းများကို အောက်တွင် ဖော်ပြပါသည်။

**မီးမလောင်ခင် ဆောင်ရွက်ရမည့် နည်းလမ်းများ**

(၁) အထပ်မြင့်တိုက်ခန်းများ ဆောက်လုပ်မည်ဆိုပါက သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဌာနများနှင့် ဆက်သွယ်၍ အကြံဉာဏ်ရယူခြင်း၊ ထောက်ခံချက်ရယူခြင်းများ ဆောင်ရွက်ရန်
(၂) ဖြစ်နိုင်ပါက အခန်းတိုင်းတွင် ထွက်ပေါက်နှစ်ခု ထားရှိရန်၊ ထွက်ပေါက် တစ်ခုသာရှိပါက ပြတင်းပေါက်ထားရှိရန်၊ ပြတင်းပေါက်ကို သံပန်းဖြင့် အသေမတက်ဆင်ပဲ ဖွင့်လွယ်၊ ပိတ်လွယ်သည့် သံပန်းပြူတင်းပေါက်တံခါးအဖြစ် တပ်ဆင်ပြီး သော့ခလောက် သော့တံကို သတ်မှတ်နေရာတွင် ထားရှိရန်၊ အိမ်သားများကို အသိပေးထားရန်
(၃) အရေးပေါ်ဆင်းသက်နိုင်မည့် လှေကား တစ်စင်း တပ်ဆင်ထားရန်၊ လှေကား၏ ကြံ့ခိုင်ရေးကို တစ်နှစ်တစ်ကြိမ် အနည်းဆုံး စစ်ဆေးထိန်းသိမ်းရန်
(၄) အရေးပေါ် ဆင်းသက်နိုင်ရေး အသုံးပြုရန် ခိုင်ခံ့သော နိုင်လွန်ကြိုးရှည်တစ်ချောင်း အသင့်ဆောင်ထားရန်၊ ကြိုးအရှည်မှာ တိုက်အခန်းမှ အောက်ခြေမြေပြင်အထိ အရှည်ရှိရမည်။
(၅) လျှပ်စစ်မီးအား မြင့်တက်ပါက အလိုအလျောက် မီးဖြတ်သော ကိရိယာ(Automatic Circuit Breaker) များ တပ်ဆင်ထားရန်
(၆) မီးလောင်လျှင် အလွယ်တကူသိရှိရန် မီးလန့်အချက်ပေးနစ် (Fire Alarm System)ထားရှိရန်
(၇) မီးသတ်ဆေးဘူးများ အလုံအလောက်ထားရှိပြီး မီးသတ်ဆေးဘူး အသုံးပြုမှု လေ့လာထားရန်နှင့် လက်တွေ့လေ့ကျင့်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန်
(၈) မီးအားမြင့်စက်ထားရှိပါက စက်၏ ကြံ့ခိုင်မှုကို စစ်ဆေးရန်နှင့် သတိထားအသုံးပြုရန်
(၉) လျှပ်စစ်မီးအားကို ခံနိုင်သည့် ဝန်ထက် ပိုမသုံးရန်
(၁၀)လျှပ်စစ်မီးဖို၊ ဂက်စ်မီးဖိုများကို သတိဖြင့် ကိုင်တွယ်သုံးစွဲရန်
(၁၁)ညမအိပ်မီ၊ အိမ်ပြင်ပသို့ မထွက်မီ လျှပ်စစ်မီးခလုတ်များ၊ မီးကြွင်းမီးကျန်များကို စစ်ဆေးပြီး သေချာမှ အိပ်ပါ၊ ထွက်ပါ။

**မီးလောင်လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများ**

(၁) မီးလောင်လျှင် စိုးရိမ်စိတ် မကြီးပါနှင့်။
(၂) မီးသတ်ဦးစီးဌာနသို့ ဖုန်းဖြင့် ချက်ခြင်း အကြောင်းကြားပါ။
(၃) အခန်းအတွင်းမှ ပြင်ပသို့ ထွက်လျှင် အခန်းတံခါးနံရံနှင့် တံခါးလက်ကိုင်ကို အတွင်းမှ မိမိ လက်ဖမိုးဖြင့် မီးအပူချိန် ရှိ၊ မရှိ စမ်းသပ်ပါ။ မီးအပူချိန်မရှိလျှင် ဖြည်းညင်းစွာဖွင့်၍ လှေကားမှ တစ်ဆင့်အောက်သို့ဆင်းပါ၊ မီးလောင်စဉ် ဓာတ်လှေကားကို အသုံးမပြုရ၊ ခေါင်မိုးဘက်ဆီသို့ တက်မပြေးရ၊ မီးသည် အထက်ဖက်သို့ လောင်ကျွမ်းကြောင်း သတိပြုပါ။
(၄) အခန်းတံခါးနံရံသည် မီးအပူချိန်ရှိနေလျှင် တံခါးကို မဖွင့်ရ၊ ပြင်ပမှ မီးခိုးများ အခန်းအတွင်းသို့ ဝင်ရောက်မှုမရှိစေရန် တံခါးအောက်ခြေနှင့် ကြမ်းပြင်ကြားကို စောင်များ၊ အဝတ်များဖြင့် ပိတ်ဆို့ပါ။ အခန်းပြတင်းပေါက်ကို ဖွင့်၍ ပြင်ပသို့ အကူအညီတောင်းပါ။ ကယ်ဆယ်သူများ အလွယ်တကူ သိရှိစေရန် အရောင်ဖျော့သောအဝတ် (ဥပမာ- အဖြူရောင်)ဖြင့် အချက်ပြပါ။
(၅) မီးသတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်သူများအလာကို စောင့်ပါ (သို့မဟုတ်) ယုံကြည်မှုရှိလျှင် အသင့်ဆောင်ထားသော နိုင်လွန်ကြိုးရှည်ကို အခန်းတစ်နေရာတွင် ခိုင်ခံ့အောင် ချည်နှောင်ပြီး ပြတင်းပေါက်မှတစ်ဆင့် ကြိုးအကူအညီဖြင့် အောက်ခြေမြေပြင်သို့ သတိထား၍ ဖြည်းညင်းစွာ ဆင်းသက်ပါ။
(၆) ထွက်ပေါက်နှင့် ပြေးလမ်းတွင် မီးတောက်များဖြင့် ပိတ်ဆို့မှု မရှိလျှင်၊ အခန်းအတွင်းသို့ မီးခိုးများလည်း ဝင်လာပြီဆိုလျှင် ခန္ဓာကိုယ်ကို နှိမ့်၍လည်းကောင်း၊ ကြမ်းပြင်တွင် တွားသွား၍လည်းကောင်း လှုပ်ရှားပြီး

အချပ်ပို ခ သို့

# ပီပီသသ ပြောကြစေချင်

**သရက်တန်းစိုးရွှေ(စိတ်ပညာ)**

ခေတ်မီခြင်းဆိုသော စကားနောက်တွင် ခေတ်လွန်သွားသည်လား ခေတ်ကိုကျွံသွားသည်လား မဝေခွဲတတ်သော အဖြစ်အပျက်တို့နေ့စဉ် ကြုံတွေ့နေမြဲပင်ဖြစ်သည်။ နေ့စဉ်ပြောဆိုသုံးနှုန်း လှုပ်ရှားမှုများအတွင်း ပြောင်းလဲခြင်းများစွာကို မြင်တွေ့နေရပေသည်။ ထိုပြောင်းလဲခြင်းများတွင် အကောင်းဟူသော စကားကိုရှေ့မှတင်ကာ ကောင်းသော ပြောင်းလဲခြင်းများဖြင့်သာ ပြောင်းလဲစေချင်လှပေသည်။ လက်ရှိကာလ ခေတ်လွန် အပြုအမူများတွင် မြန်မာစကားကို မြန်မာနားမလည်အောင်သုံးနှုန်းခြင်းများဖြင့် စတိုင်ထုတ်နေသူများကို မြင်သမျှ စိတ်ပျက်ဖွယ်ပင်ဖြစ် နေတော့သည်။ မြန်မာစကားမြန်မာပြည်တွင်းမှ လူများအားလုံးနားလည်ရေး ပီပီသသလေးပြောစေချင်လှပေသည်။

ရိုးရိုးကလေးပြုခြင်းများကပင် တစ်ခါတစ်ခါ အဆန်းဆုံး၊ အသုံးအဝင်ဆုံးသော လူမှုဆက်ဆံရေးဖြစ်နေ တတ်ပေသည်။ စကားဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်ကာ လေးစားမှုများစွာဖြင့် ပြောဆိုဆက်ဆံရေး ကြားခံဘာသာစကားလေးဟုပင် ယူဆနိုင်ပေသည်။ လက်ရှိကာလတွင် ကွီးဆိုသော စကားမှအစ ညလေး အဆုံးအားလုံးက အမြင်ကတ်ဖွယ်ဖြစ်နေပေသည်။ မြန်မာစကားမြန်မာဖျက် ခေတ်လွန်တတ်နေခြင်းကိုက စိုးရိမ်ဖွယ်ပင်ဖြစ်နေပေသည်။ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေး အတွေးများမဝင်ကြလေသလား။ မိမိစာ မိမိစကား အလေးထားလို စိတ်ကလေး မရှိကြလေသလားဟုပင်တွေးလိုက်မိပေသည်။

ခေတ်လွန်သူများကို မေးခွန်းတစ်ခုမေးလိုက်ချင်ပေသည်။ ကွီးပြောမှခေတ်မီပါမည်လား။ ညလေးပြောမှ နားဝင်ပါမည်လားဟုပင် မေးလိုက်ချင်ပေသည်။ ရိုးရိုးကလေးနှင့် တည်တည်တံ့တံ့ပြောသမျှ ဆက်ဆံမှုက ပြေလည်နေမည်ဖြစ်သည်။ စကားလုံးတိုင်းစေတနာထားသမျှ လူလေးစားမှုက ပိုလာမည်ဖြစ်ပေသည်။မြန်မာပြည်တွင် နေထိုင်ကာ မြန်မာလို ပီပီသသဖြင့် စိတ်ပါလက်ပါ မင်္ဂလာပါလို့ ပြောဆိုကြည့်သမျှ မည်မျှအားပါနေမည်ကို ကိုယ်တိုင်ပြောကြည့်လျှင် သိရှိနိုင်မည်ဖြစ်ပေသည်။

နှုတ်ဆက်မှု အစတွင် မင်္ဂလာပါဟု ချိုသာစွာသုံးသမျှ တစ်ဖက်လူမှာ ပြုံးနေပြီးတလေးတစား နားထောင်နေတတ်မြဲပင်ဖြစ်သည်။ ထိုနေရာတွင် ကွီး. . ညလေးများသုံးသမျှ မည်သို့ဖြစ်သွားမည်ကို မတွေးရဲတော့ပေ။ ကိုယ့်နိုင်ငံ ကိုယ့်စာပေ ကိုယ့်ဘာသာစကားကို ကိုယ်တိုင်မြှင့်တင်မှ ရရှိမည်ဖြစ်ပေသည်။ ဘာမှမစွမ်းဆောင်နိုင်သည်ထားဦး မိမိဘာသာစကားကို ယဉ်ကျေးစွာသုံးစွဲပြောဆိုခြင်းဖြင့် မိမိနိုင်ငံဂုဏ်တက်အောင် စွမ်းဆောင်ပြီးဖြစ်နေပေလိမ့်မည်။ ခေတ်လွန်ကာ ခေတ်ကျွံသော စကားများကိုသုံးကာ အဆန်းထွင်နေမည့်အစား မိမိဘာသာစကားကို လေးလေးနက်နက် စေတနာပါပါ ပြောဆိုသုံးနှုန်းခြင်းဖြင့် မိမိဂုဏ်သိက္ခာမြင့်တက်အောင် ပြုလုပ်နိုင်ပေသည်။

ယဉ်ကျေးစွာ ပြောဆိုလိုက်စမ်းပါ။ ရိုးသားစွာဆက်ဆံလိုက်စမ်းပါ။လေးစားစွာ ပြောဆိုလိုက်စမ်းပါ။ အရိုးသားဆုံးသော စကားလုံးကို စေတနာများစွာ ထည့်ပြောခြင်းဖြင့် လေးနက်အောင်ပြုလုပ်လိုက်စမ်းပါ။ အစ်ကိုကြီး အစ်မကြီး ဦးလေးမှအစ ရိုရိုသေသေ သုံးနှုန်းကာ ပြောဆိုလိုက်စမ်းပါ။အနေအထိုင်အပြောအဆိုတိုင်းက ကိုယ့်ရဲ့ ပုံရိပ်ကိုထင်ဟပ်စေသည်မို့ ခေတ်လွန်သောစကားများကို အသုံးပြုခြင်းရှောင်ရှားကာ မြန်မာစကားမြန်မာများ နားလည် အလေးထားအောင် လေးလေးစားစားပြောဆိုသင့်လှပါပေသည်။ ။

❖

အချပ်ပို စာမျက်နှာ က မှ

အခန်းအတွင်းမှ ပြင်ပသို့ အမြန်ထွက်ပါ(မြင့်သည့်အပိုင်းတွင် ဓာတ်ငွေ့များရှိပြီး ကြမ်းပြင်နှင့်နီးသောအပိုင်းတွင် အောက်ဆီဂျင်ရှိသော လေအလွှာရှိသောကြောင့်ဖြစ်သည်) ဖြစ်နိုင်လျှင် ရေစွတ်ထားသော လက်ကိုင်ပဝါ၊ စွပ်ကျယ်တစ်ခုခုဖြင့် နှာခေါင်းနှင့်ပါးစပ်ကို ပိတ်ကာ မီးခိုးများ အသက်ရှူလမ်းကြောင်းအတွင်း ဝင်ရောက်မှုကို ဟန့်တား၍ အခန်းအတွင်းမှ အမြန်ဆုံးထွက်ပါ။

(၇) ခန္ဓာကိုယ်ပေါ်ရှိ အင်္ကျီ၊ အဝတ်အစား မီးစွဲလောင်ပါက မပြေးပါနှင့်၊ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ်သို့ လှဲချပြီး လိမ့်ပါ၊ အဝတ်၊ စောင်ထူရှိပါက မီးလောင်နေရာကို ရစ်ပတ်ပြီး မီးငြိမ်းပါ။

(၈) အခန်းပြင်ပ ဘေးလွတ်ရာသို့ ရောက်ရှိပြီးနောက် မေ့ကျန်ပစ္စည်းကို ပြန်ဝင်ယူရန် မကြိုးစားပါနှင့်(မီးလောင်ပါက အဖိုးတန်ပစ္စည်း၊ စာရွက်စာတမ်းကို မိမိနှင့်တစ်ပါတည်း ယူဆောင်နိုင်ရန် အစကတည်းက ကြိုတင်ပြင်ဆင်ထားရန်လိုမည်)။

(၉) ဖော်ပြပါ နည်းလမ်းအတိုင်း သက်ကြီးရွယ်အို၊ ကလေးနှင့်မသန်မစွမ်းသူများရှိပါက မီးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပါ။

**မီးလောင်ပြီး ဆောင်ရွက်ရန်**

(၁) မီးလောင်ပြီး နေအိမ်တိုက်ခန်းသို့ သက်ဆိုင်ရာ ခွင့်ပြုချက်မရရှိဘဲ မသွားရ၊ အဆောက်အအုံ၏ အစိတ်အပိုင်းတချို့ ပြိုကျနိုင်ကြောင်း သတိပြုပါ။

(၂) လိုအပ်ပါက စိတ်သက်သာမှု ရရှိရန် စိတ်ကျန်းမာရေးပါရဂူနှင့် တိုင်ပင်ပါ။

အသက်ဉာဏ်စောင့်၊ ဥစ္စာကံစောင့် ဆိုသလို မီးမလောင်ခင် ကြိုတင်ပြင်ထားကြရန်၊ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ သတ္တဝါအားလုံး မီးဘေးအန္တရာယ်မှ ကင်းဝေးကြပါစေ။

❖

## အပူဒဏ်ကြောင့် ကျန်းမာရေး ပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားတတ်ပါသည်။ ပြည်သူ လူထုအနေဖြင့် အပူဒဏ်ကြောင့်ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာ များတွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-

(၁) အရိပ်ရ၍အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။

(၂) ရေနှင့်ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။

(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြား နှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲတိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ် တွင် အပူချိန်အမြန်ကျစေပါသည်။)

**နီးစပ်ရာဆေးရုံ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး ပို့ပေးပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရန်ကုန်မြို့ရှိ အိမ်ခြံမြေဈေးကွက် ၂၀၁၇ ခုနှစ်အတွက် ကောင်းမွန်လာမည့်နှစ်တစ်နှစ်ဟုဆို

**ရန်ကုန် မေ ၁၉**

ရန်ကုန်မြို့ရှိ အိမ်ခြံမြေ အရောင်း၊ အဝယ်၊ အငှားဈေးကွက် အေးစက်လျက်ရှိသော်လည်း ယခုနှစ်အတွင်း ဖြစ်ပေါ်လာမည့် အပြောင်းအလဲများကြောင့် အိမ်ခြံမြေဈေးကွက် ကောင်းမွန်လာမည့် နှစ်တစ်နှစ်ဟုယူဆရကြောင်းဝါရင့် အိမ်ခြံမြေလုပ်ငန်းရှင်များထံမှ သိရသည်။

ပြည်သူများမျှော်လင့်နေကြသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကွန်ဒိုဥပဒေမှာ ယခုနှစ်အတွင်း ထွက်ပေါ်လာမည်ဟု ယူဆရပြီး နိုင်ငံရေးအပြောင်းအလဲပေါ် မူတည်လျက်ရှိကာ နိုင်ငံအရွေ့ကောင်းမည်ဆိုလျှင် အိမ်ခြံမြေဈေးကွက် မုချဧကန်ကောင်းလာနိုင်စရာ အကြောင်း ရှိကြောင်းဝါရင့် အိမ်ခြံမြေလုပ်ငန်းရှင်များက ဆိုထားကြသည်။

ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုင်းခွန်နောင်က "အိမ်ခြံမြေနဲ့ ပတ်သက်ရင်လူအများ စိတ်ဝင်စားတဲ့ စီးပွားရေးလုပ်ငန်းတခုဆိုတော့ ကျွန်တော်တို့နိုင်ငံမှာလည်း အိမ်ခြံမြေနဲ့ပတ်သက်တဲ့ ဟောပြောပွဲတွေပြုလုပ်သင့်ပါတယ်။ အိမ်ခြံမြေအတွေ့အကြုံရှိသူများ၊ ပညာရှင်များက ဟောပြောဆွေးနွေးတဲ့ အတွက်ကြောင့် လာရောက်နားထောင်တဲ့ သူတွေအတွက် များစွာအကျိုးရှိစေမှာဖြစ်ပါတယ်။ အိမ်ခြံမြေကဏ္ဍကတော့ ဈေးကျလည်းခဏတာပါဘဲ။ သမိုင်းတလျှောက်ကြည့်မယ်ဆိုရင် ဈေးနှုန်းမကျတဲ့ အချိန်မရှိခဲ့တာမဟုတ်ပါဘူး။ ဈေးနှုန်းကျဆင်းခဲ့သလို ဈေးနှုန်းအေးခဲ့တာလည်း ရှိပါတယ်။ ဒါပေမယ့်ဈေးနှုန်းမမီလောက်အောင် ပြန်တက်တာတွေကိုသမိုင်းတစ်လျှောက်ပြန်ကြည့် မယ်ဆိုရင်တော့ ထင်ထင်ရှားရှားမြင်နိုင်ပါတယ်။ ခုလည်းဈေးနှုန်းအေးစက်နေတယ်။ ဈေးနှုန်းကျဆင်းနေတယ်။ အိမ်ခြံမြေဈေးကွက်ကတော့ နိုင်ငံရဲ့ အရွေ့အပြောင်း၊ ရောင်းလိုအားဝယ်လိုအား၊ အခြားအကြောင်းအရာများအပါအဝင် သူ့ရေစီးကြောင်းနဲ့သူမူတည်နေတာပါ။ ဒါကြောင့် အိမ်ခြံမြေဈေးကိုရေရှည်ကျဆင်းမယ်ဆိုပြီး အမှတ်မှားပြီးကြောက်လန့်ပြီး မဝယ်ဘဲမနေကြပါနဲ့လို့ ဖြည့်စွက်ပြောချင်ပါတယ်။ နိုင်ငံတကာမှာဆိုလည်း ဈေးနှုန်းကျဆင်းလည်းခဏပါဘဲ၊ မြန်မာနိုင်ငံရဲ့ အိမ်ခြံမြေဈေးကွက်ကလည်း ကျတလှည့် တက်တလှည့်ပါ။ နိုင်ငံတကာမှာလည်း အိမ်ခြံမြေဈေးနှုန်း တည်ငြိမ်နေတယ်ဆိုပေမယ့် ကျွန်တော်တို့ နိုင်ငံလို တခါတည်းဈေးနှုန်းမတက်ပေမယ် Percentage အလိုက်တက်ပြီး ဈေးနှုန်းအေးတဲ့ ချိန်ကျရင်လည်းအေးသွားတာပါဘဲ။ မည်သည့်ကုန်ပစ္စည်းမဆိုဈေးကွက်တစ်ခုရဲ့ ရေစီးကြောင်းဘဲ အေးလိုက်ပြန်တက်လိုက်ဖြစ်နေအုံးမှာပါဘဲ" ဟု ရှင်းပြသည်။

အိမ်ခြံမြေအရောင်း၊ အဝယ်၊ အငှားအခွန်နှုန်းထားများမှာလတ်တလောအခြေအနေအရ ပြောင်းလဲမှုမရှိသေးဟုကြားသိရကြောင်း၊အရောင်းအဝယ် ငွေကျပ်သိန်းတစ်ထောင်အထက်ဆိုလျှင် အခွန် ၃၀ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်း လေးရာခိုင်နှုန်းနှုန်းထားဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံလျက်ရှိကြောင်း၊ ပြည်တွင်းအိမ်ခြံမြေဈေးကွက်တဖြည်းဖြည်းပြောင်းလဲတိုးတက်လာလျှင် အခြားရင်းနှီးမြှုပ်နှံမှုများထွက်ပေါ်လာနိုင်ပြီးအိမ်ခြံမြေအမှန်တကယ်လိုအပ်သည့် ပြည်သူများလက်ဝယ်ရရှိပါက အိမ်ခြံမြေဈေးကွက်တည်ငြိမ်လာနိုင်စရာအကြောင်းရှိကြောင်း ဝါရင့်အိမ်ခြံမြေလုပ်ငန်းရှင်များထံမှသိရ သည်။

ထို့အပြင် အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေမှာ နိုင်ငံတော်နှင့် အများပြည်သူအတွက်အမှန်တကယ်လိုအပ်လျက်ရှိပြီး ထိုဥပဒေထွက်ပေါ်လာပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းလုပ်ငန်းများပါ ပိုမိုခိုင်မာအောင်မြင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှသိရသည်။

**စိုးဝင်း-MLA**

## ပြည်ထောင်စုအရေး ညီအောင်တွေး
## မနှေးဆောင်ရွက် ပြည်သူ့အတွက်



# တေးသီချင်းသစ် “Despacito”ကို ပထမဆုံးအကြိမ် ဖျော်ဖြေခဲ့တဲ့ ဂျက်စတင်ဘီဘာ

ပေါ့ပ်အဆိုတော်ဂျက်စတင်ဘီဘာက ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တေးဂီတဝက်ဘ်ဆိုက်ဒ်တွေမှာ ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တဲ့ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့“ Despacito”ကို ပြီးခဲ့တဲ့ ဧပြီ ၁၅ရက်က ပထမဆုံးအကြိမ် ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

“ Despacito ”တေးသီချင်းမှာ အခြားသောတေးသံရှင်တွေဖြစ်ကြတဲ့ လူးအစ်ဖွန်စိုင်းနဲ့ ဒက်ဒီယန်ကီတို့ကလည်း အတူတွဲဖက်ဆိုထားတာဖြစ်ပြီး ပြီးခဲ့တဲ့ စနေနေ့ညပိုင်းမှာ ပြုလုပ်ခဲ့တဲ့ ပေါ်တိုရီကိုက ဖျော်ဖြေပွဲမှာတော့ ဂျက်စတင်ဘီဘာနဲ့အတူ လူးအစ်က အားဖြည့်သီဆိုပေးခဲ့တာဖြစ်ပါတယ်။ ဒီဖျော်ဖြေမှုဟာ “Despacito”ကို စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ပထမဆုံးသော ဖျော်ဖြေမှုလည်းဖြစ်ကြောင်း သိရပါတယ်။

တေးသီချင်းဖျော်ဖြေမှုအပြီးမှာတော့ ဂျက်စတင်ဘီဘာက တေးသီချင်းသစ်ရဲ့ အောင်မြင်မှုအတွက် ပရိသတ်တွေကို ကျေးဇူးအထူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး တွဲဖက်သီဆိုပေးခဲ့တဲ့ လူးအစ်ကိုလည်း အားပေးကြဖို့ ပရိသတ်တွေကို တောင်းဆိုခဲ့ကြောင်းလည်း သိရပါတယ်။

## “Pirates of the Caribbean 5” အစမ်းရုပ်ရှင်မှာ တွေ့မြင်ခဲ့ရတဲ့ ကီရာနိုက်တလေ


ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့မင်းသမီးတစ်ဦးဖြစ်တဲ့ ကီရာနိုက်တလေဟာ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအကြောင်း ပုံဖော်ရိုက်ကူးထားတဲ့ “Pirates of the Caribbean ”ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်အတွက် ထုတ်လွှင့်ပြသခဲ့တဲ့ အစမ်းရုပ်ရှင်မှာ ပြန်လည်ပါဝင်လာတာကို တွေ့မြင်ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ “Pirates of the Caribbean ”ရုပ်ရှင်တွေရဲ့ ငါးကားမြောက်ရုပ်ရှင်ဖြစ်တဲ့ “Pirates of the Caribbean: Dead Men Tell No Tales”အတွက် အစမ်းရုပ်ရှင်ကို အွန်လိုင်းမီဒီယာပေါ်မှာ တွေ့မြင်ခဲ့ရာမှာတော့ ယင်းဇာတ်လမ်းတွဲရုပ်ရှင်မှာ အယ်လိဇဘတ်ဆွမ်းန် အဖြစ်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ကီရာနိုက်တလေပြန်လည်ပါဝင်လာတာကို တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။ နိုင်ငံတကာမှာရှိတဲ့ ပရိသတ်တွေအတွက် ရည်ရွယ်ကာ ထုတ်ဖော်ပြသခဲ့တဲ့ အစမ်းရုပ်ရှင်မှာ ကီရာနိုက်တလေပါဝင်သရုပ်ဆောင်ထားတာကိုတွေ့မြင်ခဲ့ရပေမယ့် လတ်တလောအချိန်အထိတော့ ကီရာအနေနဲ့ ရုပ်ရှင်သစ်မှာ ပြန်လည်ပါဝင်ထားကြောင်းအတည်ပြုပြောကြားခဲ့ခြင်းမရှိသေးကြောင်းလည်း သိရပါတယ်။

ကီရာနိုက်တလေဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်စုခန့်အကြာက ရုံတင်ပြသခဲ့တဲ့ “ Pirates of the Caribbean ”ရုပ်ရှင် “ Pirates of the Caribbean : At Worlds End”မှာ မင်းသမီးတစ်ပါးဖြစ်တဲ့ အယ်လိဇဘတ်ဆွမ်းန်းအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ရိုက်ကူးထားတဲ့ ရုပ်ရှင်တွေမှာတော့ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမရှိပါဘူး။ လတ်တလောမှာ အွန်လိုင်းပေါ်မှာ ပေါ်ထွက်လာခဲ့တဲ့ အစမ်းရုပ်ရှင်မှာ ကီရာနိုက်တလေကို တွေ့မြင်ခဲ့ရပြီးတဲ့နောက်မှာတော့ “Pirates of the Caribbean: Dead Men Tell No Tales”နဲ့ပတ်သက်တဲ့ မေးခွန်းတွေ ပြန်လည်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

ပင်လယ်ဓားပြတွေအကြောင်းပုံဖော်ထားတဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်တွေရဲ့ ငါးကားမြောက်ရုပ်ရှင်သစ်မှာ ကီရာနိုက်တလေပါဝင်သရုပ်ဆောင်ထားကြောင်း ကောလာဟလတွေဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းမှာကတည်းက စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ကီရာနိုက်တလေဟာ ရုပ်ရှင်ရဲ့ ပင်တိုင်ဇာတ်ဆောင်တွေဖြစ်ကြတဲ့ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ်ပါဝင်ထားတဲ့ မင်းသားကြီး ဂျွန်နီဒပ်၊ ဝေလ်တာနာအဖြစ်ပါဝင်ထားတဲ့ မင်းသားအော်လန်ဒိုဘလွန်းတို့နဲ့အတူ ရုပ်ရှင်သစ်အတွက် ရိုက်ကူးရေးတွေကို လျှို့ဝှက်ရိုက်ကူးခဲ့တာဖြစ်ကြောင်းလည်း သတင်းတွေပေါ်ထွက်ခဲ့ပါတယ်။

“Pirates of the Caribbean: Dead Men Tell No Tales”ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်းလာမယ့် မေ ၂၆ ရက်မှစတင်ပြီး ရုံတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။



## အမ်မာစတုန်းရဲ့ အော်စကာဆုအပေါ် စိတ်ပျက်နေတဲ့ ဂျနီဖာလောရန့်စ်

ယခုနှစ်အတွက် ရည်ရွယ်ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲကြီးမှာ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို သိမ်းပိုက်ရရှိခဲ့တဲ့ အမ်မာစတုန်းအပေါ် အော်စကာဆုရှင်တစ်ဦးဖြစ်တဲ့ ဟောလိဝုဒ် နာမည်ကျော်မင်းသမီး ဂျနီဖာလောရန့်စ်က မနာလိုမှုတွေရှိနေပြီး တစ်ချိန်တည်းမှာပဲ အမ်မာရဲ့အော်စကာဆုပိုင်ဆိုင်မှုကိုလည်း စိတ်ပျက်နေကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ကျင်းပပြီးစီးသွားခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွက် ဟောလိဝုဒ်ရဲ့ အထင်ရှားဆုံးသော အနုပညာဆုပေးပွဲလည်းဖြစ်အကယ်ဒမီပေးပွဲကြီးလို့လည်းဆိုနိုင်တဲ့ အော်စကာဆုပေးပွဲကြီးမှာတော့ မင်းသမီးအမ်မာစတုန်းဟာ တေးဂီတရုပ်ရှင်အမျိုးအစားဖြစ်တဲ့ “La La Land” ရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလို အမ်မာစတုန်းရဲ့ အော်စကာပိုင်ဆိုင်ခွင့်ရခဲ့ခြင်းအပေါ် မီဒီယာတွေနဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ အမ်မာစတုန်းကို လက်သစ် ဂျနီဖာလောရန့်စ်အဖြစ် ရေးသားဖော်ပြခဲ့ကာ ဂျနီဖာလောရန့်စ်အသစ်ရယ်လို့ တင်စားခဲ့တာကို ပြီးခဲ့တဲ့ ၂၀၁၃ခုနှစ်က “Silver Linings Playbook” ရုပ်ရှင်နဲ့ အော်စကာဆုရှင်ဖြစ်လာတဲ့ ဂျနီဖာလောရန့်စ်က မနှစ်သက်တာဖြစ်ကြောင်းလည်း သိရပါတယ်။



ဂျနီဖာလောရန့်စ်။



အမ်မာစတုန်း။

## ဆယ်ကျော်သက်ပရိသတ်တွေက အနာဂတ်ပါလို့ဆိုလာတဲ့ ဟယ်ရီစတိုင်

ဖျော်ဖြေပွဲတွေပြုလုပ်ရင်းက သူ့ကို အစဉ်တစိုက်အားပေးလာခဲ့တဲ့ ပရိသတ်အများစုဟာ ဆယ်ကျော်သက်အရွယ်မိန်းကလေးတွေဖြစ်နေတာကို တွေ့မြင်ခဲ့ရပြီးတဲ့နောက်မှာတော့ ပေါ့ပ်အဆိုတော်ဟယ်ရီစတိုင်က ယင်းပရိသတ်တွေကသာသူ့ရဲ့အနာဂတ်ပရိသတ်တွေဖြစ်လာမှာလို့ ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဟယ်ရီစတိုင်က ယနေ့အချိန်မှာ သူ့ကိုအားပေးနေခဲ့ကြတဲ့ ဆယ်နှစ်ကျော်အရွယ်ရှိပြီဖြစ်တဲ့ ပရိသတ်တွေဟာ သူရဲ့အနာဂတ်အနုပညာခရီးမှာ သူ့အတွက်ဆက်လက်ရှိနေကြဦးမယ့်ပရိသတ်တွေဖြစ်တဲ့အတွက် သူ့ရဲ့အနာဂတ်ပရိသတ်တွေရယ်လို့ ပြောကြားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

မကြာသေးမီက ဟယ်ရီရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “Sign of the Times”ကို ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် မကြာခင်မှာပဲ အွန်လိုင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ပရိသတ်တွေက တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ချီးကျူးသံတွေကို ရေးသားဖော်ပြခဲ့ကြတာကြောင့် တေးသီချင်းသစ်ဟာ ဟယ်ရီအတွက် ကြီးမားတဲ့အောင်မြင်မှုတွေကို ယူဆောင်ပေးနိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒီလိုအောင်မြင်ခဲ့ပြီးနောက်မှာတော့ ဟယ်ရီစတိုင်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို လာမယ့် မေ ၁၂ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းနဲ့ ပါဝင်မယ့်တေးသီချင်းတွေရဲ့အမည်ကို ပြီးခဲ့တဲ့ ဧပြီ ၁၃ရက်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာ တစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

တေးအယ်လ်ဘမ်သစ်မှာ ပါဝင်နေကြတဲ့ တေးသီချင်း ၁၀ ပုဒ်ကတော့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ “Sign of the Times”နဲ့ အခြားသောတေးသီချင်းတွေကတော့ “ Meet Me in the Hallway ”၊ “ Carolina ”၊ “ Two Ghosts ”၊ “ Sweet Creature ”၊ “ Only Angel ”၊ “ Kiwi ”၊ “ Ever Since New York ”၊ “ Woman ”နဲ့ “ From the Dining Table ”တို့ဖြစ်ကြကြောင်း သိရပါတယ်။

ဒ့ါအပြင် ဟယ်ရီရဲ့ပထမဆုံးသော တစ်ကိုယ်တော်ဖျော်ဖြေမှုအဖြစ် “ Sign of the Times ”တေးသီချင်းအတွက် ပထမဆုံးသော ရုပ်သံဖျော်ဖြေမှုကိုလည်း ပြီးခဲ့တဲ့ ဧပြီ ၁၅ ရက်မှာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ “Saturday Night Light”ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါတယ်။ ယင်းအစီအစဉ်မှာတော့ ဟယ်ရီက တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ အခြားသောတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “ Ever Since New York ”နဲ့လည်း ဖျော်ဖြေပေးခဲ့တယ်လို့လည်း သိရပါတယ်။



အေးပြည့် - ရေးသားသည်။

# ညောင်ရွှေမြို့နယ်ရှိ နှစ်ပေါင်း၁၂၀ကျော် လက်ရာမြောက် သစ်သားကျောင်းတော်ကြီး နိုင်ငံတကာခရီးသွားများလေ့လာ



**ညောင်ရွှေ ဧပြီ ၁၉**
ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု ရွာတော်ရွာ (ခ)ရွှေရန်ပြေရွာဦးတွင်ရှိသော လက်ရာမြောက်သစ်သားကျောင်းတော်ကြီးမှာ စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ ကျောင်းတော်ကြီးကို ရွှေရန်ပြေကျောင်းဟုခေါ်တွင်ပြီး နှစ်ပေါင်း ၁၂၀ ကျော် လက်ရာမြောက်ကျောင်းတော်ကြီးပင်ဖြစ်သည်။

ကျောင်းတော်ကြီး၏ မူလဒါယကာမှာ ၃၂ ဆက်မြောက် ညောင်ရွှေစော်ဘွားကြီးစောအုံ (၁၂၄၇-၁၂၅၉) နှင့် မဟာဒေဝီအမျိုးရှိသော နယ်သူနယ်သားများက ဆောက်လုပ်ခဲ့သော ကျောင်းပင်ဖြစ်သည်။ ခေါင်းလောင်းစာများအရကျောင်းတော်ကြီးကို (၁၂၅၀) ခုနှစ် နယုန်လပြည့်ကျော်(၅)ရက်တွင် ရေစက်ချသည်ဟု သိရသည်။

ကျောင်းတော်ကြီးမှာ ပုံစံဆန်းသစ်ပြီး အလျား ၈၅ ပေ၊ အနံ ၅၅ ပေရှိကာ မြေစိုက်တိုင်လုံးရေပေါင်း ၁၆၇ လုံးဖြင့်တည်ဆောက်ထားသည်။ ကျောင်းတော်ကြီးမှာ ဘုံအဆင့်ဆင့်ဖြင့် အထွတ်တင်ပူဇော်ထားပြီး လက်ရာမြောက် ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသည်။

ကျောင်းတော်ကြီး၏ ထူးခြားချက်မှာ ပြတင်းတံခါးများကို ဘဲဥပုံသဏ္ဌာန်ဖောက်လုပ်ထားခြင်းပင်ဖြစ်သည်။ ကျောင်းတော်ပေါ်တက်ရောက်သည့် မင်္ဂလာလှေကားမှအစ အမြင်ဆန်းသော ကျောင်းတော်ကြီးပင်ဖြစ်သည်။ ကျောင်းမြောက်ဘက်ပိုင်း အရှေ့မင်္ဂလာလှေကားတွင် လက်ရာမြောက်ခြင်္သေ့ပုံများထုလုပ်ထားပြီး အနောက်မင်္ဂလာလှေကားတွင် နဂါးမောင်နှံပုံများကို လက်ရာမြောက်စွာ ထုဆစ်ထားသည်။

ကျောင်းတောင်ဘက် အရှေ့မင်္ဂလာလှေကားတွင် ခြင်္သေ့သားငယ်နှစ်ကောင် ထားရှိသည်။ ကျွန်းသစ်များဖြင့်ပင် မျက်နှာကြက်အသွင်ပြုလုပ်ထားပြီး အကာအရံများနှင့် ကျွန်းတိုင်ကြီးများကိုလည်း မှန်စီရွှေချထားသည်ကို မြင်တွေ့နိုင်သည်။

ကျောင်းအတွင်းရှိ ဆင်းတုတော်မှအစ ပလ္လင်တော်အဆင့်ဆင့်တွင် ထုဆစ်ထားသည့် နတ်နဂါး၊ တိုးနယား၊ ဇော်ဂျီ၊ ယက္ခဘီလူး၊ ဂဠုန်၊ ကျေးငှက်၊ ပုတ်သင်တို့မှအစ ဝါစိမ်းနီပြာခရမ်းရောင်များပါရှိသော မှန်များဖြင့် မှန်စီရွှေချပြုလုပ်ထားသည်။ ကျောင်းတော်ကြီးအတွင်းတွင် ရှေးဟောင်းလက်ရာကျွန်းသေတ္တာများနှင့်အတူ အခြားလက်ရာမြောက် အနုပညာလက်ရာများကို လေ့လာနိုင်သည်။

လက်ရှိကာလတွင် ရွှေရန်ပြေ ရှေးဟောင်းလက်ရာမြောက် သစ်သားကျောင်းကြီးကို နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# သင်္ကြန်အပြီး စားသောက်ကုန်ဈေးနှုန်းများတည်ငြိမ်၍ ဈေးများတွင် ဈေးဝယ်သူများဖြင့်စည်ကား



**မန္တလေး ဧပြီ ၁၉**
မန္တလေးမြို့တွင် သင်္ကြန်အပြီး ဆန်လက်လီလက်ကားဈေးကွက်တွင် ဆန်ကြမ်း ဇီယာဆန်အမျိုးအစားများ ဈေးကျဆင်းလာသောကြောင့် ရောင်းအားပြန်လည်မြင့်တက်လာပြီး အရည်အသွေးမြင့် ရွှေဘိုမနော၊ မဂျမ်းတော၊ ပေါ်ဆန်းမွှေးအမျိုးအစားများမှာ အိတ်အလိုက် ဈေးနှုန်းများမြင့်တက်ခြင်းမရှိသောကြောင့် ပုံမှန်ရောင်းအားတွင်လျက်ရှိကြောင်း ဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။

ပုသိမ်ကြီး၊ အမရပူရမြို့နယ်များတွင် စိုက်ပျိုးသော မနောသုခမှာ တစ်အိတ်ကျပ် ၂၄၀၀၀ ခန့်ရှိသည်။ ပြည်ပသို့ထွက်သော Export လမ်းကြောင်းများလည်း ပိတ်လျက်ရှိသဖြင့် နွေစပါးများလည်း ထွက်လျက်ရှိရာ မနောသုခတစ်အိတ်ကျပ် ၂၃၀၀၀ အထိ ဈေးကျဆင်းလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှဝင်ရောက်သော ပေါ်ဆန်းမွှေးတစ်အိတ်ကျပ် ၃၂၀၀၀၊ ဆင်းသွယ်မွှေးတစ်အိတ်ကျပ် ၃၂၀၀၀ နှင့် ရွှေဘိုမနောသုခတစ်အိတ်ကျပ် ၃၃၀၀၀၊ မဂျမ်းတောကျပ် ၃၆၀၀၀ ဝန်းကျင်ဈေးရှိသည်။ စားအုန်းဆီ အဝင်နည်းသဖြင့် တစ်ပိဿာလက်လီကျပ် ၂၀၀၀ ဝန်းကျင်ရှိပြီး ပဲဆီသန့်တစ်ပိဿာ ၅၂၀၀ ရှိသည်။

ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှဝင်ရောက်သော ဟင်းရွက်ဆီ 1kg ကျပ် ၁၈၀၀ ခန့်ဈေးရှိသည်။ စားသောက်ကုန်ဈေးကွက်တွင် ဗမာကြက် တစ်ပိဿာကျပ် ၉၀၀၀၊ စီပီမွေးမြူရေးကြက်တစ်ပိဿာကျပ် ၇၀၀၀၊ ဆိတ်သားတစ်ပိဿာကျပ် ၁၃၀၀၀၊ အမဲသားတစ်ပိဿာကျပ် ၁၂၀၀၀၊ ဝက်သားတစ်ပိဿာကျပ် ၈၀၀၀ ဝန်းကျင်ရှိပြီး မန္တလေး သီရိမန္တလာဈေး ငါးဒိုင်များသို့ ရန်ကုန်မှ ရေခဲရိုက်မွေးမြူရေးငါးများနှင့် ပင်လယ်ငါးများ၊ ပုစွန်များ အဝင်များလာသည်။ ငါးမြစ်ချင်းတစ်ပိဿာကျပ် ၆၀၀၀၊ မြစ်ငါးတစ်ပိဿာ ကျပ် ၈၀၀၀ ဈေးရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ထုံးရေပေါက်ကျေးရွာ၌ ရူဝံကြယ် စာကြည့်တိုက်ဖွင့်

**မိုးကောင်း ဧပြီ ၁၉**
မိုးကောင်းမြို့နယ် ထုံးရေပေါက်ကျေးရွာ၌ ‘ရူဝံကြယ်’ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၈ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါစာကြည့်တိုက်သည် ကျေးရွာနေပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၂၃၀၀၀၀ အကုန်အကျခံကာ အလျား ၂၄ ပေ၊ အနံ ၁၈ပေနှင့် အမြင့် ၁၂ ပေ ရှိ သွပ်မိုးအုတ်ညှပ် ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာကြည့်တိုက်သုံး ပရိဘောဂများ ဝယ်ယူရန် ငွေကျပ်ငါးသိန်း ထောက်ပံ့လှူဒါန်းထားကြောင်းနှင့် လမ်းပျောက်သူများအား လမ်းမှန်ကို ရောက်စေနိုင်ရန်ညွှန်ပြပေးသည့် သင်္ကေတဖြစ်ခြင်းကြောင့် စာပေလမ်းမှန်ကိုသိရှိနိုင်ရန် အသိပညာများပေးစွမ်းနိုင်မည့် ‘ရူဝံကြယ်’ အမည်ဖြင့် စာကြည့်တိုက်အား အမည်ပေးထားကြောင်း စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# သင်္ကြန်အပြီး မန္တလေးဘူတာကြီးတွင် ခရီးသွားများပြား

**မန္တလေး ဧပြီ ၁၉**
သင်္ကြန်အပြီးကာလ မန္တလေးဘူတာကြီးတွင် အနယ်နယ်အရပ်ရပ်သို့ပြန်ကြမည့် ခရီးသွားများ အထူးများပြားလျက်ရှိရာ မြန်မာ့မီးရထားကခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူးရထားများ ပြေးဆွဲခြင်း၊ RBE ရထားများပြေးဆွဲခြင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ရထားတွဲဆိုင်းများ တိုးချဲ့ပြေးဆွဲခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သင်္ကြန်အပြီး ခရီးသွားပြည်သူများ ရထားလက်မှတ်အဆင်ပြေစွာဝယ်ယူနိုင်ရေးအတွက် မန္တလေးဘူတာကြီးပထမထပ်လက်မှတ်ရုံတွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ အထက်တန်းလက်မှတ်များအတွက် သုံးရက်ကြိုနှင့် ရိုးရိုးတန်းလက်မှတ်များအတွက် တစ်ရက်ကြိုခရီးသွားမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ တန်းစီဝယ်ယူစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ ရထားလက်မှတ်မှောင်ခိုပပျောက်စေရေးအတွက် ရထားရဲတပ်ဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ**



# ရှမ်းပြည်နယ်အစိုးရအဖွဲ့ သက်ကြီးပူဇော်ပွဲကျင်းပ

**တောင်ကြီး ဧပြီ ၁၉**
ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ (၁၃၇၉ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ ရက် ညနေ ၃ နာရီက အဘိုး၊ အဘွား သက်ကြီးပူဇော်ပွဲကျင်းပရာ ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဇနီးဒေါ်နန်းရွှေမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကန်တော့ခံအဘိုး၊ အဘွားများ တက်ရောက်ကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ကြပြီး ပူဇော်ကန်တော့ငွေများ လှူဒါန်းကြသည်။ ထို့နောက် အဘိုး၊ အဘွားများကိုယ်စား ရှမ်းရိုးမဘိုးဘွားရိပ်သာမှ အသက် ၈၈ နှစ်ရှိ အဘွားဒေါ်သင်းမြိုင်က ဆုတောင်းမေတ္တာပို့သပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့သည် တောင်ကြီးမြို့မှ ညောင်ရွှေမြို့ရှိ ကန်တော်ကန်၌ ငါးဖိန်းကောင်ရေ ၃၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၃၀၀၀ တို့ကို လွှတ်ပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဝိုင်းမော် ဧပြီ ၁၉**
ဝိုင်းမော်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအချို့တွင် နေအိမ်များ ပြိုကျပျက်စီးပြီး အိုးအိမ်မဲ့ဖြစ်ပွားခဲ့ခြင်းကြောင့် အဆိုပါ ဒေသခံများအတွက် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးမင်းသိန်းက ဝိုင်းမော်မြို့နယ်အတွင်းရှိ မန်တောင်ကျေးရွာနေ အိမ်ထောင်စု ၃၁ စု လူဦးရေ ၁၆၇ ဦး၊ ခဝမ်းကျေးရွာနေ အိမ်ထောင်စုရှစ်စု လူဦးရေ ၄၃ ဦးအတွက် တစ်ဦးလျှင် တစ်ရက် ၃၀၀ ကျပ်နှုန်းဖြင့် ငွေကျပ် ၄၄၁၀၀၀ ကျပ်၊ အိမ်ထောင် ၃၉ စုသို့ နေအိမ်ပြန်လည်ပြင်ဆင်နိုင်ရန် ထောက်ပံ့ငွေကျပ် ၃၉ သိန်း၊ ကယ်ဆယ်ရေးပစ္စည်း ၃၂ မျိုးပါ ပစ္စည်းစုံပုံး ၃၉ ပုံး၊ သွပ် ၇၁၁ ချပ်တို့အား ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇယ်ခေါင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီတို့ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဧပြီ ၁၉ ရက်တွင် လေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပစ္စည်းများ ထပ်ဆင့်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**